# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဇူလိုင် ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


## ကပ်ငြိတွယ်တာမှုမရှိ

လာကြကုန်လော့(ရတနာခုနစ်ပါးဖြင့်) ဆန်းကြယ်သော မင်းစီးရထားလျှင် ဥပမာရှိသော(အဝတ်တန်ဆာတို့ဖြင့်) ဆန်းကြယ်သော ဤခန္ဓာငါးပါးတည်းဟူသော လောကကို ရှုကြကုန်လော့။ ယင်းလောက၌ မိုက်သူတို့သည် ခန္ဓာငါးပါး၌ နစ်မြုပ်ကုန်၏။ ပညာရှိတို့အား ခန္ဓာငါးပါး ကပ်ငြိတွယ်တာမှုသည်မရှိ။

လောကဝဂ်(ဓမ္မပဒ-၁၇၁)


၁၃၇၈ ခုနှစ် တပေါင်းလပြည့်ကျော် ၇ ရက် တနင်္ဂနွေနေ့။ Sunday, 19 March 2017 (၈၈၇၀)




## ပြည်သူ့အတွက် ပထမတစ်နှစ်တာ အချပ်ပိုပါရှိ

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် မန္တလေးတိုင်းဒေသကြီးတို့၏ ပထမတစ်နှစ်တာကာလအတွင်း ဆောင်ရွက်ချက်များကို အချပ်ပို (၈)မျက်နှာဖြင့် ဖော်ပြထားပါသည်။



## အစိုးရသစ်လက်ထက် ကချင်ပြည်နယ်အတွင်း ပထမဆုံးဖြစ်သည့် မလိခတံတား(မချမ်းဘော့)ဖွင့်လှစ်


စာမျက်နှာ » ၅


# ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးနဲ့ ပြည်သူတွေရဲ့ လူနေမှုဘဝ အဆင့်အတန်းတိုးတက်မြင့်မားရေးတို့ကို အကောင်အထည်ဖော်ဆောင်ရွက်နေ

နိုင်ငံတော်သမ္မတ ဦးထင်ကျော်က (၄၃)နှစ်မြောက် မွန်ပြည်နယ်နေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာ

၂၀၁၇ ခုနှစ်၊ မတ်လ ၁၉ ရက်

**ချစ်ခင်လေးစားအပ်ပါသော မွန်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံး မင်္ဂလာပါခင်ဗျား-**

ဒီနေ့ မတ်လ ၁၉ ရက်နေ့မှာ ကျရောက်တဲ့ (၄၃)နှစ်မြောက် မွန်ပြည်နယ်နေ့ အခမ်းအနားကို ဂုဏ်ပြုသဝဏ်လွှာပေးပို့ခွင့်ရတဲ့အတွက် များစွာဂုဏ်ယူဝမ်းမြောက်မိပါတယ်။ ဒီကနေ့ဟာ မွန်ပြည်နယ်အတွင်း မှီတင်းနေထိုင်ကြတဲ့ တိုင်းရင်းသားညီအစ်ကို မောင်နှမများရဲ့ နေ့ထူးနေ့မြတ်အဖြစ် အသိအမှတ်ပြုထားတဲ့ ကျက်သရေမင်္ဂလာအပေါင်းနဲ့ ပြည့်စုံတဲ့ မွန်ပြည်နယ်နေ့ ဖြစ်ပါတယ်။ မွန်ပြည်နယ်အတွင်း နေထိုင်ကြတဲ့ တိုင်းရင်းသားများအားလုံး၊ ပြည်ထောင်စုဖွားတိုင်းရင်းသားများအားလုံး ကောင်းကျိုးချမ်းသာ မင်္ဂလာအဖြာဖြာနှင့် ပြည့်စုံပါစေကြောင်းလည်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။


စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖


# ရုပ်ရှင်တွေကပြောတဲ့ ယဉ်ကျေးမှုအဆင့်အတန်း၊ သမိုင်းကြောင်း၊ လူမှုတန်ဖိုးတွေဟာ လူ့သမိုင်းနဲ့ထပ်တူ ကျန်ရစ်နေတာဖြစ်

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ၂၀၁၆ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာ

၂၀၁၇ ခုနှစ်၊ မတ်လ ၁၈ ရက်

**ချစ်ခင်လေးစားရပါသောအနုပညာရှင်၊ အတတ်ပညာရှင်၊ ရုပ်ရှင်လောကသားများနဲ့ ဧည့်သည်တော်များရှင်-**

ဒီနေ့ ကျင်းပပြုလုပ်တဲ့ အခမ်းအနားကို ကိုယ်တိုင်ကိုယ်ကျ မလာရောက်နိုင်တဲ့အတွက် တောင်းပန်စကားဆိုရင်း ၂၀၁၆ ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ကြွရောက်အားပေးလာကြပါသော ဧည့်သည်တော်များ၊ အနုပညာရှင်များ၊ အတတ်ပညာရှင်များ၊ ရုပ်မြင်သံကြားဖန်သားပြင်ပေါ်က ကြည့်ရှုအားပေးနေကြတဲ့ ရုပ်ရှင်ချစ်ပရိသတ်များအားလုံး မင်္ဂလာအပေါင်းခညောင်းပြီး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။

စာပေ၊ ရုပ်ရှင်၊ဂီတ၊ သဘင်၊ သုခုမဆိုတဲ့ အနုပညာတွေဟာ လူ့အဖွဲ့အစည်းတိုင်းကို လွှမ်းမိုးမှု၊ ဩဇာသက်ရောက်မှု ကြီးကြီးမားမားရှိနေတဲ့ ပညာရပ်တွေဆိုတာ အားလုံးအသိပဲ ဖြစ်ပါတယ်။ အထူးသဖြင့် ရုပ်ရှင်အနုပညာ လက်ရာတွေဟာ နှစ်ပေါင်းများစွာ ဂန္ထဝင်တွင်ရစ်ခဲ့တဲ့အထိ


စာမျက်နှာ ၃ ကော်လံ ၁ သို့ ✳





၂၀၁၆ ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲ၌ ထူးချွန်ဆုရရှိကြသူများ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။


**ရွှေပြည်နန်း** သနပ်ခါး

ညောင်းညာကိုက်ခဲအတွက်ဆို ထိပ်တန်း၊ ရွှေပြည်နန်းရတနာကိုးသွယ်ရဲ့ အစွမ်း



ဆရာစသောင်း(ရမည်းသင်း)

ကျွန်တော်ဟာ နေ့စဉ်သတင်းစာတွေမှာ သတင်းနှင့် ဆောင်းပါးတွေ မြန်မာ့အသံရေဒီယိုမှာလည်း ပြဇာတ်တွေကို ဆရာသောင်း(ရမည်းသင်း)အမည်နဲ့ ရေးနေပြီး မြို့မ(ရမည်းသင်း) တေးဂီတအဖွဲ့တွေ မှာလည်း ပင်တိုင်တေးသံရှင်ဖြစ်ပါတယ်။ ကံဆိုးချင်တော့ အသက်(၆၀)လောက်မှာ ရုတ်တရက်လေဖြန်း သွားပါလေရောဗျာ၊ ညာဘက်တစ်ခြမ်းက အကြောတွေကပ်သွားပြီး ဆရာဝန်နဲ့ အချိန်မီ ကုသလိုက်လို့ လေဖြတ် မသွားပေမယ့် ခြေလက်တွေထုံကျင်၊ အဆစ်အမြစ်တွေကိုက်ခဲပြီး သီချင်းဆိုဖို့ဝေလာဝေး ကျူရှင်ကလည်းမပြနိုင် စာလည်းကောင်းကောင်းမရေးနိုင်တော့ကြောပါပြီ။ ဒါပေမယ့် ကံကောင်းချင်တော့ မန္တလေးမှာနေပြီး ဆေးပစ္စည်းနဲ့ အလုပ်ဆိုင်ဖွင့်ထားတဲ့ တပည့်မလေးတစ်ယောက်က ကျွန်တော့်အိမ်ကို ရောက်လာပြီး **"ဆရာ၊ ရွှေပြည်နန်း ရတနာကိုးသွယ်သနပ်ခါးဟာ သမီးတို့ဆိုင်မှာ ရောင်းအား အကောင်းဆုံးပါပဲဆရာ၊ လေဖြန်းတာ၊ လေဖြတ် တာ၊ လေးဘက်နာရောဂါနဲ့ အဆစ်အမြစ် ကိုက်ခဲတာတွေကို အမြန်ဆုံးပျောက်ကင်းတယ်"** လို့ပြောပြီး ဆေးဘူးတွေ နှိုးချ ကန်တော့သွားပါတယ်၊ ကျွန်တော်လည်းအားရဝမ်းသာစွာဖြင့် "ရွှေပြည်နန်းရတနာကိုးသွယ်သနပ်ခါး"ကိုညအိပ်ယာဝင်တိုင်းလိမ်းအိပ်လာ လိုက်တာ ဆေးတစ်ဘူးမကုန်ခင်မှာဘဲ အပြောင်းအလဲ၊ အကိုက်အခဲတွေလည်း သက်သာလာပါတယ်၊ အရင်ကစံစားခဲ့ရတဲ့ ဝေဒနာ တွေလည်း အမြစ်ပြတ်သလိုပျောက်သွားတာကြောင့် အခုဆိုရင် ကျွန်တော်ဟာ ကျူရှင်လည်းပြနိုင်ပြီ၊ စာလည်းရေးနိုင်ပြီ၊ သီချင်းလည်းဆိုနိုင်ပြီမို့ ကျေးဇူးကမ္ဘာပါ ရွှေပြည်နန်းလေးနဲ့ ရွှေမန္တလေးက တပည့်မလေးရေ... **"မြန်မာ့ထိပ်တန်း ရွှေပြည်နန်း ရွှင်လန်းချမ်းမြေ့နိုင်ပါစေ"** လို့လည်း ဆုမွန်ကောင်းတောင်းပေးလိုက်ပါတယ်...

ဆရာစသောင်း(ရမည်းသင်း)အလီမွာပန်းများလန်းရာမြေ၊ မြို့မရပ်ကွက်ကြီး၊ ရမည်းသင်းမြို့။



ထပ်ဆင့်ထောက်ခံအပ်ပါသည်
ဒေါ်တင်နွဲ့ရီ၊ ရွှေမိုးငွေမိုးဖိနပ်ဆိုင်၊ မြို့မဈေး၊ ရမည်းသင်းမြို့။

(ရွှေပြည်နန်း သနပ်ခါးသုံးစွဲခြင်းကြောင့် ရရှိသောအကျိုးကျေးဇူးများနှင့် ပတ်သက်၍ ကိုယ်တိုင်ကြုံတွေ့ရသော ဖြစ်ရပ်များကို အခြေခံပြီး (စာမျက်နှာ ကန့်သတ်ချက်မရှိ) နေရပ်လိပ်စာအပြည့်အစုံ၊ ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ဖြင့် (အမှတ်-၅၃၁ (B)၊ မိုးကုတ်လမ်းသွယ်၊ စက်မှုဇုန် (၁)၊ တောင်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့)သို့ လိပ်မူပြီးရေးသား ပေးပို့နိုင်ပါကြောင်း လေးစားစွာဖြင့် ဖိတ်ခေါ်အပ်ပါသည်)

❖ **ရှေ့ဖုံးမှ**

၁၉၄၈ ခုနှစ် လွတ်လပ်ရေးရပြီး ပြည်ထောင်စုဖွဲ့စည်းပုံမှာ တနင်္သာရီတိုင်းအတွင်း လက်ရှိမွန်ပြည်နယ်နဲ့ ကရင်ပြည်နယ်တို့ ပါဝင်ခဲ့ကြပါတယ်။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်မှာ မွန်တိုင်းရင်းသားခေါင်းဆောင်များရဲ့ အမြော်အမြင်ကြီးမားမှုပေါ် အခြေခံပြီး ၁၉၇၄ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာမှာ "မွန်ပြည်နယ်" သတ်မှတ်ဖြစ်တည်ရေးကို စတင်ခဲ့ပါတယ်။ "မွန်ပြည်နယ်" လို့ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းမှာ စတင်ကမ္ပည်းတင်ရေးသားခဲ့တဲ့ ၁၉၇၄ ခုနှစ်၊ မတ်လ ၁၉ ရက်နေ့ကို မွန်ပြည်နယ်နေ့အဖြစ် သတ်မှတ်ကာ အထိမ်းအမှတ်အခမ်းအနားများ နှစ်စဉ်ကျင်းပလာခဲ့တာဟာ ဒီကနေ့ဆိုရင် (၄၃)နှစ်မြောက် ရှိပြီဖြစ်ပါတယ်။

သမိုင်းကြောင်းကို ပြန်ကြည့်မယ်ဆိုရင်လည်း လွတ်လပ်ရေးရပြီးချိန်ကစပြီး မြန်မာ့လူ့ဘောင်အဖွဲ့အစည်းအတွင်း ကြုံတွေ့ခဲ့ရတဲ့ နိုင်ငံရေးပဋိပက္ခတွေကို အခြေခံတဲ့ ရိုက်ခတ်မှုများကတစ်ဆင့် ခါးသီးတဲ့ အတွေ့အကြုံတွေကို ကြုံတွေ့ခဲ့ရပါတယ်။ ပဋိပက္ခတွေ ဆယ်စုနှစ်များစွာ ဖြစ်ပေါ်ခဲ့တဲ့အတွက် မြန်မာနိုင်ငံရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အဘက်ဘက်မှာ အိမ်နီးချင်းနိုင်ငံများထက် နောက်ကျခဲ့ရပါတယ်။ ယနေ့အချိန်အခါကာလမှာ အဲဒီခါးသီးတဲ့ အတွေ့အကြုံတွေကို သင်ခန်းစာရယူပြီး ပဋိပက္ခတွေချုပ်ငြိမ်းဖို့နဲ့ မိမိတို့နိုင်ငံတော်အတွင်း တိုင်းရင်းသားအားလုံး အတူတကွ ယှဉ်တွဲနေထိုင်နိုင်ဖို့ လက်တွဲဖော်ဆောင်ရမယ့် အချိန်အခါလည်းဖြစ်ပါတယ်။

ဒါကြောင့် လက်ရှိအစိုးရအနေနဲ့ တိုင်းရင်းသားပြည်သူအားလုံး နှစ်ပေါင်းကြာရှည်မျှော်လင့်တောင့်တခဲ့ကြတဲ့ အမျိုးသားပြန်လည်ရင်ကြားစေ့ရေးနဲ့ ပြည်ထောင်စုငြိမ်းချမ်းရေးကို ဆောင်ကြဉ်းပေးနိုင်ဖို့ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံကို အကောင်အထည်ဖော်ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။

ဒ့ါအပြင် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုဖြစ်ပေါ်ရေးကို ရှေးရှုပြီး လိုက်လျောညီထွေရှိမယ့် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးနဲ့ ပြည်သူတွေရဲ့ လူနေမှုဘဝအဆင့်အတန်းတိုးတက်မြင့်မားရေးတို့ကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်နေပါတယ်။ အဲဒီမူဝါဒလုပ်ငန်းစဉ်တွေ အောင်မြင်စေဖို့ အစိုးရ၊ လွှတ်တော်များ၊ နိုင်ငံရေးပါတီများ၊ နိုင်ငံရေးအင်အားစုများ၊ တပ်မတော်၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ အရပ်ဘက်လူ့အဖွဲ့အစည်းများနဲ့ ပြည်သူတစ်ရပ်လုံး ပါဝင်ကြိုးပမ်းဖော်ဆောင်ကြဖို့ အထူးလိုအပ်ပါတယ်။

မွန်ပြည်နယ်အတွင်းမှာရှိတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေနဲ့ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ကို ၂၀၁၂ ခုနှစ်မှာ ပြည်ထောင်စုအဆင့် လက်မှတ်ရေးထိုးနိုင်ခဲ့ကာ လက်ရှိမှာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များဟာ မွန်ပြည်နယ်အစိုးရအဖွဲ့နဲ့ လက်တွဲပြီး ဒေသအတွင်း ဘက်စုံဖွံ့ဖြိုးတိုးတက်ဖို့ ပူးပေါင်းဆောင်ရွက်နေတာကို သိရှိရတဲ့အတွက် များစွာဝမ်းမြောက်မိပါတယ်။ တိုင်းရင်းသားညီအစ်ကိုများအချင်းချင်း ရင်းနှီးပွင့်လင်းစွာနဲ့ ဆောင်ရွက်ခဲ့တဲ့ စားပွဲဝိုင်းဆွေးနွေးမှုတွေရဲ့ အကျိုးရလဒ်ကောင်းများအဖြစ် လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ စီးပွားရေး စတဲ့ ကဏ္ဍအသီးသီးမှာ ဖွံ့ဖြိုးတိုးတက်မှုတွေ ရရှိနေပြီဖြစ်ပါတယ်။ ထာဝရငြိမ်းချမ်းရေးရတဲ့အထိ တစိုက်မတ်မတ် ဆက်လက်ကြိုးစားဆောင်ရွက်ကြရမှာကိုလည်း အထူးအလေးဂရုပြုကြရမှာဖြစ်ပါတယ်။

မကြာသေးခင်ကလည်း ညီညွတ်သောတိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီ (UNFC) နဲ့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ ငြိမ်းချမ်းရေးကော်မရှင်တို့နဲ့ တွေ့ဆုံဆွေးနွေးမှုတွေ ပြုလုပ်ခဲ့ပါတယ်။ အပြုသဘောဆောင်ပြီး မွန်တိုင်းရင်းသားများအတွက် ငြိမ်းချမ်းရေးမျှော်လင့်ချက်တွေ ပိုမိုမြင့်မားလာစေတဲ့ အလားအလာကောင်းတွေ ရရှိခဲ့တဲ့အတွက် များစွာဝမ်းမြောက်ဝမ်းသာဖြစ်ရပါတယ်။ ဆက်လက်ပြီးလည်း နိုင်ငံတော်အစိုးရက အကောင်အထည်ဖော်ဆောင်ရွက်နေတဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်မှာ အပြည့်အဝ ပူးပေါင်းပါဝင်လာမယ်။ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံမှာ ခိုင်ခိုင်မာမာပါဝင်လာမယ်လို့ ယုံကြည်မျှော်လင့်ထားပါတယ်။

မြန်မာနိုင်ငံလွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းမှာ တက်ကြွစွာပါဝင်ခဲ့ကြသလို ငြိမ်းချမ်းရေးခရီးလမ်းကို သတ္တိရှိရှိ၊ အမြော်အမြင်ကြီးကြီးနဲ့ လျှောက်လှမ်းခဲ့ကြတဲ့ မွန်တိုင်းရင်းသားညီအစ်ကို မောင်နှမများအားလုံးအနေနဲ့ ရှေ့ဆက်ပြီး အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ ပြည်ထောင်စုငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အောင်မြင်ဖို့နဲ့ ပိုမိုကောင်းမွန်တဲ့ အနာဂတ်နိုင်ငံတော်တည်ဆောက်ရေးတွေမှာ စုစည်းချစ်ကြည်ညီညွတ်တဲ့ စွမ်းပကားနဲ့ ဝိုင်းဝန်းပူးပေါင်းပါဝင်ဆောင်ရွက်သွားကြပါ။ မိမိတို့ခေတ်အတွက်သာမက အနာဂတ်မှာပါ ပြည်ထောင်စုကြီး အေးချမ်းသာယာပြီး မွန်ပြည်နယ်ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းတည်ဆောက်သွားကြပါလို့ တိုက်တွန်းနှိုးဆော်ရင်း သဝဏ်လွှာပေးပို့အပ်ပါတယ်။

**(ပုံ) ထင်ကျော်**
**နိုင်ငံတော်သမ္မတ**

✱ **ရုပ်ရှင်မှ**

လူတိုင်းရင်ကို စွဲစွဲမက်မက် ဖြစ်စေနိုင်ပါတယ်။ အခု ၂၁ ရာစု ကမ္ဘာကြီးမှာ ရုပ်ရှင်ဇာတ်ကားတွေဟာ ဖျော်ဖြေရေးသက်သက် မဟုတ်တော့ဘဲ နိုင်ငံတွေရဲ့ ဆော့ဖ်ပါဝါအဖြစ် ရောက်ရှိလာနေပြီဖြစ်ပါတယ်။ ဒီလိုမျိုးနိုင်ငံတွေရဲ့ ပါဝါအဖြစ် ရောက်ရှိလာရခြင်းအကြောင်းရင်းကို ပြန်ပြီးလေ့လာကြည့်ရင် ယဉ်ကျေးမှု၊ ဆန်းသစ်မှု၊ တီထွင်ဖန်တီးမှု၊ အဆင့်အတန်းမြင့်မားမှု စတဲ့ ဝိသေသလက္ခဏာတွေကို တွေ့ရှိကြရမှာ ဖြစ်ပါတယ်။

ရုပ်ရှင်ဇာတ်ကားတွေ၊ ရုပ်ရှင်ဇာတ်ကားထဲက သရုပ်ဆောင်တွေ၊ စကားလုံးတွေ၊ အမူအရာတွေ၊ သတင်းစကားတွေဟာ သက်ဆိုင်ရာ လူ့အဖွဲ့အစည်းရဲ့ ကြွန်အင်လက္ခဏာတွေကို ကိုယ်စားပြုနေပြန်ပါတယ်။ ရုပ်ရှင်တွေက ပြောတဲ့ ယဉ်ကျေးမှုအဆင့်အတန်း၊ သမိုင်းကြောင်း၊ လူမှုတန်ဖိုးတွေဟာ လူ့သမိုင်းနဲ့ထပ်တူ ကျန်ရစ်နေတာ ဖြစ်ပါတယ်။ ရုပ်ရှင်ဇာတ်ကားတွေဟာ လူ့အဖွဲ့အစည်း၊ အထူးသဖြင့် လူငယ်လူရွယ်တွေအပေါ် အထူးပဲ ဩဇာကြီးမားတာကြောင့် ရုပ်ရှင်လောကသားတွေရဲ့တာဝန်ဟာ အလွန်ပဲကြီးပါတယ်။ ရုပ်ရှင်ဇာတ်ကားတွေထဲက ဇာတ်ကောင်တွေဟာ လူငယ်တွေရဲ့ စိတ်ကူးထဲက စံပြုပုဂ္ဂိုလ်တွေ ဖြစ်နေတတ်ပါတယ်။ ဇာတ်ကောင်တစ်ယောက်ရဲ့ သရုပ်ဆောင်ချက်၊ အမူအရာတစ်ကွက်ဆိုရင်ပဲ လူငယ်တွေရဲ့ စိတ်ထဲကို စွဲစွဲထင်ထင် နစ်ဝင်နေတတ်ပါတယ်။

အခုဆိုရင် ကျွန်မတို့နိုင်ငံဟာ ပြည်သူလူထုအတွက် အပြောင်းအလဲတွေကို အကောင်းမွန်ဆုံး ဆောင်ကြဉ်းနိုင်အောင် ကြိုးပမ်းဆောင်ရွက်နေပါတယ်။ ဒီလိုသမိုင်းဝင် အလှည့်အပြောင်း အခြေအနေမှာ အနုပညာရှင်တွေရဲ့ ပံ့ပိုးမှု အမှန်တကယ်ပဲ အရေးကြီးနေပါတယ်။ ပြောင်းလဲတယ်ဆိုတာ လူထုရဲ့စိတ်ဓာတ်ကို ပြောင်းလဲပစ်ရတာဖြစ်ပါတယ်။ စိတ်ဓာတ်တော်လှန်ရေးနဲ့ အပြောင်းအလဲကို ဖော်ဆောင်နေရတာလည်း ဖြစ်ပါတယ်။ ကျွန်မတို့ နိုင်ငံ၊ ကျွန်မတို့ ပြည်သူတွေအတွက် အနုပညာရှင်တွေရဲ့ တီထွင်ဖန်တီးမှု၊ ဆန်းသစ်တိုးတက်မှုတွေဟာ အရေးကြီးတဲ့ အချိန်အခါကို ရောက်ရှိနေပါပြီ။ လူ့အဖွဲ့အစည်းရဲ့ စိတ်ဓာတ်၊ အမူအကျင့်တွေကို ဆော့ဖ်ပါဝါတစ်ရပ်အနေနဲ့ အနုပညာရှင်တွေက ပြုပြင်ပြောင်းလဲပေးနိုင်စွမ်း ရှိပါတယ်။

ရွေးကောက်ပွဲတွေကတစ်ဆင့် ဒီမိုကရေစီလမ်းကြောင်းပေါ် ရောက်ရှိလာနိုင်ဖို့ ကျွန်မတို့ရဲ့ အနုပညာရှင်တွေ ကိုယ်ရောစိတ်ပါ အပင်ပန်းခံပြီး တက်တက်ကြွကြွ ပါဝင်လုပ်ဆောင်ပေးဆပ်ခဲ့မှုတွေအတွက်လည်း ကျွန်မတို့အစိုးရက လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်ရှိပါကြောင်း ယခုလို အခါအခွင့်သင့်ခိုက်မှာ အလေးအနက် ပြောကြားလိုပါတယ်။ ကျွန်မတို့ရဲ့ အနုပညာရှင်တွေအနေနဲ့ ကျွန်မတို့ အစိုးရ လက်ရှိကြိုးပမ်းဆောင်ရွက်နေတဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်၊ စီးပွားရေးတိုးတက်မှု၊ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေး ပန်းတိုင်တွေကို ပြည်သူတွေ လျှောက်လှမ်းရာမှာ များစွာအထောက်အကူ ပေးနိုင်ပါတယ်။ မြန်မာ့ရုပ်ရှင်လောကရဲ့ တိုးတက်မှုဟာ မြန်မာနိုင်ငံရဲ့ ယဉ်ကျေးမှုကို ကိုယ်စားပြုပြီး မြန်မာ့ရုပ်ရှင်လောကရဲ့ အဆင့်အတန်းမြင့်မားမှုဟာ ဒီနိုင်ငံ၊ ဒီပြည်သူတွေရဲ့ ဂုဏ်သိက္ခာကို ဖော်ညွှန်းနေပါတယ်။ ကျွန်မတို့နိုင်ငံ၊ ကျွန်မတို့တိုင်းရင်းသားတွေ၊ ကျွန်မတို့လူငယ်တွေအတွက် အားလုံးက အများကြီး ကြိုးပမ်းကြရဦးမှာ ဖြစ်ပါတယ်။ မတူကွဲပြားခြင်းတွေ ပိုမိုပြီး ကြီးမားလာ၊ ကျယ်ပြန့်လာခဲ့တဲ့ အခြေအနေတွေကို ကျွန်မတို့ ပြန်လည်ပေါင်းစည်းပေးနိုင်ဖို့ ကြိုးစားကြရဦးမှာ ဖြစ်ပါတယ်။ ခေတ်အဆက်ဆက် ပျောက်ဆုံးနေတဲ့ ညီညွတ်ရေးကို ပြန်လည်တည်ဆောက်နိုင်ဖို့ ကျွန်မတို့ ကြိုးစားကြရဦးမှာ ဖြစ်ပါတယ်။ မငြိမ်းချမ်းသေးတဲ့ နယ်မြေဒေသတွေမှာ နေရပ်စွန့်ခွာ တိမ်းရှောင်နေရရှာတဲ့ ပြည်သူတွေအတွက် (၂၁)ရာစုပင်လုံညီလာခံကို ကျွန်မတို့ အကောင်အထည်ဖော် ကြိုးပမ်းနေပါတယ်။ အိမ်နီးချင်းနိုင်ငံတွေမှာ အလုပ်မျိုးစုံ သိမ်းကျုံးလုပ်ကိုင်နေရတဲ့ ကျွန်မတို့ ပြည်သူတွေ အမိနိုင်ငံကို ပြန်လာပြီး ဂုဏ်သိက္ခာရှိရှိ နေထိုင်လုပ်ကိုင်နိုင်အောင် ကျွန်မတို့ ကြိုးပမ်းကြရဦးမှာ ဖြစ်ပါတယ်။

နိုင်ငံတော်အစိုးရဟာ ဒီတာဝန်တွေကို ထမ်းဆောင်ရမှာ မှန်ပါတယ်။ ကျွန်မတို့အစိုးရအနေနဲ့ ကြိုးပမ်းဆောင်ရွက်နေပါတယ်။ ဒီကနေ့ ပြောင်းလဲတိုးတက်နေတဲ့ ကမ္ဘာကြီးမှာ သဘာဝပတ်ဝန်းကျင်ကြီး ယိုယွင်းပျက်စီးလာနေသလို လူသားတွေရဲ့ စိတ်နေစိတ်ထားတွေ ယိုယွင်းပျက်စီးလာနေတာကို အကောင်းဆုံး ဘယ်လိုပြန်လည်ပြင်ဆင်မလဲဆိုတာကို နိုင်ငံတိုင်း နိုင်ငံတိုင်းက ကြိုးပမ်းဆောင်ရွက်နေကြပါတယ်။ ကျွန်မတို့နိုင်ငံမှာလည်း ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနဲ့ ထိုက်တန်တဲ့ အမျိုးသားညီညွတ်မှု၊ နိုင်ငံကြီးသားစိတ်ဓာတ်၊ နိုင်ငံကြီးသား အမူအကျင့်၊ နိုင်ငံကြီးသား ယဉ်ကျေးမှုတွေ အရှိန်အဟုန်နဲ့ ဖြစ်ထွန်းလာအောင် တစ်နိုင်ငံလုံး၊ တစ်မျိုးသားလုံး ကျရာအခန်းကဏ္ဍကနေ ကြိုးပမ်းသွားကြဖို့ လိုအပ်ပါတယ်။

ရုပ်ရှင်လောကသားတွေ အပါအဝင် စာပေ၊ ဂီတ၊ သဘင်၊ သုခုမ အနုပညာရှင်အားလုံးကို ကျွန်မအနေနဲ့ လေးလေးနက်နက် မေတ္တာရပ်ခံချင်တာ၊ အကူအညီတောင်းခံချင်တာရှိပါတယ်။ ကျွန်မတို့နိုင်ငံ၊ ကျွန်မတို့ ပြည်သူတွေ လိုလားတောင့်တနေတဲ့ ငြိမ်းချမ်းရေး၊ ညီညွတ်ရေးနဲ့ တိုးတက်ရေးကို ဝန်းရံပေးကြပါ။ ပြည်သူတွေကြားမှာ ခွဲခြားမှုတွေ၊ အမုန်းတရားတွေ ကင်းဝေးပြီး မေတ္တာတရားတွေ တိုးတက်ဖြစ်ပေါ်လာအောင်၊ အပတ်တကုတ်ကြိုးစားလိုစိတ်တွေ တိုးပွားလာအောင်၊ စာရိတ္တနဲ့ လုံ့လကို အခြေပြုပြီး နိုင်ငံတကာကို ရင်ပေါင်တန်းနိုင်အောင်၊ ကျွန်မတို့ နိုင်ငံအတွက် အရေးတကြီးလိုအပ်နေတဲ့ စိတ်ဓာတ်တော်လှန်ရေးကြီး အောင်မြင်ပြီးမြောက်အောင် တတ်နိုင်သမျှ၊ တတ်နိုင်တဲ့ဘက်က ပံ့ပိုးကူညီပေးကြပါလို့ အလေးအနက်ထား တိုက်တွန်းလိုပါတယ်။

နိဂုံးချုပ်အနေနဲ့ နှစ်တစ်ရာပြည့်တော့မယ့် ကျွန်မတို့ရဲ့ မြန်မာ့ရုပ်ရှင်နဲ့ ရုပ်ရှင်လောကသားများအားလုံး အစဉ်တိုးတက်ဆန်းသစ် အောင်မြင်နိုင်ပါစေကြောင်း၊ ကျွန်မတို့ရဲ့ မြန်မာ့လူ့ဘောင် အဖွဲ့အစည်းကို မြှင့်တင်ပေးနိုင်တဲ့ အနုပညာရှင်တွေဖြစ်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း သဝဏ်လွှာပေးပို့အပ်ပါတယ်။

**အောင်ဆန်းစုကြည်**
**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်**

# မြန်မာသတင်းမီဒီယာစာတမ်းဖတ်ပွဲကျင်းပ၊ စာတမ်းများကိုကိုးကားနိုင်ရန် စာအုပ်အဖြစ်ထုတ်ဝေမည်

**ရန်ကုန် မတ် ၁၈**

ယနေ့စာတမ်းဖတ်ပွဲသည် သတင်းမီဒီယာကောင်စီဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုစေမည့် လုပ်ငန်းစဉ်တစ်ရပ်ဟုမြင်ပါကြောင်း ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ယနေ့ နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့တော်ခန်းမ၌ ကျင်းပသည့် "မြန်မာသတင်းမီဒီယာစာတမ်းဖတ်ပွဲ"တွင် ပြောကြားသည်။**(ယာပုံ)**



စာတမ်းဖတ်ပွဲကို မြန်မာနိုင်ငံသတင်းမီဒီယာသမိုင်းကို လေ့လာသိရှိနိုင်စေရန်နှင့် သတင်းမီဒီယာကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ကျင်းပခြင်း ဖြစ်သည်။

စာတမ်းဖတ်ပွဲဖွင့်ပွဲကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ရန်ကုန်မြို့တော်ဝန် ဒေါက်တာမောင်မောင်စိုး၊ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ ဒုတိယဥက္ကဋ္ဌ(၁) ဦးအောင်လှထွန်း၊ ဒုတိယဥက္ကဋ္ဌ(၂) ဒေါက်တာမျိုးသန့်တင်နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

စာတမ်းဖတ်ပွဲတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ယခုကဲ့သို့ စာတမ်းဖတ်ပွဲကို ညီညာအောင်မြင်စွာ ကျင်းပနိုင်သည်ကို တွေ့ရသဖြင့် ဝမ်းသာပါကြောင်း၊ စာနယ်ဇင်းယာယီကောင်စီမှပေါ်ပေါက်ခဲ့သည့် သတင်းမီဒီယာကောင်စီ၏သက်တမ်းသည် သမိုင်းကြောင်းရှည်လျားမှုနည်းနေသေးသော်လည်း ဒီမိုကရေစီပြောင်းလဲမှုဖြစ်စဉ်နှင့် စာနယ်ဇင်းလွတ်လပ်ခွင့်သမိုင်းတွင် ပါဝင်ခဲ့ပါကြောင်း၊ သတင်းမီဒီယာကောင်စီ၏ ပြဋ္ဌာန်းချက်များမှ လုပ်ငန်းတာဝန်တစ်ခုဖြစ်သည့် စာတမ်းဖတ်ပွဲကို အောင်မြင်စွာ ဆောင်ရွက်နေသည်ကိုတွေ့မြင်ရသည့်အတွက် ဂုဏ်ယူပါကြောင်း၊ ယနေ့စာတမ်းဖတ်ပွဲသည် သတင်းမီဒီယာဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုစေမည့် လုပ်ငန်းစဉ်တစ်ရပ်ဟု မြင်ပါကြောင်း၊ သတင်းမီဒီယာကောင်စီအနေဖြင့် ပိုမိုပီပီသသဖော်ဆောင်ရင်း နောက်ထပ်စာတမ်းဖတ်ပွဲများကိုလည်း ယခုထက်မက ဆက်လက်ကျင်းပနိုင်ပါစေကြောင်း ပြောကြားသည်။

ရန်ကုန်မြို့တော်ဝန် ဒေါက်တာမောင်မောင်စိုးက သတင်းစာများသည် သမိုင်းကြောင်းမှတ်တိုင်များကိုပါ ဖော်ပြသည့်အတွက် အခွန့်ရှည်စေလိုကြောင်းနှင့် ယခုလို စာတမ်းဖတ်ပွဲများကိုလည်း ကြိုဆိုပါကြောင်း ဂုဏ်ပြုပြောကြားသည်။

မြန်မာသတင်းမီဒီယာ စာတမ်းဖတ်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးအုန်းကြိုင်က သတင်းသမားများ ကိုးကားနိုင်ရန် ယခုကျင်းပသည့် စာတမ်းဖတ်ပွဲမှ စာတမ်းများကို စာအုပ်အဖြစ် ထုတ်ဝေသွားရန် စီစဉ်ထားကြောင်း ပြောသည်။

စာတမ်းဖတ်ပွဲပထမနေ့တွင် ဒေါက်တာတင်လှိုင်(ဘိုးလှိုင်)က မြန်မာသတင်းမီဒီယာသမိုင်းမှ စိတ်ဝင်စားဖွယ် အချို့သောဖြစ်ရပ်များ စာတမ်း၊ ဟံသာဝတီ ဦးအုန်းကြိုင်က မြန်မာနိုင်ငံ သတင်းမီဒီယာသမိုင်းစာတမ်း၊ ဒေါ်သန်းမြင့်အောင်က ရန်ကုန်မြူနီစီပယ်လုပ်ငန်းအရွေ့များနှင့် အနာဂတ်ရန်ကုန်စာတမ်း၊ ဦးခင်မောင်လေး(ဖိုးသောကြာ) (ကိုယ်စား) ဦးကျော်စွာမင်းက မြန်မာနိုင်ငံသတင်းမီဒီယာအဖွဲ့အစည်းများသမိုင်း စာတမ်း၊ ဦးကျော်ရင်မြင့်က အထက်မြန်မာနိုင်ငံထုတ် သတင်းစာများ စာတမ်း၊ ဒေါက်တာမျိုးသန့်တင်က ကုန်းဘောင်ခေတ်မြန်မာ့ကြေးနန်းမီဒီယာစာ စာတမ်းများကို ဖတ်ကြားကြသည်။

**စာမျက်နှာ ၅ သို့** ✱

# ကိုယ်ကျိုးစီးပွား ကာကွယ်ရေးမူဝါဒအပေါ် ဂျီ-၂၀ ဘဏ္ဍာရေးဝန်ကြီးများနှင့် ဗဟိုဘဏ်ဥက္ကဋ္ဌများ ဆွေးနွေး




**ဘာလင် မတ် ၁၈**

ကမ္ဘာ့စီးပွားရေးမဟာမိတ်ထိပ်သီးနိုင်ငံ ၂၀ (ဂျီ-၂၀)၏ ဘဏ္ဍာရေးဝန်ကြီးများနှင့်ဗဟိုဘဏ်ဥက္ကဋ္ဌများသည် မတ် ၁၇ ရက်က ဂျာမနီနိုင်ငံအနောက်တောင်ပိုင်းရှိ ဘာဒန်-ဘာဒန်မြို့တွင် ကိုယ်ကျိုးစီးပွားကာကွယ်ရေးမူဝါဒနှင့် ပတ်သက်ပြီး သုံးနာရီကြာ တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း ယနေ့သတင်းများအရ သိရသည်။

အစည်းအဝေးတက်ရောက်သူအချို့က နိုင်ငံအချင်းချင်း စီးပွားရေးအကျိုးတူ ပူးပေါင်းဆောင်ရွက်ရာတွင် ကိုယ်ကျိုးစီးပွား ကာကွယ်ရေးမူဝါဒနှင့်ပတ်သက်ပြီး စိုးရိမ်ပူပန်မှုများရှိကြောင်း ပြောကြားခဲ့သည်။

နှစ်ရက်ကြာ ကျင်းပမည့်အစည်းအဝေးတွင် နိုင်ငံ့ခေါင်းဆောင်များအနေဖြင့် အမေရိကန်သမ္မတ ဒေါ်နယ်ထရန့် စတင်တာဝန်ထမ်းဆောင်ခဲ့သည့် ဇန်နဝါရီလကတည်းက ရင်ဆိုင်ခဲ့ရသည့် စီးပွားရေးစိန်ခေါ်မှုများနှင့်ပတ်သက်ပြီး ပွင့်လင်းစွာဆွေးနွေးရန် အခွင့်အလမ်းကောင်းများရရှိမည်ဖြစ်သည်။

ဘဏ္ဍာရေးဝန်ကြီးများနှင့် ဗဟိုဘဏ်ဥက္ကဋ္ဌများက လွတ်လပ်သော ကုန်သွယ်မှုကဏ္ဍကို မြှင့်တင်နိုင်ရန် ယခင်သဘောတူညီထားသည့် သဘောတူညီချက်များ ပြည့်ဝမှန်ကန်မှု ရှိ မရှိကို ပြန်လည်ဆွေးနွေးကြသည်။

ကမ္ဘာ့နိုင်ငံများ၏ အကျိုးစီးပွားဖြစ်ထွန်းအောင်မြင်မှုရရှိရန် လွတ်လပ်သောကုန်သွယ်မှုကဏ္ဍသည် အလွန်အရေးပါကြောင်း ဂျီ-၂၀အဖွဲ့ဝင် ဘဏ္ဍာရေးဝန်ကြီးများအား ဂျပန်ဘဏ္ဍာရေးဝန်ကြီး တာရိုအာဆိုက ထပ်လောင်းပြောကြားခဲ့သည်။

ထို့ပြင် လွတ်လပ်ပြီးမျှတသော ကုန်သွယ်မှုကဏ္ဍမြှင့်တင်ရန်နှင့် ကုန်ကျစရိတ်များကိုထိန်းညှိရန် အကောင်အထည်ဖော်ဆောင်ရမည့်လုပ်ငန်းများကို ဝန်ကြီးတာရိုအာဆိုက တိုက်တွန်းပြောကြားခဲ့သည်။ အချို့သောနိုင်ငံများက သွင်းကုန်များအပေါ် အခွန်တိုးမြှင့်ကောက်ခံနေသည့်အတွက် ထိုသို့ပြောကြားခြင်းဖြစ်သည်ဟု ၎င်းကဆိုသည်။

အစည်းအဝေးကျင်းပပြီးနောက် ထုတ်ပြန်ကြေညာမည့် ကြေညာချက်တွင် အဖွဲ့ဝင်နိုင်ငံအားလုံးက ကိုယ်ကျိုးစီးပွားကာကွယ်ရေးမူဝါဒအပေါ် ဆန့်ကျင်မှု ရှိ မရှိဆိုသည်ကို စောင့်ကြည့်ရမည်ဖြစ်ကြောင်း စီးပွားရေးစောင့်ကြည့်လေ့လာသူများက ဆိုသည်။ **အင်န်အိတ်ချ်ကေ။**

# ယီမင်ကမ်းလွန်တွင် ဆိုမာလီဒုက္ခသည်များလိုက်ပါလာသည့် ရေယာဉ်အား လေကြောင်းမှတိုက်ခိုက်၊ လူ ၃၀ ထက်မနည်းသေဆုံး

**ဒူဘိုင်း မတ် ၁၈**

ဆိုမာလီ ဒုက္ခသည်များစီးနင်းလိုက်ပါလာသော ရေယာဉ်တစ်စင်းသည် မတ် ၁၆ ရက်က ယီမင်ကမ်းလွန်၌ ခုတ်မောင်းနေစဉ် ရဟတ်ယာဉ်တစ်စင်းက ပစ်ခတ်တိုက်ခိုက်ခဲ့ခြင်းကြောင့် ရေယာဉ်ပေါ်ပါဒုက္ခသည်များအနက် လူ ၃၀ ထက်မနည်းသေဆုံးခဲ့ကြောင်း ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ အေဂျင်စီက ပြောကြားသည်။

ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ အေဂျင်စီ၏အစီအစဉ်ဖြင့် ဒုက္ခသည်များအား တင်ဆောင်လာသည့် ရေယာဉ်သည် ယီမင်မှ ဆူဒန်သို့ ဦးတည်သွားရာတွင် ဘက်အယ်လ်မန်ဒက်ဘ်ရေလက်ကြား၌ အပါချီအမျိုးအစား ရဟတ်ယာဉ်တစ်စင်း၏တိုက်ခိုက်မှုကို ခံခဲ့ရကြောင်း ဟူသီသူပုန်အဖွဲ့က ထိန်းချုပ်ထားသည့် ဟိုဒီဒက်ဒေသမှ ကမ်းခြေစောင့်တပ်ဖွဲ့အရာရှိ မိုဟာမက်အယ်-အယ်လေက ရိုက်တာသတင်းဌာနသို့ ပြောကြားသည်။

ဒုက္ခသည်များ၏ရေယာဉ်အား လေကြောင်းမှ တိုက်ခိုက်မှုကြောင့် ဒုက္ခသည်ဦးရေ ၃၀ ထက်မနည်း သေဆုံးသည်ဟု သတင်းရရှိကြောင်း ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး၏ အင်တာနက်စာမျက်နှာ၌ ဖော်ပြသည်။

အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (အိုင်စီအာရ်စီ)၏ ထုတ်ပြန်ချက်အရ သေဆုံးသူဦးရေ ၃၃ ဦးရှိကာ အခြား ၂၉ ဦးမှာ ထိခိုက်ဒဏ်ရာများရရှိပြီး အခြားခရီးသည်များမှာ ပျောက်ဆုံးနေသည်ဟု သိရသည်။

ယင်းတိုက်ခိုက်မှုအား မည်သည့်အဖွဲ့အစည်းက ပြုလုပ်ခဲ့ကြောင်းကိုမူ သိရှိရခြင်းမရှိသေးကြောင်း သတင်းတွင် ဖော်ပြသည်။

**ရိုက်တာ။**






# ရုရှားသိမ်းပိုက်ထားသော ဂျပန်ပိုင်ကျွန်းများတွင် အကျိုးတူစီးပွားရေးလုပ်ဆောင်ရန် ဆွေးနွေး

**တိုကျို မတ် ၁၈**

ရုရှားသိမ်းပိုက်ထားသော ဂျပန်ပိုင်ကျွန်းလေးကျွန်းပေါ်တွင် စီးပွားရေးလုပ်ငန်းများ အကျိုးတူလုပ်ဆောင်ရန် ဂျပန်နှင့်ရုရှားတာဝန်ရှိသူများက မတ် ၁၈ ရက်တွင် ဆွေးနွေးမှုများ စတင်ခဲ့ကြကြောင်း အင်န်အိတ်ချ်ကေသတင်းတစ်ရပ်အရ သိရသည်။

ဂျပန်ဒုတိယနိုင်ငံခြားရေးဝန်ကြီး တိုက်ကီရို အကီဘာနှင့် ရုရှားဒုတိယနိုင်ငံခြားရေးဝန်ကြီး မော်ဂူလော့ဗ်တို့သည် မတ် ၁၈ ရက်က ဂျပန်နိုင်ငံ တိုကျိုမြို့တွင် တွေ့ဆုံခဲ့သည်။

နှစ်နိုင်ငံ တာဝန်ရှိသူများအနေဖြင့် အဆိုပါကျွန်းများနှင့် ပတ်သက်ပြီး တရားဝင်ချမှတ်ထားသော ရပ်တည်ချက်များအပေါ် ဆွေးနွေးမှုများမပြုဘဲ ငြိမ်းချမ်းရေးစာချုပ်၏ အသီးအပွင့်များကို မျှဝေခံစားကြရန် ဆွေးနွေးမည်ဖြစ်ကြောင်း ဂျပန်ဒုတိယနိုင်ငံခြားရေးဝန်ကြီး တိုက်ကီရို အကီဘာက ဆိုသည်။

မော်စကိုအနေဖြင့် ကျွန်းများပေါ်တွင် ဂျပန်နိုင်ငံနှင့် စီးပွားရေးအကျိုးတူလုပ်ဆောင်ရန် အဆိုပြုချက်များကို ပြင်ဆင်ချမှတ်ပြီးဖြစ်သည်ဟု ရုရှားဒုတိယနိုင်ငံခြားရေးဝန်ကြီး မော်ဂူလော့ဗ်က ဆိုသည်။

ကျွန်းများပတ်ဝန်းကျင်၌ ရေနေသတ္တဝါများ ထိန်းသိမ်းမွေးမြူခြင်း၊ ခရီးသွားလာရေးလုပ်ငန်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုများ ကဲ့သို့သော စီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရန် ဂျပန်တာဝန်ရှိသူများက အဆိုပြုမည်ဖြစ်ကြောင်း သိရသည်။

ကျွန်းများတွင် ယခင်နေထိုင်ခဲ့သည့် ပြည်သူများအား ကျွန်းများသို့ ပြန်လည်လာရောက် လည်ပတ်ခွင့်ပြုရန် နည်းလမ်းကောင်းများ ဆွေးနွေးကြမည်ဖြစ်သည်။

ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးနှင့် ရုရှားသမ္မတ ဗလာဒီမာပူတင်တို့ ဒီဇင်ဘာလအတွင်း တွေ့ဆုံခဲ့စဉ်က ကျွန်းများနှင့်ပတ်သက်ပြီး အကျိုးတူပူးပေါင်းလုပ်ဆောင်ရန် သဘောတူညီခဲ့ပြီးနောက် ယခုအစည်းအဝေးကို ကျင်းပခြင်းဖြစ်သည်။

အဆိုပါကျွန်းများသည် ဂျပန်နိုင်ငံ၏ ဘိုးဘွားအမွေအနှစ်များဖြစ်ပြီး ဒုတိယကမ္ဘာစစ်ပြီးနောက် တရားမဝင်သိမ်းပိုက်ခြင်းခံခဲ့ရသည်ဟု ဂျပန်အစိုးရက ဆိုသည်။

**အင်န်အိတ်ချ်ကေ။**

# ပြင်သစ်နိုင်ငံ အော်လီလေဆိပ်၌ တပ်ဖွဲ့ဝင်ထံမှ သေနတ်လုကာ ရဲတစ်ဦးအား ပစ်ခတ်သူကို အသေပစ်ခတ်ဖမ်းဆီး

**ပါရီ မတ် ၁၈**

ပြင်သစ်နိုင်ငံ အော်လီလေဆိပ်တွင် တပ်ဖွဲ့ဝင်တစ်ဦးထံမှ သေနတ်လုယူကာ ကင်းလှည့်လုံခြုံရေး ရဲအရာရှိတစ်ဦးအား ပစ်ခတ်ခဲ့သူတစ်ဦးကို လုံခြုံရေးရဲအရာရှိများက သေနတ်ဖြင့် ပစ်ခတ်ဖမ်းဆီးခဲ့ရကြောင်း ရိုက်တာသတင်းတစ်ရပ်အရ သိရသည်။

အဆိုပါအကြမ်းဖက်သမားသည် လှည့်ကင်းဆောင်ရွက်နေသော ရဲတစ်ဦးအား စစ်သည်တစ်ဦးထံမှ ၎င်းလုယူခဲ့သည့် သေနတ်ဖြင့် ပစ်ခတ်ခဲ့ရာ လုံခြုံရေးအရာရှိမှာ ဒဏ်ရာအနည်းငယ်ရရှိခဲ့ကြောင်းနှင့် လုံခြုံရေးအရာရှိများက အဆိုပါအကြမ်းဖက်သမားအား သေနတ်ဖြင့်ပစ်ခတ်ဖမ်းဆီးခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက မတ် ၁၈ ရက်တွင် ပြောကြားခဲ့သည်။

သေဆုံးသွားသော တရားခံ၏ခန္ဓာကိုယ်ပေါ်တွင် အသေခံဗုံးခွံခါးပတ် ဝတ်ဆင်ထားသည်ကို မတွေ့ရှိရကြောင်း ပြည်ထဲရေးဝန်ကြီးဌာန ပြောခွင့်ရသူ ပဲရီဟန်နရီဘားနတ်က ရိုက်တာသတင်းဌာနသို့ ပြောကြားခဲ့သည်။

အဆိုပါအကြမ်းဖက်မှုကြောင့် အော်လီလေဆိပ်ရှိ လေကြောင်းခရီးစဉ်အချို့အား ချားဒီဂေါလေဆိပ်သို့ လွှဲပြောင်းပေးခဲ့ရသည်။ ယခုအကြမ်းဖက်မှုသည် ပြင်သစ်နိုင်ငံ၏ သမ္မတရွေးကောက်ပွဲမတိုင်မီ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ၂၀၁၅ ခုနှစ်တွင် ပါရီမြို့၌ အိုင်အက်စ်စစ်သွေးကြွများ၏ အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် လူအများအပြားသေဆုံးခဲ့ရသည်။ **ရိုက်တာ။**

# အစိုးရသစ်လက်ထက် ကချင်ပြည်နယ်အတွင်း ပထမဆုံးဖြစ်သည့် မလိခတံတား(မချမ်းဘော့) ဖွင့်လှစ်





မလိခတံတား(မချမ်းဘော့) ဖွင့်ပွဲအခမ်းအနားကျင်းပစဉ်။

**မချမ်းဘော့ မတ် ၁၈**

တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အခြေခံသည့်ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်နယ်/ပြည်မမခွဲခြားဘဲ တစ်ပြေးညီဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ချက်ဖြင့် အစိုးရသစ်လက်ထက် ကချင်ပြည်နယ်အတွင်း ပထမဆုံးဖြစ်သည့် မလိခတံတား (မချမ်းဘော့)ကို ယနေ့ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်သည်။

ယနေ့ဖွင့်လှစ်လိုက်သည့် မလိခတံတား(မချမ်းဘော့)သည် ကချင်ပြည်နယ် ပူတာအိုခရိုင် မချမ်းဘော့မြို့နယ် ပူတာအို-ဖရုခ-နောင်မွန်လမ်းပေါ်တွင် တည်ရှိပြီး ယခင်ကြိုးတံတားဟောင်းမှာ ကားငယ်များနှင့် ဆိုင်ကယ်များသာ အသုံးပြုနိုင်ပြီး သက်တမ်းကြာမြင့်လာ၍ ကြံ့ခိုင်မှုအားနည်းလာသဖြင့် တံတားပေါ်ဖြတ်သန်းအသုံးပြုသည့် ဒေသခံပြည်သူများ အန္တရာယ်များသည့်အတွက် ယခုတံတားသစ်ကြီးကို စံချိန်စံညွှန်းနှင့်အညီ ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန တံတားအထူးအဖွဲ့(၁)က တာဝန်ယူတည်ဆောက်ခဲ့ခြင်းဖြစ်သည်။

ယင်းတံတားသည် ကချင်ပြည်နယ်အတွင်း အဓိကအရေးပါသည့် လမ်းတစ်လမ်းဖြစ်သော အရှည် ၂၁၈ မိုင်ရှိ မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအိုလမ်းကိုလည်း ကတ္တရာ၊ ကွန်ကရစ်လမ်းအဖြစ် တစ်ဆက်တစ်စပ်တည်း ရာသီမရွေးသွားလာနိုင်ရေး လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကိုလည်း ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်သည့်အပြင် အဆိုးဆုံး ဗွက်တန်းခြောက်မိုင်ကိုလည်း အဆင့်မြင့်နည်းပညာအသုံးပြုလျက် အရည်အသွေးစံချိန်စံညွှန်းပြည့်မီအောင် အထူးအဖွဲ့၊ ခရိုင်အဖွဲ့နှင့် ကုမ္ပဏီများ ပူးပေါင်းလျက် လုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိကြောင်း။

ပြည်သူတစ်ရပ်လုံး၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မြင့်မားလာစေရေးအတွက် လမ်းများ၊ တံတားများ၊ အဆောက်အအုံများ၊ လေယာဉ်ကွင်းများနှင့် မြို့ပြဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိကြောင်း၊ မြို့ပြဒေသများသာမက ဝေးလံခေါင်ပါးသော ဒေသများပါ မကျန် အချိုးညီစွာဖွံ့ဖြိုးတိုးတက်ရေး လိုအပ်သည့် လမ်းသစ်များ၊ တံတားသစ်များကို ဆောင်ရွက်ပေးခြင်းအပြင် ရှိပြီးသားလမ်းတံတားများကိုပါ အဆင့်မြှင့်တင်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က ပြောကြားသည်။

၂၀၁၆ ခုနှစ် ဧပြီလမှ ၂၀၂၁ ခုနှစ် မတ်လအထိ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ပထမကာလတိုငါးနှစ်အတွင်း လမ်း၊ တံတားစီမံကိန်းလုပ်ငန်းကြီးများကို ပြည်နယ်နှင့်တိုင်းဒေသကြီးများတွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့်အပြင် ကချင်ပြည်နယ်အတွင်း နိုင်ငံတကာအကူအညီများ၊ လွှတ်တော်ကတိကဝတ်များ၊ BOT များဖြင့် လမ်းနှစ်လမ်းနှင့် တံတားအစင်း ၆၀ ကို တည်ဆောက်သွားမည်ဖြစ်ပြီး လမ်းမိုင် ၂၈၈၃ မိုင်နှင့် ခြောက်ဖာလုံ ဖောက်လုပ်ခြင်းနှင့် ပေ ၁၈၀ နှင့် အထက် တံတားကြီး ၉၁ စင်းကို တည်ဆောက်ပေးထားပြီးဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီးက ပြောကြားသည်။

မလိခတံတား(မချမ်းဘော့)ကို ဖွင့်လှစ်ပေးခြင်းအားဖြင့် နောင်မွန်မြို့နယ်၊ ပန်နန်းတင်မြို့နယ်၊ ဒဇွမ်ဒန်းမြို့နယ်အထိ ရာသီမရွေးဆက်သွယ်သွားလာနိုင်တော့မည်ဖြစ်သည်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် မချမ်းဘော့-ဖရုခ-နောင်မွန်လမ်းပေါ်ရှိ တံတားအမှတ်(၃/၄၄) ဘဘော့တံတား(ပေ၂၀၀)၊ တံတားအမှတ်(၃/၅၆) တဆာကြိုးတံတား(ပေ ၁၈၀)တို့ကို ဆက်လက်တည်ဆောက်သွားမည်ဖြစ်ကြောင်းနှင့် မလိခတံတား(မချမ်းဘော့)ကို တည်ဆောက်နိုင်ခဲ့ခြင်းအတွက် ပူတာအိုခရိုင်အတွင်း အချိန်တိုအတွင်းသယ်ယူပို့ဆောင်ရေးအတွက် အထောက်အကူပြုနိုင်ခဲ့ခြင်းကြောင့် ဒေသခံများ၏ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးတို့တွင် တိုးတက်လာပြီး ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်လာကာ ဆင်းရဲမှုလျှော့ချနိုင်ရေးအတွက်လည်း အထောက်အကူပြုနိုင်မည်ဖြစ်သည်။

မချမ်းဘော့တံတားဖွင့်လှစ်နိုင်ခဲ့ခြင်းသည် ပူတာအိုခရိုင်အတွင်းရှိ ပြည်သူများ၏ အောင်မြင်မှုဖြစ်ပြီး ဒေသခံပြည်သူများအနေဖြင့် မိမိပိုင် လမ်း/တံတားကဲ့သို့ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ရန်နှင့် သတ်မှတ်တန်ချိန်အတိုင်း သယ်ဆောင်မောင်းနှင် အသုံးပြုရန်လိုအပ်ကြောင်း ပြည်ထောင်စုဝန်ကြီးက ဆိုသည်။

မလိခတံတား(မချမ်းဘော့)သည် ကချင်ပြည်နယ် ပူတာအိုခရိုင် မချမ်းဘော့မြို့နယ် ပူတာအို-ဖရုခ-နောင်မွန်လမ်းပေါ်တွင်တည်ရှိပြီး တံတားအမျိုးအစားမှာအပေါ်ထည်ဘေလီကြိုးဆိုင်းတံတားနှင့် သံကူကွန်ကရစ်တံတားဖြစ်ပြီး ကိုယ်ထည်သံကူကွန်ကရစ်ကြိုးထိန်းခုံ၊ တာဝါတိုင်နှင့် ကမ်းကပ်ခုံတို့ဖြင့် တည်ဆောက်ထားခြင်းဖြစ်သည်။ တံတားအရှည်မှာ ပေ ၈၄၀နှင့် ယာဉ်သွားလမ်းအကျယ် ၁၃ ပေ ၉ လက်မဖြစ်ပြီး ယာဉ်တစ်စီးချင်းခွင့်ပြုအလေးချိန်မှာ ၂၀ တန်ဖြစ်သည်။

တံတားဖွင့်ပွဲအခမ်းအနားသို့ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် တာဝန်ရှိသူများ၊ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများနှင့် စီမံကိန်းဝန်ထမ်းများ၊ အသင်းအဖွဲ့အသီးသီးမှ ပုဂ္ဂိုလ်များ၊ ဒေသခံတိုင်းရင်းသားပြည်သူများနှင့် ရပ်မိရပ်ဖများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်း-နိုင်လင်းကြည်**
**ဓာတ်ပုံ-ရဲထွန်းမြတ်(ဆောက်လုပ်ရေး)**

# မောင်တောဒေသ စုံစမ်းစစ်ဆေးရေးကော်မရှင်အဖွဲ့ဝင်များ မောင်တောမြို့ဒေသခံများနှင့် တွေ့ဆုံ

**မောင်တော မတ် ၁၈**

မောင်တောဒေသ စုံစမ်းစစ်ဆေးရေးကော်မရှင်အဖွဲ့ဝင်များ ဖြစ်ကြသည့် ဦးအောင်နိုင်၊ ဦးစောသလေးစော၊ အထောက်အကူပြု အဖွဲ့ဝင်များဖြစ်ကြသည့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်သန်းသန်းဝင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာထားထားလင်းနှင့် မောင်တောခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲထွန်းတို့သည် မတ် ၁၈ ရက် နံနက် ၈နာရီ ၁၅ မိနစ်က ကျီးကန်းပြင်ဌာနချုပ်မှ မောင်တောဒေသ မြောက်ပိုင်း ပွင့်ဖြူချောင်းရွာသို့ ထွက်ခွာခဲ့ရာ နံနက် ၉ နာရီတွင် ရောက်ရှိကြသည်။



မောင်တောဒေသစုံစမ်းစစ်ဆေးရေးကော်မရှင်အဖွဲ့ဝင်များ ပွင့်ဖြူချောင်းကျေးရွာမှ ပြည်သူများနှင့် တွေ့ဆုံစဉ်။

ပွင့်ဖြူချောင်းရွာမှ အောက်တိုဘာဖြစ်စဉ်တွင် နေရပ်ကို ခေတ္တတိမ်းရှောင်၍ ပြန်လည်ရောက်ရှိလာကြသော မိသားစုများနှင့် တွေ့ဆုံ၍ မေးမြန်းဆွေးနွေးကြသည်။

အဖွဲ့ဝင်အဖြစ် လိုက်ပါလာကြသော လူမှုဝန်ထမ်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်သန်းသန်းဝင်းနှင့် ကျန်းမာရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာထားထားလင်းတို့သည် အမျိုးသမီးများနှင့် ကလေးသူငယ်များအား သီးခြားတွေ့ဆုံ၍ သိရှိလိုသည်များကို တွေ့ဆုံမေးမြန်းခဲ့ကြသည်။

ဆက်လက်၍ ကော်မရှင်အဖွဲ့ဝင်များသည် နံနက် ၁၀ နာရီ ၅ မိနစ်တွင် ပွင့်ဖြူချောင်းမှ ကျားခေါင်းတောင်ရွာသို့ ထွက်ခွာခဲ့ကြရာ နံနက် ၁၀ နာရီ ၁၅ မိနစ်တွင်ရောက်ရှိပြီး အခြေခံပညာ မူလတန်းလွန်ကျောင်းတွင် နေရပ်ကို ခေတ္တတိမ်းရှောင်၍ ပြန်လည်ရောက်ရှိလာကြသော မိသားစုများနှင့် အပြန်အလှန် ဆွေးနွေးခဲ့ကြသည်။ ယင်းနောက် ရေတွင်းကျွန်းရွာသို့ ရောက်ရှိပြီး ကျေးရွာသူ ကျေးရွာသားများနှင့်ဆွေးနွေးခဲ့ကြသည်။ ထို့နောက် စုံစမ်းစစ်ဆေးရေး ကော်မရှင်အဖွဲ့ဝင်များသည်မွန်းလွဲ ၁ နာရီခွဲတွင် ရေတွင်းကျွန်းရွာမှ ကျီးကန်းပြင်ဌာနချုပ်သို့ ပြန်လည်ထွက်ခွာလာခဲ့ကြသည်။

အဖွဲ့ဝင်အဖြစ် လိုက်ပါလာသည့် မောင်တောခရိုင် အုပ်ချုပ်ရေးမှူး ဦးရဲထွန်းသည် ပွင့်ဖြူချောင်း၊ ကျားခေါင်းတောင်နှင့် ရေတွင်းကျွန်းတို့မှ အောက်တိုဘာဖြစ်စဉ်တွင် ပါဝင်ပတ်သက်၍ ဘူးသီးတောင်အကျဉ်းထောင်၌ ဥပဒေကြောင်းအရ အကျဉ်းကျနေကြသော တရားခံများအား ယင်းတို့၏မိသားစုများမှ စိတ်ဒဏ်ရာသက်သာမှုရှိရေးအတွက် မတ် ၂၀ ရက်တွင် ထောင်ဝင်စာတွေ့ရှိနိုင်ရန် အသွား/အပြန်သယ် ယူပို့ဆောင်ရေးကိစ္စရပ်များကို အခမဲ့စီစဉ်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရှိရသည်။

**(စန်းလွင်ဦး)**

✻ စာမျက်နှာ ၃ မှ

မတ် ၁၉ ရက်ဒုတိယနေ့တွင် ဦးအောင်လှထွန်းက မြန်မာနိုင်ငံနှင့် နိုင်ငံတကာသတင်းမီဒီယာ စာတမ်း၊ ဦးချစ်နိုင်(စိတ်ပညာ)က သတင်းစာဆရာကောင်းဖြစ်နည်း စာတမ်း၊ ဒေါ်သင်းသင်းသာက မြန်မာသတင်းလောကနှင့် အမျိုးသမီးများ စာတမ်း၊ ဦးဟန်ညွန့်(ဦးဟန်ညွန့်-ဥပဒေ) က သတင်းမီဒီယာသမားများ သိထားသင့်သည့် ဥပဒေအချို့ စာတမ်း၊ ဒေါက်တာတင်ထွန်း(သထုံတင်ထွန်း)က နိုင်ငံရေးနှင့် သတင်းစာဆရာ၏ မဟာဗျူဟာရည်မှန်းချက်စာတမ်း၊ ဦးဇေယျနှင့် ဦးမျိုးကိုမျိုးတို့က မြန်မာမီဒီယာနှင့် မြန်မာနိုင်ငံရေး စာတမ်းတို့ကို ဖတ်ကြားကြမည်ဖြစ်ကြောင်း သိရသည်။

မတ် ၁၈ ရက်နှင့် ၁၉ ရက်တို့တွင် နှစ်ရက်တာကျင်းပမည့် စာတမ်းဖတ်ပွဲတွင် မြန်မာနိုင်ငံသတင်း မီဒီယာကောင်စီမှ စာတမ်း ၁၀ စောင်အပါအဝင် စုစုပေါင်းစာတမ်း ၁၂ စောင်ကို ဖတ်ကြားကြမည်ဖြစ်သည်။

စာတမ်းဖတ်ပွဲနှင့်အတူ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်း၊ စာအုပ်၊ ရုပ်သံထုတ်လွှင့်မှု စသည့်ပြခန်းပေါင်း ၆၀ ကျော်တို့က “စာနယ်ဇင်းဈေးရောင်းပွဲတော်” အဖြစ် ပါဝင်ပြသရောင်းချခဲ့ကြသည်။

**(သတင်းစဉ်)**

# ကျွန်မလက်ထပ်စာချုပ် ပြန်ပေးပါ

ဇော်ဝင်းဇင်

မော်လမြိုင်မြို့သည် နေလို့ကောင်းသောမြို့တစ်မြို့။ ပင်လယ်နှင့်နီးလို့ထင့်။ နွေဆိုလည်း သိပ်မပူ၊ ဆောင်းဆိုလည်း သိပ်မအေး၊ အဲ. . မိုးရာသီမှာတော့ ဘီလူးကျွန်းဘက်က မိုးသားမည်းမည်းတွေတက်လာပြီဆိုရင် ရွာပါတော့သည် တပြောပြော။ ညနေ လေးနာရီထိုးခါနီးပြီ။

တရားခွင်များတွင် အမှုစစ်ဆေးလျှောက်လဲချက်ပေးခဲ့ရသဖြင့် မော်လမြိုင်ရှေ့နေများအသင်း အနားယူခန်းထဲရှိ ကြိမ်ကုလားထိုင်ပေါ်တွင် မှိန်းရင်း နေ့လယ်ကတရားရုံးတွင် လှုပ်ရှားခဲ့သမျှ ပြန်စဉ်းစားနေမိသည်။

ခရိုင်တရားရုံးမှ တရားသူကြီးဒေါ်လွဲ့လွဲ့ဦးက တရားခွင်တွင် ပြုံးပြုံး ပြုံးပြုံးနှင့် ကိုယ်ခန္ဓာကြီးသလောက်သဘောထားကြီးသူဖြစ်၍ အမှုသည်များ၊ ရှေ့နေများနှင့်အဆင်ပြေသည်။ ဒေါ်သန္တာကျော်က သူအမှုစစ်လျှင် တရားခွင်တွင် ညံနေမြဲ။

မှိန်းလို့ကောင်းတုန်းရှိသေး. . .

ဆရာ ကျွန်မတိုင်စာတင်ချင်လို့ပါ။ ဘေးဘီကြည့်တော့လည်း ဘယ်သူမှမရှိ။ ဦးမြတ်ဟိန်းတို့ ဦးသိန်းဝင်းတို့လည်း ပြန်သွားပြီ။ စာရေး ကိုတင်ဖေလည်း လက်ဖက်ရည်ဆိုင်က ပြန်မလာသေး။ ဘာတိုင်စာလဲခင်ဗျာ၊ ကျွန်တော်ကြည့်လိုက်မယ်နော်။

မော်လမြိုင်သူပီသစွာ မွန်သွေးရောရာပါသော ဖြူဖြူချောချောမိန်းကလေးငယ်က စာရွက်ကမ်းပေးသဖြင့် ယူကြည့်မိပါသည်။

မော်လမြိုင်ရှေ့နေအသင်းဥက္ကဋ္ဌသို့ လိပ်မူပြီး အထဲမှာရေးထားတာကတော့ ထိုမိန်းကလေးနှင့် ၎င်း၏ခင်ပွန်းတို့ မွန်ပြည်နယ်တရား လွှတ်တော် တရားသူကြီးချုပ်ရှေ့တွင် ကျမ်းကျိန်လွှာပြုလုပ်၍ အကြင်လင်မယားအဖြစ်ပေါင်းသင်းခဲ့ကြောင်း၊ ခင်ပွန်းဖြစ်သူက လင်ဝတ္တရားမကျေပွန်၍ လင်မယားကွာရှင်းပေးစေလိုမှုကို မော်လမြိုင်ခရိုင်တရားရုံးတွင် တရားလွှတ်တော် ရှေ့နေကြီး ဦး---အားငှားရမ်း၍စွဲဆိုခဲ့ကြောင်း၊ အမှုမပြီး ပြတ်သေးကြောင်း၊ ရှေ့နေကြီးဦး---က အမှုအတွက် လိုအပ်သော လက်ထပ်မင်္ဂလာကျမ်းကျိန်လွှာကို အမှုအတွက်လိုအပ်သည်ဆို၍ ပေးထားရကြောင်း၊ ထို ကျမ်းကျိန်လွှာ (အရပ်အခေါ်-လက်ထပ်စာချုပ်) ပြန်လိုချင်၍တောင်းရာမပေးကြောင်း၊ ဦး---အား ခေါ်ယူ တွေ့ဆုံကာ လက်ထပ်စာချုပ်ပြန်ပေးရန် ညှိနှိုင်းဆောင်ရွက်ပေးရန်နှင့် ပြန်မပေးက ရှေ့နေကြီး ဦး---ကို အရေးယူပေးစေလိုကြောင်း ရေးထားသည်ကို တွေ့ရပါသည်။

ထူးအိမ်သင် သီချင်းလိုပါပဲ။ နည်းနည်းလေးတော့ လွဲနေပြီ။

ဒါနဲ့ ခင်ဗျားတို့လက်ထပ်စာချုပ်ကို အမှုစစ်ရင်းနဲ့ တရားရုံးကို သက်သေခံမတင်ခဲ့ဘူးလား။

ကျွန်မကိုစစ်တုန်းကတော့ တရားသူကြီးမဆီ တင်ပြပေးလိုက်တာတော့တွေ့ခဲ့ရတယ်။ အင်း. . သာမန်အရပ်သူလည်းဖြစ် ဥပဒေဗဟုသုတကလည်းနည်းလေတော့ ရှင်းပြဦးမှ။ ဒီလိုမှမလုပ်ရင် ရောင်းရင်းကြီး ရှေ့နေကြီးရဲ့ သတင်းတွေမှာ အတင်းတွေမွှေးတော့မှာပဲ မိ---ရေ တစ်ချက်ကလေး (မော်လမြိုင်စကား. . . ခဏ) နားထောင်ပါဦးဗျာ။ ပြောပါ ဆရာ။ တရားမကျင့်ထုံးဥပဒေ အမိန့်၊ ၇ ၊နည်းဥပဒေ၊ ၁၄ (၁)နဲ့(၂)မှာ တရားစွဲရင် စွဲတဲ့သူတရားလိုက စွဲတဲ့အမှုအတွက် အားကိုးအားထားပြုတဲ့ စာရွက်စာတမ်းများစာရင်းကို ဖော်ပြထားရသလို ကိုယ်အားပြုပြီးစွဲတဲ့ စာရွက်စာတမ်းတွေကိုလည်း စွဲတဲ့ အဆိုလွှာမှာ ပူးတွဲတင်ပြရပါတယ်။ အဲဒီလို ပူးတွဲတင်သွင်းထားတဲ့ စာရွက်စာတမ်းတွေနဲ့ အားကိုးအားထားပြုတဲ့ စာရွက်စာတမ်းတွေကိုတော့ တရားရုံးက ငြင်းချက် (ယခင်အခေါ်ကောက်ချက်၊ ရုံးကောက်ချက်) ထုတ်တဲ့နေ့မှာ တရားမကျင့်ထုံးဥပဒေအမိန့် ၁၃၊ နည်းဥပဒေ ၁ အရ စာရင်းတင်ပြရပါတယ်။ အဲဒီလိုတင်ပြမှ တရားရုံးကို အဲဒီစာရွက်စာတမ်းတွေ သက်သေခံတင်သွင်းခွင့်ရှိပါတယ်။ စာရွက်စာတမ်းတွေ တရားရုံးကို သက်သေခံတင်သွင်းပြီးရင် အမှုပြီးမှအဲဒီစာရွက်စာတမ်းတွေကို တရားရုံးများလက်စွဲ အပိုဒ်၊ ၁၀၇၆ အရ ပြန်လည်ထုတ်ပေးဖို့လျှောက်ထားရင် ပြန်ပေးပါတယ်ဗျာ။ တရားဝင်မိတ္တူမှန်ကူးပြီး အဲဒီအမှုတွဲမှာ တွဲထားရပါတယ်။ ခင်ဗျားရဲ့လက်ထပ်စာချုပ်က အမှုတွဲ ထဲမှာသက်သေခံစာရွက်စာတမ်းအနေနဲ့တင်ထားလို့ဖြစ်ပါလိမ့်မယ်။ ဒါကြောင့်မို့ ခင်ဗျားရဲ့ ရှေ့နေက ပြန်မပေးသေးတာပါ။ ဒီလိုပြောလိုက်တော့ အမျိုးသမီးငယ်ငိုင်ကျသွားပါသည်။ အော်. . . ဒါနဲ့ ဘာဖြစ်လို့ လက်ထပ် စာချုပ်ပြန်လိုချင်တာလဲဟင်။

**တရားစွဲရင် စွဲတဲ့သူတရားလိုက စွဲတဲ့အမှုအတွက် အားကိုးအားထားပြုတဲ့ စာရွက်စာတမ်းများစာရင်းကို ဖော်ပြထားရသလို ကိုယ်အားပြုပြီးစွဲတဲ့ စာရွက်စာတမ်းတွေကိုလည်း စွဲတဲ့ အဆိုလွှာမှာ ပူးတွဲတင်ပြရပါတယ်။ အဲဒီလို ပူးတွဲတင်သွင်းထားတဲ့ စာရွက်စာတမ်းတွေနဲ့ အားကိုးအားထားပြုတဲ့ စာရွက်စာတမ်းတွေကိုတော့ တရားရုံးက ငြင်းချက် (ယခင်အခေါ်ကောက်ချက်၊ ရုံးကောက်ချက်) ထုတ်တဲ့နေ့မှာ တရားမကျင့်ထုံးဥပဒေအမိန့် ၁၃၊ နည်းဥပဒေ ၁ အရ စာရင်းတင်ပြရပါတယ်။**

ဒီလိုပါဆရာ။

ဒီလိုပါဆရာလို့သာဆိုတယ် ဘာအသံမှထွက်မလာတော့ပါ။ ပြောသင့် မပြောသင့်ချိန်ဆနေပုံရပါသည်။ သူမ မပြောချင်တဲ့စကားကို အတင်းအကျပ် ဇွတ်ဆက်မမေးလိုတော့။

ကျွန်တော်ပြောတာမယုံရင် အမှုစစ်တဲ့ တရားသူကြီးကိုသာ သွားမေးတော့ဗျာ။

အင်း. . . ဥပဒေလုပ်ထုံးလုပ်နည်းနဲ့ရှင်းပြလည်း ရှေ့နေစကား အမှားမရှိလို့ထင်ရင်တော်ရဲ့။ သူ့ကိုရှင်းပြနေတာနဲ့ နေညိုပြီ။ နေညိုရင် ရွှေဘိုကနေ ရေစကြိုကို ပြောင်းသွားတဲ့ မေချိုကိုသတိရသလိုလို၊ နေအကျမှာ လေထသလိုလိုနဲ့ အစဉ်မမုန်းနိုင်တဲ့ အိမ်သူသက်ထား ခင်ဂမုန်းမြိုင်ထံ ပြန်ရတော့မည်။

စနေနေ့မနက်၊ ကျွန်တော့်တာဝန်က ခင်ဂမုန်းမြိုင်ကို ကားမောင်းပြီး သံလွင်ဈေးကိုပို့ ၊ဈေးဝယ်ပြီးရင် ဟင်းချက်၊ ဒါကြောင့်မို့ အိမ်နီးနားချင်း ညောင်ရိပ်သာလမ်းထဲက မိတ်ဆွေတွေကနောက်ပြောင်ပြီး ကျွန်တော့်ကို ဒရိုင်ဘာချက်ကြီးဟုခေါ်ပါသည်။

သံလွင်ဈေးကမော်လမြိုင် ကမ်းနားလမ်း သံလွင်တံတားထိပ်မှာရှိလို့ သံလွင်ဈေးဟုအမည်တွင်ပါသည်။ ဘီလူးကျွန်းဘက်က ငါးပုစွန်များ လာရောင်းလေ့ရှိတာမို့ လတ်လတ်ဆတ်ဆတ်ရသည်။ ဈေးလည်းသက်သာသည်။

ထိုအခိုက်၊ ဆရာဈေးလာသလား။

ချောမောလှပသော မိန်းကလေးတစ်ဦး၊ မြင်ဖူးသလိုတော့ရှိသား။

ဆရာမမှတ်မိဘူးထင်တယ်၊ တစ်လောက လက်ထပ်စာချုပ်ပြန်ရချင်လို့ ဆရာနဲ့စကားပြောခဲ့တဲ့ တစ်ယောက်လေ။

ဩော်. . . မှတ်မိပြီ မှတ်မိပြီ၊ စာချုပ်ကောပြန်ရပြီလား။

စာချုပ်မလိုတော့ပါဘူးဆရာရယ်။

ဘာဖြစ်လို့လဲဟင်။

ဩော်. . . အင်း၊ နောက်မှတွေ့မယ်ဆရာ။

ကျွန်တော့်အမေးကို အဲဒီလိုဖြေပြီး ပြုံးပြုံကာ ဖြူဖြူတောင့်တောင့် ယောကျ်ားလေးတစ်ဦးနှင့်လက်တွဲပြီး သံလွင်ဈေးထဲမှ အောက်လမ်းမကြီးဘက်သို့ ထွက်သွားပါသည်။

နောက်မှတွေ့မယ်ဟုပြောသွားသော အဆိုပါ အမျိုးသမီးနှင့် ယနေ့အထိမဆုံတော့ပါ။

ထို့အတူ ထိုအမျိုးသမီးနှင့်လက်တွဲသွားသော လူရွယ်သည် လက်ထပ်စာချုပ်ထဲက တစ်ယောက်လား။ အခြားသူ တစ်ဦးလား ယနေ့ထိ ကျွန်တော် မသိတော့ပါ။

နွေဆိုလည်း သိပ်မပူ၊ ဆောင်းဆိုလည်း သိပ်မအေး၊ မိုးရွာရင်တော့ တပြောပြောနဲ့. .

ထိုမိန်းကလေးလည်း မော်လမြိုင်ရဲ့နွေလား၊ ဆောင်းလား၊ မိုးလား။ မဝေခွဲနိုင်သေးပါ။

ထို့အတူ "ကျွန်မလက်ထပ်စာချုပ် ပြန်ပေးပါဆိုတာ" ဘာအတွက်လဲ။ ။

■

# နေပြည်တော်တစ်ဝန်း နွေစပါးဖုံးလွှမ်းတော့မည်

**နေပြည်တော် မတ် ၁၈**

မြန်မာနိုင်ငံတွင် စပါး၊ ကြံ၊ ရော်ဘာ၊ ဝါ၊ ဆေးရွက်ကြီး၊ မတ်ပဲ၊ ကုလားပဲ၊ ပဲစင်းငုံ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ ငရုတ်၊ နှမ်း၊ မြေပဲ၊ နနွင်းတက်၊ ငရုတ်ကောင်းစသည့် သီးနှံစုံစိုက်ပျိုးကြပြီး စိုက်ပျိုးရန် ရေကိုလည်း ဆည်မြောင်း၊ တာတမံ၊ မြစ်ရေတင်၊ ချောင်းမြောင်းများမှ ရေကိုသွယ်ယူ၍ စိုက်ပျိုးကြသည်။

တောင်သူလယ်သမားများသည် မိုးစပါးပြီးလျှင် နွေစပါးကို ဆက်လက်စိုက်ပျိုးကြသည်။ နွေစပါး စိုက်ပျိုးရန်အတွက် စိုက်ပျိုးရေကို ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၏ ပျိုးထောင်ရေး ဆည်မြောင်းတာတမံများမှ မြောင်းများဖြင့် ရေအလုံအလောက် ပေးဝေရသည်။

ယခုနှစ်တွင် နေပြည်တော်အတွင်းရှိ တပ်ကုန်းမြို့နယ်၊ ဇေယျာသီရိမြို့နယ်၊ ဥတ္တရသီရိမြို့နယ်၊ ပုဗ္ဗသီရိမြို့နယ်၊ ဇမ္ဗူသီရိမြို့နယ်၊ ဒက္ခိဏသီရိမြို့နယ်၊ ပျဉ်းမနားမြို့နယ်၊ လယ်ဝေးမြို့နယ်များရှိ ဆည်ကန်အလိုက် နွေစပါး ၁၅၀၈၇ ဧက စိုက်ပျိုးကြမည်ဖြစ်သည်။ နေပြည်တော်မြို့နယ်များရှိ ဆင်သေတမံ၊ ငလိုက်တမံ၊ ရေဆင်းတမံ၊ ပေါင်းလောင်းတမံ၊ ကင်းသာတမံ၊ မုန်းရေထိန်းတမံ၊ ဆင်လူးငန်းစပ်ကန်၊ တောင်ပြိုတမံ၊ သဲဖြူတမံ၊ ချောင်းမငယ်တမံ၊ အေလာကန်၊ ဖောင်းလောင်း တမံများရှိ မြောင်းမကြီး၊ မြောင်းလက်တံများမှရေသွယ်၍ စိုက်ပျိုးကြမည်ဖြစ်သည်။

ဤကဲ့သို့ နွေစပါးစိုက်ပျိုးရာတွင် ပျဉ်းမနားမြို့နယ်နှင့် လယ်ဝေးမြို့နယ်တွင်းရှိ ပေါင်းလောင်းရေတမံ မြောင်းလက်တံ ၃၅ မြောင်းအတွင်း ပါဝင်သည့်ကျေးရွာအုပ်စု ၁၇ အုပ်စုတွင်းရှိ ကျေးရွာများမှ လယ်သမားများအား ဖေဖော်ဝါရီ ၂၅ ရက်မှစ၍ စိုက်ပျိုးရေပေးဝေခဲ့ရာ ပေါင်းလောင်းဆည်ရေသောက်လယ်ယာမြေမှ နွေစပါး ဧက ၆၈၈၀ စိုက်ပျိုးကြမည်ဖြစ်သည်။



နေပြည်တော်အတွင်းပါဝင်သည့် ပုဗ္ဗသီရိမြို့နယ်၊ ဇမ္ဗူသီရိမြို့နယ်၊ ဒက္ခိဏသီရိမြို့နယ်၊ ပျဉ်းမနားမြို့နယ်၊ လယ်ဝေးမြို့နယ်အတွင်းပါဝင်သည့် ငလိုက်တမံ မြောင်းမကြီး၊ လက်တံမြောင်း ၁၃ မြောင်းမှ ကျေးရွာအုပ်စု ၁၁ အုပ်စုရှိ ကျေးရွာများအား မတ် ၂၅ ရက်မှစ၍ ရေပေးဝေသွားမည်ဖြစ်ရာ နွေစပါးဧက ၃၂၈၀ စိုက်ပျိုးကြမည်ဖြစ်ကြောင်း သိရသည်။

တပ်ကုန်းမြို့နယ်တွင်ပါဝင်သည့် ဆင်သေရေလှောင်တမံ လက်ဝဲမြောင်း၊ လက်ယာမြောင်း၊ မြောင်းလက်တံ ၁၇ ခုမှ နွေစပါးစိုက်ပျိုးရန် ကျေးရွာအုပ်စု ခုနစ်အုပ်စုအတွက် ဇန်နဝါရီလလယ်မှစ၍ ပျိုးထောင်ရေပေးဝေမည်ဖြစ်ပြီး လယ်ဧက ၃၀၀၀ တို့တွင် နွေစပါးစိုက်ပျိုးကြမည်ဖြစ်သည်။

၂၀၁၆-၂၀၁၇ ခု နေပြည်တော်အတွင်းရှိ ဆည်ကန်အလိုက် နွေစပါးစိုက်ပျိုးရာတွင် တပ်ကုန်းမြို့နယ် ကင်းသာတမံမှ ၈၅ ဧက၊ မုန်းရေထိန်းတမံမှ ဧက ၁၀၀၊ ဆင်သေတမံ ကွေ့ကြီးကျေးရွာမှ ၁၁၉ ဧက၊ ကင်းသာတမံ ကြို့ကုန်းကျေးရွာမှ ၃၁ ဧက၊ မုန်းရေထိန်းတမံ မကျီးကုန်းကျေးရွာမှ ဧက ၆၀ ကို စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

နွေစပါးစိုက်ပျိုးရာတွင် ဥတ္တရသီရိမြို့နယ်၌ ပါဝင်သည့် ဆင်လူးငန်းစပ်ကန်မှ ဧက ၅၀၊ တောင်ပြိုတမံမှ ၅၄ ဧကနှင့် ဖောင်းလောင်းတမံမှ ၃၀၆ ဧကစိုက်ပျိုးကြမည်ဖြစ်သည်။ ထိုနည်းတူ လယ်ဝေးမြို့နယ်တွင် ပါဝင်သည့် သဲဖြူတမံမှ ဧက ၃၀၀၊ ချောင်းမငယ်ရေလှောင်တမံမှ ၁၀၁၇ဧကနှင့် အေလာကန်မှ ၁၅ဧက စိုက်ပျိုးကြမည်ဖြစ်သည်။

ယခုနှစ်တွင် နေပြည်တော်ကောင်စီနယ်မြေအတွင်း ပါဝင်သည့် မြို့နယ်များမှ နွေစပါးကို မြို့နယ်အလိုက် စိုက်ပျိုးကြမည်ဖြစ်ရာ နွေစပါးဧက ၁၅၈၈၇ ဧက စိုက်ပျိုးမည်ဖြစ်သဖြင့် နေပြည်တော်တစ်ဝန်းလုံး နွေစပါးဖုံးလွှမ်းနိုင်မည်ဖြစ်သည်။

နွေစပါးစိုက်ပျိုးရေးအတွက် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနက မိမိမြို့နယ်အတွင်းရှိ မြောင်းကြီးများ၊ လက်တံမြောင်းများ ရေစီးရေလာကောင်းမွန်ရေး၊ ချောင်းဖျားမြောင်းဖျားအထိ ရေရောက်ရှိရန် စိစစ်တူးဖော်ပြုပြင်လျက်ရှိသည်။ မြောင်းအလိုက် ရေပေးမည့်ရက်၊ ရေရောက်မည့်နေရာ၊ ရေမရောက်ပါက မြောင်းအလိုက်မြောင်းခေါင်းများ အမည်၊ ဆက်သွယ်ရမည့် ဖုန်းနံပါတ် အပြည့်အစုံကို မြောင်းအလိုက် ပိုစတာများ ချိတ်ဆွဲထားသည်ဆို၏။ ဆည်မြောင်းဌာနက ရေပေးမြောင်းများ၊ ရေသွယ်မြောင်းများ ပြုပြင်ပေးသည့်နည်းတူ တောင်သူလယ်သမားများကလည်း လယ်ကြားမြောင်းများအား မိမိအသိစိတ်ဓာတ်ဖြင့် ရေစီးရေလာကောင်းမွန်ရေးအတွက် ပြုပြင်ပေးပါက တောင်သူများအတွက် ပိုမိုအကျိုးရှိလာနိုင်မည်ဖြစ်ကြောင်း အကြံပြုရေးသားလိုက်ရပါသည်။

**ကိုတောင်သူ(မိတ္ထီလာ)**




အမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ် ဦးသောင်းထွန်း ရန်ကုန်မြို့ရှိ နိုင်ငံခြားစီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

❒ ကျောဖုံးမှ

ရှင်းလင်းပြတ်သားသော ရည်မှန်းချက်ထားရှိပြီးဖြစ်ကြောင်း၊ ယင်းမှာ ငြိမ်းချမ်းသာယာဝပြောသော ဒီမိုကရေစီနိုင်ငံတော် တည်ထောင်ရန်ဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ဦးစားပေးအဖြစ် သတ်မှတ်ဆောင်ရွက်နေပြီး တိုင်းရင်းသားလက်နက်ကိုင်များအားလုံးသို့ တွေ့ဆုံဆွေးနွေးရန် ကမ်းလှမ်းထားကြောင်း၊ တစ်ချိန်တည်းတွင် ကမ္ဘာသို့တံခါးဖွင့်လှစ်ပြီး နိုင်ငံတော်စီးပွားရေးကို ပြန်လည်တည်ဆောက်နေကြောင်း၊ အလုပ်အကိုင်၊ ပညာရေး၊ ကျန်းမာရေးစသည့် အခွင့်အလမ်းများ ဖန်တီးပေးလျက်ရှိကြောင်း၊ ပြည်သူအားလုံးအတွက် တရားမျှတသည့် လူ့အသိုက်အဝန်းတစ်ရပ် ပုံဖော်နိုင်ရေးအတွက် အစိုးရအုပ်ချုပ်မှုယန္တရားစနစ် ပြောင်းလဲဆန်းသစ်မှုများစတင်ခဲ့ကြောင်း" ပြောကြားခဲ့သည်။

ဆက်လက်၍ နိုင်ငံတော်အစိုးရ၏ စီးပွားရေးပြန်လည်တည်ဆောက်ခြင်း၊ ပညာရေးနှင့် ကျန်းမာရေးကဏ္ဍပြုပြင်ပြောင်းလဲခြင်းတို့နှင့်စပ်လျဉ်း၍ ဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားခဲ့ပြီး မြန်မာနိုင်ငံမှ ဆင်းရဲနွမ်းပါးသည့်နေရာများ၌ ဖြစ်ပွားမှုများသည့် တီဘီရောဂါ၊ ငှက်ဖျား၊ HIV/AIDS ရောဂါများ တိုက်ဖျက်နှိမ်နင်းဆောင်ရွက်နိုင်မှုများကိုလည်း ၎င်းက ထည့်သွင်းပြောကြားခဲ့သည်။

နိုင်ငံတော်၏အနာဂတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ငြိမ်းချမ်းရေးနှင့်တည်ငြိမ်ရေး အရေးကြီးကြောင်းနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံသည် အခွင့်အလမ်း အလားအလာများစွာရှိသည့် နိုင်ငံဖြစ်ကြောင်း၊ တစ်နှစ်လျှင် ဖွံ့ဖြိုးတိုးတက်မှုနှုန်း ခုနစ်ရာခိုင်နှုန်းကျော်ရှိရာ ကမ္ဘာ့နိုင်ငံများအနက် စီးပွားရေးတိုးတက်မှုအမြန်ဆုံးနိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း၊ ပြည်တွင်းပြည်ပစီးပွားရေးလုပ်ငန်းများအတွက် ကြီးမားသည့်အခွင့်အလမ်းတစ်ခုဖြစ်ကြောင်း၊ သို့ရာတွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသည် ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးဖော်ဆောင်ရန် ကြိုးပမ်းမှုများနှင့် ယှဉ်တွဲတည်ရှိနေကြောင်း၊ ငြိမ်းချမ်းမှု၊ လုံခြုံမှု၊ တည်ငြိမ်မှုမရှိဘဲ ပြည်သူအားလုံးအတွက် သာယာဝပြောမှုကို ဆောင်ကြဉ်းပေးနိုင်သည့် စစ်မှန်သောဒီမိုကရေစီစနစ်ကို ရောက်ရှိနိုင်မည်မဟုတ်ဟု အစိုးရအနေဖြင့် ခိုင်မာစွာယုံကြည်ကြောင်း ပြောကြားခဲ့သည်။

ထို့ပြင် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များအား လူမှုဝန်းကျင်ဆိုင်ရာတာဝန်ယူမှုအစီအစဉ်များ၊ လူမှုအကျိုးပြုလုပ်ငန်းများမှတစ်ဆင့် လူ့အဖွဲ့အစည်းအား အကျိုးပြုနိုင်စေရေး ဆောင်ရွက်ရန် တိုက်တွန်းပြောကြားပြီး အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးခြင်း၊ စွမ်းရည်နှင့်လူမှုရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးခြင်းတို့ဖြင့် ပုဂ္ဂလိကစီးပွားရေးကဏ္ဍအနေဖြင့် သာယာဝပြောမှုကို မျှဝေပေးနိုင်ကြောင်းနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုနှင့် တည်ငြိမ်မှုကိုအထောက်အကူပြုနိုင်ကြောင်း၊ မိမိတို့နိုင်ငံအတွက် အေးချမ်းသာယာဝပြောသော ဒီမိုကရေစီအနာဂတ်ကို တည်ထောင်နိုင်ရန် အတူလက်တွဲဆောင်ရွက်နိုင်မည်ဟုယုံကြည်ကြောင်း ပြောကြားသည်။

ရခိုင်ပြည်နယ်တွင် ဖြစ်ပွားနေသည့် နောက်ဆုံးအခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားရာတွင် ဒုတိယသမ္မတ ဦးမြင့်ဆွေ ဦးဆောင်သည့် စုံစမ်းစစ်ဆေးရေးကော်မရှင်သည် ဘင်္ဂလားဒေ့ရှ်အစိုးရ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် ကော့ခ်ဘဇားသို့ သွားရောက်စုံစမ်းမည်ဖြစ်ကြောင်း၊ လူ့အခွင့်အရေးချိုးဖောက်ကြောင်း စွပ်စွဲချက်များနှင့်ပတ်သက်၍ မျက်မြင်သက်သေများအား နိုင်ငံတကာအဆင့် စောင့်ရှောက်ကာကွယ်မှုဖြင့် တရားခွင်တွင် သက်သေထွက်ဆိုနိုင်ရေးအတွက် မြန်မာနိုင်ငံသို့ လာရောက်ရန် ဖိတ်ကြားမည်ဖြစ်ကြောင်း၊ ကော်မရှင်အနေဖြင့် ၎င်း၏လုပ်ငန်းရပ်များကို ပြီးပြည့်စုံအောင်ဆောင်ရွက်ခွင့်ရရှိရန်နှင့် မြန်မာနိုင်ငံရှိအဖွဲ့အစည်းများသည် လူ့အခွင့်အရေးဆိုင်ရာ ခြိမ်းခြောက်မှုများအားကိုင်တွယ်ဖြေရှင်းနိုင်ကြောင်းကို ပြသနိုင်ရန် အရေးကြီးကြောင်း၊ တစ်ချိန်တည်းမှာပင် ရခိုင်ပြည်နယ်တွင် ရေရှည်တည်တံ့နိုင်သည့် ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးကိုဖြစ်ထွန်းစေမည့် ရေရှည်ဖြေရှင်းချက်များ ဆက်လက်ရှာဖွေဆောင်ရွက်မည်ဖြစ်ကြောင်း၊ ယင်းနှင့်ပတ်သက်၍ လတ်တလောထုတ်ပြန်ခဲ့သော ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်ဟောင်း ကိုဖီအာနန် ဦးဆောင်သည့် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်၏ ကြားဖြတ်အစီရင်ခံစာတွင် အပြုသဘောဆောင်သော အကြံပြုချက်များကို ကြိုဆိုပါကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်နိုင်ဦးက "နိုင်ငံတော်အစိုးရက ရင်းနှီးမြှုပ်နှံမှုများအား ဆွဲဆောင်နိုင်ရန်အတွက် ကြိုးပမ်းဆောင်ရွက်မှုများကို ရှင်းလင်းပြောကြားရာတွင် ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံသူများအကြား သာတူညီမျှမှုရှိစေရေးအတွက် နည်းဥပဒေများပြင်ဆင်ရေးဆွဲခဲ့ကြောင်း၊ ယခုအခါ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုနည်းဥပဒေအသစ်ကို လွှတ်တော်က အတည်ပြုရန်ရှိကြောင်း၊ ရင်းနှီးမြှုပ်နှံမှုဥပဒေအသစ်သည် ရင်းနှီးမြှုပ်နှံမှုများ တိုးတက်စေမည့်အပြင် ရင်းနှီးမြှုပ်နှံသူများအား ကာကွယ်မှု ပိုမိုတိုးမြှင့်ပေးထားကြောင်း" ပြောကြားခဲ့သည်။

**(သတင်းစဉ်)**




## ရန်ကုန်စာအုပ်လမ်း ပန်းပန်လျက်ပါ

**ရန်ကုန် မတ် ၁၈**

ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်း ဝန်ကြီးများရုံးရှေ့နှင့် ဗဟိုပုံနှိပ်စက်ရုံရှေ့တို့၌ အပတ်စဉ် စနေ-တနင်္ဂနွေနေ့တိုင်း ဖွင့်လှစ်သည့် ရန်ကုန်စာအုပ်လမ်း စာအုပ်ဈေးတန်းကို ယနေ့တွင် (၂၁)ရက်မြောက်နေ့အဖြစ် ဘာသာရပ်ဆိုင်ရာ စာအုပ်အဟောင်း/အသစ်မျိုးစုံ၊ မြန်မာမှုအနုလက်ရာဒီဇိုင်းပါ လွယ်အိတ်၊ ပိုက်ဆံအိတ်၊ အင်္ကျီများ၊ ရှားပါးငွေအကြွေများ၊ ငွေစက္ကူများ၊ မြန်မာမှု ကစားစရာအရုပ်မျိုးစုံ စသည်တို့ကို ဆိုင်ခန်းဖွင့်ရောင်းချပေးကြရာ နံနက်ပိုင်းမှ ညနေပိုင်းထိ စာချစ်သူများဖြင့် စည်ကားခဲ့ကြောင်း သိရသည်။

**(ကိုချစ်)**



ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်းတွင် ဖွင့်လှစ်ရောင်းချလျက်ရှိသည့် စနေ-တနင်္ဂနွေ ရန်ကုန်စာအုပ်လမ်း စာအုပ်အရောင်းဆိုင်များ၌ စာပေချစ်မြတ်နိုးသူများ ကြည့်ရှုလေ့လာဝယ်ယူနေကြစဉ်။ (ဓာတ်ပုံ-ဇော်မင်းလတ်)

## ပဲခူးမြို့၌ ကလေးစာပေပွဲတော်ကျင်းပမည်

**ပဲခူး မတ် ၁၈**

ပြန်ကြားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်သော ကလေးသူငယ်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာပေဗဟုသုတရရှိရေး၊ ကလေးများ ဉာဏ်ရည်ထက်မြက်စေရေးနှင့် ကလေးများစွမ်းဆောင်ရည်မြှင့်တင်ရေးအတွက် ကလေးစာပေပွဲတော်၊ ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲကို မတ် ၂၂ ရက် နံနက် ၈ နာရီမှစတင်၍ အထက(၁) ပဲခူးမြို့၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါပွဲတော်တွင် ပုံပြင်ပြောပြိုင်ပွဲ၊ ဆေးရောင်ခြယ်ပြိုင်ပွဲ၊ စက္ကူရုပ်ခေါက်ပြိုင်ပွဲ၊ ဂိမ်းကစားခြင်း၊ အရုပ်ဆက်ခြင်း၊ စကားပုံဆက်ခြင်း စသည့်အပြင် ကလေးများ အသိပညာဗဟုသုတတိုးပွားစေရေး၊ အတွေးအခေါ် ရှင်သန်ခိုင်မာစေရေးအတွက် စာရေးဆရာမ ဝတ်ရည်ခင် (ပဲခူး)နှင့် ဇော်ဇော် (မန္တလေးစာကြည့်တိုက်)တို့က ဟောပြောဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(ခရိုင်ပြန်/ဆက်)**

❖

## MNDAA လက်နက်ကိုင်အဖွဲ့များက လောက်ကိုင်မြို့ပေါ်သို့ လက်နက်ကြီးများဖြင့် နှောင့်ယှက်ပစ်ခတ်

**နေပြည်တော် မတ် ၁၈**

MNDAA လက်နက်ကိုင်အဖွဲ့များသည် တပ်မတော်စစ်ကြောင်းများ၏ အဓိကထိုးစစ်ဆင်နေမှုကို နှောင့်နှေးစေရန်နှင့် လောက်ကိုင်မြို့တွင်းနှင့် အနီးပတ်ဝန်းကျင်ရှိ ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ် ထိခိုက်ပျက်စီးစေရန် ရည်ရွယ်၍ မတ် ၁၇ ရက် ည ၇ နာရီ မိနစ် ၅၀ ခန့်မှ ည ၁၀ နာရီခန့်အထိ နှစ်နိုင်ငံ နယ်စပ်ဘီပီ-၁၂၆ နှင့် ဘီပီ -၁၂၇ အကြားမှနေ၍ ၁၀၇ မမ ဟုယူဆရသည့် Rocket ၁၀ လုံးဖြင့် ပစ်ခတ်နှောင့်ယှက်ခဲ့ကြောင်း သိရသည်။

MNDAA လက်နက်ကိုင်အဖွဲ့များ ပစ်ခတ်လိုက်သည့်လက်နက်ကြီးကျည်များသည် နားလီကျေးရွာထိပ်တွင် တစ်လုံး၊ ထင်ပါကျိုင်းကျေးရွာအနီးတွင် လေးလုံး၊ လောက်ကိုင်မြို့ မဟာမြတ်မုနိဘုရားကုန်းအောက်ခြေတောစပ်တွင် နှစ်လုံး၊ စစ်မှုထမ်းဟောင်းအိမ်ရာအနီးတွင် သုံးလုံး စုစုပေါင်း ၁၀ လုံး ကျရောက်ပေါက်ကွဲခဲ့ပြီး လက်နက်ကြီးကျည် ကျရောက်ပေါက်ကွဲမှုကြောင့် စစ်မှုထမ်းဟောင်းအိမ်ရာရှိ လူနေထိုင်ခြင်းမရှိသည့် အိမ်တစ်လုံး ထိမှန်ပျက်စီးခဲ့ပြီး ကျန်နေရာများ ထိခိုက်ပျက်စီးမှုမရှိကြောင်း သိရသည်။

**(သတင်းစဉ်)**



# ၂၀၁၆ မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ထွန်းထွန်းနှင့် သက်မွန်မြင့်တို့ အကောင်းဆုံးဇာတ်ဆောင်ဆုများရရှိ

**ရန်ကုန် မတ် ၁၈**

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက ကျင်းပသည့် ၂၀၁၆ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ပွဲကို ယနေ့ညနေပိုင်းက ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်၌ ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသားယဉ်ကျေးမှုဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက်ချီးမြှင့်သည်။

၂၀၁၆ခုနှစ်တွင် မြန်မာရုပ်ရှင်ဇာတ်ကား စုစုပေါင်း ၃၃ ကားအထိ ရုံတင်ပြသနိုင်ခဲ့ပြီး အဆိုပါဇာတ်ကားများအနက် အကောင်းဆုံးဆန်ခါတင် ဇာတ်ကား ၁၀ ကားအား ရွေးချယ်၍ မြန်မာ့ရုပ်ရှင်ထူးချွန်ဆုများ ရွေးချယ်ပေးအပ်ခြင်းဖြစ်ပြီး ဆုချီးမြှင့်ပွဲမစတင်မီ ပဏာမဖျော်ဖြေရေးအစီအစဉ်အဖြစ် "ကြယ်စင်လင်းတဲ့ မြန်မာ့ရုပ်ရှင်" အဖွင့်သီချင်းဖြင့် သီဆိုဖျော်ဖြေကာ ခေတ်ဟောင်းရုပ်ရှင်တေးများကို တင်ဆက်ဖျော်ဖြေခဲ့ကြသည်။

ရှေးဦးစွာ ၂၀၁၆ ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်သည့် အခမ်းအနားဖွင့်ပွဲကို မြန်မာနိုင်ငံ အမျိုးသားယဉ်ကျေးမှုဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၊ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးနာယက စည်သူ ဦးဗိုလ်ကလေးတင့်အောင်နှင့် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးလူမင်းတို့က ကြယ်စင်ယူဆောင်၍ စင်မြင့်ထက်ရှိ ရွှေစင်နတ်သမီးလက်ထဲသို့ အပ်နှင်းစိုက်ထူ၍ အခမ်းအနားကို ဖွင့်လှစ်ပေးကြသည်။ **(ယာပုံ)**

ယင်းနောက် မြန်မာ့ရုပ်ရှင် နှစ်(၁၀၀)ဆီသို့ အစီအစဉ်ဖြင့် ဖျော်ဖြေတင်ဆက်ပြီး နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပေးပို့သောသဝဏ်လွှာကို ရုပ်ရှင်သရုပ်ဆောင် အကယ်ဒမီ အိန္ဒြာကျော်ဇင်က ဖတ်ကြားသည်။

**(ဒေါ်အောင်ဆန်းစုကြည်ပေးပို့သော သဝဏ်လွှာအား သီးခြားဖော်ပြထားပါသည်။)**

ဆက်လက်၍ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က အဖွင့်အမှာစကားပြောကြားရာတွင် "ဒီကနေ့ဟာ ပြီးခဲ့တဲ့ ၂၀၁၆ ခုနှစ်အတွင်း ရုံတင်ပြသခဲ့တဲ့ မြန်မာ့ရုပ်ရှင်ကား ၃၃ ကားထဲမှ အထူးခြားဆုံးရုပ်ရှင်၊ အထူးချွန်ဆုံးသရုပ်ဆောင်ခဲ့တဲ့ အနုပညာရှင်တွေ၊ အပြောင်မြောက်ဆုံးဖန်တီးခဲ့တဲ့ အတတ်ပညာရှင်တွေနဲ့ အကောင်းဆုံးစီစဉ် ထုတ်လုပ်သူတွေကို ချီးမြှင့်ဂုဏ်ပြုမယ့် အခမ်းအနားဖြစ်ပါတယ်။ ရုပ်ရှင်ထူးချွန်ဆုတွေ ရွေးချယ်ချီးမြှင့်ခြင်းကို ၂၀၁၃ ခုနှစ်မှစပြီး မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက တာဝန်ယူဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။ ပြန်ကြားရေးဝန်ကြီးဌာနအနေနဲ့ကတော့ လိုအပ်တဲ့ကဏ္ဍတွေမှာ ကူညီဆောင်ရွက်ပေးလျက် ရှိပါတယ်။ ဒါ့အပြင် နောင်ကို မြန်မာ့ရုပ်ရှင်လောကဖွံ့ဖြိုးတိုးတက်ရေးအတွက် အဘက်ဘက်က ပံ့ပိုးကူညီသွားမယ့်အကြောင်း အစီရင်ခံလိုပါတယ်။"



"ရုပ်ရှင်လောကသားတွေ စုံလင်စွာတက်ရောက်ခဲ့တဲ့ ဒီကနေ့ အခမ်းအနားမှာ မြန်မာ့ရုပ်ရှင်နဲ့စပ်လျဉ်းတဲ့ ကျွန်တော်တို့ရဲ့ ရှုမြင်ချက်တစ်ခုကို တင်ပြလိုပါတယ်။ ဒါကတော့ ဒီကနေ့အချိန်သည် မြန်မာ့ရုပ်ရှင်လောက တစ်ခေတ်ဆန်းဖို့ အစပြုချိန်လို့ ကျွန်တော်တို့ ရှုမြင်တဲ့အကြောင်းပါ။ ဒါဟာ ရုပ်ရှင်လောကသားတွေနဲ့ ကြုံကြိုက်တုန်းမှာ အခြောက်တိုက်ချီးမြှောက်လိုက်တဲ့ စကားမဟုတ်ပါဘူး။ ကျွန်တော်တို့ မြင်တွေ့ကြားသိနေရတဲ့ အနေအထားများ၊ ဖြစ်စဉ်ဖြစ်ရပ်များကိုအခြေခံပြီး သုံးသပ်ပြောဆိုတာဖြစ်ပါတယ်။"

**စာမျက်နှာ ၉ သို့**



အကောင်းဆုံး ရုပ်ရှင်အသံဆုရှင် ဦးကြည်မင်းသိန်းအား ပန်းချီစိုးမိုးက အကယ်ဒမီရွှေစင်ရုပ် ချီးမြှင့်စဉ်။



အကောင်းဆုံး ရုပ်ရှင်တေးဂီတဆုရှင် မိရာမိုရ်အား စည်သူဗိုလ်ကလေးတင့်အောင်က အကယ်ဒမီရွှေစင်ရုပ် ချီးမြှင့်စဉ်။



အကောင်းဆုံး ရုပ်ရှင်တည်းဖြတ်ဆုရှင် ဉာဏ်ဝင့်အား ဦးဇော်မင်း(ဟံသာမြေ)က အကယ်ဒမီရွှေစင်ရုပ် ချီးမြှင့်စဉ်။



အကောင်းဆုံး ရုပ်ရှင်ဓာတ်ပုံဆုရှင် မောင်မြင့်၊ အေးမင်း၊ အငယ်လေးတို့အား အကယ်ဒမီထွန်းနိုင်က အကယ်ဒမီရွှေစင်ရုပ် ချီးမြှင့်စဉ်။



အကောင်းဆုံး ရုပ်ရှင်အမျိုးသားဇာတ်ပို့ဆုရှင် လူမင်းအား ဒေါ်မြင့်မြင့်ခိုင်က အကယ်ဒမီရွှေစင်ရုပ် ချီးမြှင့်စဉ်။



အကောင်းဆုံး ရုပ်ရှင်ဒါရိုက်တာဆုရှင် ညွှန့်မြန်မာ ညီညီအောင်အား စည်သူဦးအောင်မြင့်မြတ်က အကယ်ဒမီရွှေစင်ရုပ် ချီးမြှင့်စဉ်။

❂ စာမျက်နှာ ၈ မှ

"စဉ်းစားကြည့်မယ်ဆိုရင် ကျွန်တော်တို့ မြန်မာ့ရုပ်ရှင်ဟာ အင်မတန်မှ အစကောင်းခဲ့တယ်ဆိုတာ သတိပြုမိကြမှာဖြစ်ပါတယ်။ နိုင်ငံတကာနဲ့ နှိုင်းယှဉ်ရင် ကျွန်တော်တို့သိပ်နောက်မကျခဲ့ပါဘူး။ အတော်စောစောကတည်းက မြန်မာနိုင်ငံမှာ ရုပ်ရှင်ပေါ်ထွန်းခဲ့တာပါ။ အများသိကြတဲ့အတိုင်း ၁၉၂၀ ပြည့်နှစ်မှာ မြန်မာ့ပထမဆုံးရုပ်ရှင်ဖြစ်တဲ့ မေတ္တာနဲ့သူရာဇာတ်ကား ပေါ်ထွက်လာခဲ့တာ ဖြစ်ပါတယ်။ နောက်သုံးနှစ်အကြာ ၂၀၂၀ ပြည့်နှစ်ရောက်ရင် ရုပ်ရှင်ရာပြည့်ပွဲကြီးကို ခမ်းနားကြီးကျယ်စွာ ကျင်းပနိုင်တော့မှာ ဖြစ်ပါတယ်။

"မြန်မာ့ရုပ်ရှင်လောကမှာ အနုပညာရှင် အတတ်ပညာရှင်တွေ၊ စွန့်ဦးတီထွင်လုပ်ငန်းရှင်တွေ အရင်နှစ်(၁၀၀)လောက်ကတည်းက ရှိခဲ့တယ်ဆိုတာ တင်ပြချင်ပါတယ်။ ကမ္ဘာ့ရုပ်ရှင်ထိပ်သီးဖြစ်တဲ့ ဟောလိဝုဒ်ရုပ်ရှင် ပေါ်ပေါက်ပြီး နှစ်အစိတ်လောက်မှာ ကျွန်တော်တို့လည်းကိုယ်တိုင်ရိုက်ကူးထုတ်လုပ်မှု အစပြုနိုင်ခဲ့ပါတယ်။ အဲဒီအခါက လူတွေကူးသန်းသွားလာမှုနည်းပါးတဲ့ကာလ၊ အတတ်ပညာပြန့်ပွားမှုလည်း အင်မတန်နှေးကွေးတဲ့ကာလ ဖြစ်ပါတယ်။ အဲဒီကာလမျိုးမှာပင် စွမ်းဆောင်နိုင်ခဲ့တဲ့ အစဉ်အလာရှိတယ်ဆိုတာ မမေ့လျော့ဖို့ ကျွန်တော်အသိပေးခြင်းသာ ဖြစ်ပါတယ်။

"နောက်ပိုင်းကာလမှာ ကျွန်တော်တို့ မြန်မာ့ရုပ်ရှင်ဟာ ဖွံ့ဖြိုးစည်ပင်တဲ့ ခေတ်ကိုလည်း ကြုံခဲ့ပါတယ်။ မဖွံ့ဖြိုးမစည်ပင်တဲ့ ကာလများကိုလည်း ဖြတ်သန်းခဲ့ရပါတယ်။ စီးပွားရေးစနစ်၊ နိုင်ငံရေးစနစ်နဲ့ ရုပ်ရှင်လောကအပေါ် လွှမ်းမိုးသက်ရောက်ခဲ့တဲ့ အထွေထွေအရပ်ရပ် အကြောင်းခြင်းရာများကြောင့် အတက်အကျ လောကဓံနဲ့ကြုံခဲ့ရတာဟာ ရုပ်ရှင်လောကသားများ အသိဆုံး ဖြစ်ပါတယ်။

"ပြီးခဲ့တဲ့ သုံးလေးနှစ် မတိုင်မီကာလတစ်ခုကတော့ မြန်မာ့ရုပ်ရှင်လောကအတွက် စည်ပင်မှုအနည်းဆုံးကာလလို့ ဆိုရမယ်ထင်ပါတယ်။ အများသိကြတဲ့အတိုင်း အဲဒီနှစ်ပိုင်းတွေမှာ တစ်နှစ်ကိုရုပ်ရှင်ဇာတ်ကားကိုးကား၊ ၁၀ ကားလောက်ပဲထွက်ရှိခဲ့ပြီး ရုပ်ရှင်ထူးချွန်ဆုများကိုလည်းပဲ ဒီဇာတ်ကားအနည်းငယ်ထဲကပဲ ရွေးချယ်ခဲ့ရတာ ဖြစ်ပါတယ်။ အဲဒီအနေအထားမှာရှိနေတာကနေ ရုပ်ရှင်ဇာတ်ကားရိုက်ကူးထုတ်လုပ်မှုတွေ အလျင်အမြန် တိုးတက်လာခဲ့တာတွေ့ရပါတယ်။ တွေ့ရှိရတဲ့ စာရင်းဇယားအရတော့ ၂၀၁၆ ခုနှစ်အတွင်းမှာ ဆင်ဆာခွင့်ပြုပြီးဇာတ်ကား ၉၈ ကားအထိ ရှိလာတာတွေ့ရပါတယ်။ ၂၀၁၇ ခုနှစ်မှာလည်း ဒီကနေ့အထိ ၂၄ ကား ဆင်ဆာခွင့်ပြုပြီးပြီလို့ သိရပါတယ်။

"သို့သော် စောစောကရုပ်ရှင်လုပ်ငန်းအားနည်းသွားတဲ့ကာလမှာ ရုပ်ရှင်ရုံများလည်း လျော့ပါးသွားတဲ့အတွက် ရုံတင်ပြသရေးအခက်အခဲရှိနေတာကြောင့် ၂၀၁၆ မှာ ရုံတင်ပြနိုင်တဲ့ဇာတ်ကားပေါင်း ၃၃ ကားသာ ရှိကြောင်း သိရပါတယ်။ သို့သော် ဈေးကွက်စီးပွားရေးသဘောတရားနဲ့အညီ ဝယ်လိုအားရှိရင် ရောင်းလိုအားရှိတာကြောင့် ရုပ်ရှင်ရုံလိုအပ်ချက်ကို ဖြည့်ဆည်းပေးလိုတဲ့ ပုဂ္ဂိုလ်များ၊ ရုပ်ရှင်ရုံသစ်များတည်ဆောက်ရန် အစီအစဉ်ချမှတ်နေသူများလည်း ပေါ်ထွက်လာနေတာ တွေ့မြင်ကြားသိနေရပါတယ်။

"ဒီ့အပြင် ရုပ်ရှင်ဇာတ်ကားအများအပြားထုတ်လုပ်နိုင်ဖို့နဲ့ ရုပ်ရှင်အရည်အသွေး မြင့်မားစေဖို့အတွက် ခေတ်မီစတူဒီယိုတွေ တည်ဆောက်ရေး၊ ရုပ်ရှင်အနုပညာရှင် အတတ်ပညာရှင်များမွေးထုတ်ရေး၊ လေ့ကျင့်သင်ကြားပေးရေး၊ ပျိုးထောင်ရေး၊ နိုင်ငံတကာပညာရှင်များ လုပ်ငန်းရှင်များနဲ့ ပူးတွဲပေါင်းစပ်လုပ်ကိုင်ရေး စတာတွေကို တိုင်ပင်တာတွေလည်း ကြားလာရပါတယ်။ တစ်ချိန်တည်းမှာပဲ ရုပ်ရှင်လုပ်ငန်းသမားများအနေနဲ့ အနုပညာရှင် အတတ်ပညာရှင်များကြားမှာ လုပ်ငန်းဆောင်ရွက်တဲ့နေရာမှာ နိုင်ငံတကာရုပ်ရှင်လောကများနည်းတူ စာချုပ်စာတမ်းများ၊ ကတိကဝတ်များ၊ မူပိုင်ခွင့်ဆိုင်ရာအသိအမှတ်ပြုမှုများနဲ့ စနစ်တကျလုပ်ကိုင်ဖို့ ပြောဆိုတိုက်တွန်းဆော်ဩတာတွေလည်း ရှိလာနေပါတယ်။

"ရုပ်ရှင်နဲ့ပတ်သက်တဲ့ ဆွေးနွေးပွဲများကျင်းပလာသလို ရုပ်ရှင်ဆိုင်ရာ ဥပဒေပေါ်ထွက်လာရေးအတွက်လည်း ရုပ်ရှင်လောကသားများကိုယ်တိုင် လှုပ်ရှားဆောင်ရွက်တာတွေ့ရပါတယ်။ တစ်ဖက်မှာရုပ်ရှင်ဆင်ဆာစနစ်နဲ့ ပတ်သက်လို့ ဝေဖန်ပြောဆိုမှုတွေ ရှိနေတာတွေ့ပါတယ်။ တစ်ချိန်တည်းမှာ အရည်အသွေးနိမ့်ကျတဲ့ ရုပ်ရှင်များ၊ အများသူငါကြား မသင့်လျော်တာများကို အပြောများအပြများတဲ့အတွက် ထောက်ပြဝေဖန်မှုများလည်း ရှိပါတယ်။ သို့သော် ဒါသည်လည်းအနုပညာဖန်တီးမှုများ ပွင့်လင်းလွတ်လပ်လာစကာလ၊ ဖန်တီးမှုစွမ်းအားများ ရှုန်းကန်ထွက်ပေါ်စကာလမျိုးမှာ ကြုံတွေ့ရတဲ့ ကိစ္စရပ်များဖြစ်လို့ အချိန်တန်ရင် ရုပ်ရှင်လောကသားများကိုယ်တိုင်ရဲ့ ညှိနှိုင်းဆောင်ရွက်မှုများကြောင့် အနည်ထိုင်သွား၊ စနစ်တကျဖြစ်သွားလိမ့်မယ်လို့ မြင်ပါတယ်။



ပြန်ကြားရေးဝန်ကြီး ဒေါက်တာဖေမြင့် အကောင်းဆုံး ရုပ်ရှင်ဇာတ်ကားဆုရှင်အား အကယ်ဒမီရွှေစင်ရုပ် ပေးအပ်ချီးမြှင့်စဉ်။

"ရုပ်ရှင်လောကမှာလှုပ်ရှားပေါ်ပေါက်လာနေတဲ့ ဖော်ပြပါအကြောင်းခြင်းရာ အရပ်ရပ်ကိုအခြေခံပြီး မြန်မာ့ရုပ်ရှင်တစ်ခေတ်ဆန်းဖို့ အစပြုနေပြီလို့ ကျွန်တော်ကောက်ချက်ချခြင်း ဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ မြန်မာ့ရုပ်ရှင်သည် လာမယ့်နှစ်များအတွင်းမှာ တောက်လျှောက် တိုးတက်သွားနိုင်ဖို့ အခွင့်အလမ်းရှိနေပြီလို့ မြင်ပါတယ်။

"အဲဒီအတွက် လက်ငင်းအခြေခံတွေကတော့ ယခုနှစ်များအတွင်းတိုးတက်ရရှိလာတဲ့ အနုပညာလွတ်လပ်စွာဖန်တီးခွင့်များ၊ ပြည်တွင်းပြည်ပပေါင်းစပ်ဆောင်ရွက်လာနိုင်တဲ့ လွတ်လပ်သော ဈေးကွက်စီးပွားရေးစနစ်၊ ပြီးတော့ ဒီကနေ့ စင်ပေါ်တက်ပြီးဆုရယူကြမယ့် ပုဂ္ဂိုလ်များအပါအဝင် အရေအတွက်မနည်းသော မြန်မာ့ရုပ်ရှင်အနုပညာရှင် အတတ်ပညာရှင်များနဲ့ မြန်မာ့ရုပ်ရှင်တိုးတက်ရေး၊ ရုပ်ရှင်လုပ်ငန်းဖွံ့ဖြိုးရေးတို့အတွက် ဆောင်ရွက်ဖို့စိတ်အားထက်သန်နေကြတဲ့ ပုဂ္ဂိုလ်များ၊ လုပ်ငန်းများ၊ အဖွဲ့အစည်းများစတာတွေ ဖြစ်ပါတယ်။ ဒီအင်အားစုများရဲ့ စုပေါင်းစွမ်းဆောင်မှုနဲ့အတူ လာမယ့်နှစ်ကာလများအတွင်းမှာ နိုင်ငံတကာအထိ အောင်မြင်သွားပါလိမ့်မယ်လို့ ယုံကြည်ပါတယ်"ဟု ပြောကြားသည်။

ထို့နောက် ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးလူမင်းက "မြန်မာ့ရုပ်ရှင် ထူးချွန်ဆုချီးမြှင့်ပွဲသမိုင်းမှာ တစ်ကြိမ်တစ်ခါမျှ ကျင်းပခြင်းမရှိခဲ့ဖူးတဲ့ ပြည်သူ့ရင်ပြင်မှာ ပြည်သူတွေရဲ့ရင်ခွင်ကိုခိုလှုံပြီး အနုပညာရှင်တွေအတွက် လုံခြုံနွေးထွေးတဲ့ပွဲကြီးကို လေးဆူဓာတ်ပုံရွှေတိဂုံစေတီတော်ကြီးကို ဦးခိုက်ခွင့်ရပြီး ကျင်းပခွင့်ရတာအင်မတန် ကျက်သရေမင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါတယ်။

"မြန်မာ့ရုပ်ရှင် နှစ် ၁၀၀ သို့ဆိုတဲ့ ဒီနေ့ကျင်းပတဲ့ မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲကိုဦးတည်ချက်ထားပြီး ကျင်းပနေတာ ဖြစ်ပါတယ်။ မြန်မာ့ရုပ်ရှင်က ၂၀၂၀ မှာ နှစ်(၁၀၀)ပြည့်ပါပြီ။ ၁၉၂၀ မှာအကောင်းဆုံးပြသခဲ့တဲ့ မေတ္တာနဲ့သူရာဇာတ်ကားရုံတင်တဲ့နေ့ကို ရုပ်ရှင်နေ့လို့ သတ်မှတ်ထားခဲ့ပါတယ်။ ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲဆိုပြီး အစဉ်အဆက်ချီးမြှင့်ခဲ့ရတာကတော့ မြန်မာ့ရုပ်ရှင်တိုးတက်မြင့်မားဖို့၊ ရုပ်ရှင်လောကသားတွေ ကြိုးစားလာစေဖို့နဲ့ အရည်အသွေးအရည်အချင်း မြင့်မားတိုးတက်လာစေဖို့၊ ပြည်သူပရိသတ် ပိုမိုစိတ်ဝင်စားလာစေဖို့ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲကို ကျင်းပတာပဲ ဖြစ်ပါတယ်။ ရုပ်ရှင်သည် ပြည်သူ့အတွက်ဆိုတဲ့ ဆောင်ပုဒ်နဲ့အညီ နှစ်(၁၀၀) မကတိုင်အောင် ရှေ့ဆက်ချီတက်မယ်လို့ လောကသားအားလုံး စည်းစည်းလုံးလုံးတိုင်တိုင်ပင်ပင်နဲ့ ရှေ့ဆက်သွားကြပါစို့လို့ ပြောကြားလိုပါတယ်" ဟုပြောကြားသည်။

ယင်းနောက် ထူးချွန်ဆုများကြေညာရန်အတွက် ရွှေကြိုများမိတ်ဆက်ခြင်းနှင့် ၂၀၁၆ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုများကို စတင်ကြေညာသည်။

၂၀၁၆ ခုနှစ်အတွက် အကောင်းဆုံးရုပ်ရှင် ဇာတ်ကားဆုကို "အုတ်ကြားမြက်ပေါက်"ဇာတ်ကားဖြင့် ရွှေစင်ဦးရုပ်ရှင်ထုတ်လုပ်ရေး၊ အကောင်းဆုံးရုပ်ရှင်အသံဆုကို "မှော်ကျောက်စာ" ဇာတ်ကားဖြင့် အကယ်ဒမီဦးကြည်မင်းသိန်း၊ အကောင်းဆုံးရုပ်ရှင်တေးဂီတဆုကို "လူးရတနာသိုက်" ဇာတ်ကားဖြင့် အကယ်ဒမီ မိရာမိုရ်၊ အကောင်းဆုံးရုပ်ရှင် တည်းဖြတ်ဆုကို "အေဒင်ရဲ့နတ်သမီး" ဇာတ်ကားဖြင့် ဉာဏ်ဝင့်တို့က ရရှိခဲ့ကြသည်။

ထို့နောက် အကယ်ဒမီချိုပြုံးနှင့် အကယ်ဒမီထွန်းအိန္ဒြာဗိုလ်တို့က "မောင့်မူပိုင်ရှင်" ရုပ်ရှင်ဇာတ်ဝင်တေးသီချင်းကို သီဆိုဖျော်ဖြေတင်ဆက်သည်။

ယင်းနောက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုများကို ဆက်လက်ကြေညာရာ ၂၀၁၆ ခုနှစ်အတွက် အကောင်းဆုံးရုပ်ရှင်ဓာတ်ပုံဆုကို "လူးရတနာသိုက်" ဇာတ်ကားဖြင့် မောင်မြင့်၊ အေးမင်း၊ အငယ်လေး၊ အကောင်းဆုံးရုပ်ရှင်အမျိုးသားဇာတ်ပို့ဆုကို "ပရော်ဖက်ဆာဒေါက်တာဆိတ်ဖွားနှင့် မြိုင်ရာဇာတာတေ" ဇာတ်ကားဖြင့် အကယ်ဒမီလူမင်း၊ အကောင်းဆုံးရုပ်ရှင်ဒါရိုက်တာဆုကို "အုတ်ကြားမြက်ပေါက်"ဇာတ်ကားဖြင့် ညွန့်မြန်မာညီညီအောင် တို့ကရရှိခဲ့ကြသည်။

ဆက်လက်၍ "မြခြုံသံ" ရုပ်ရှင်ဇာတ်ကားဂုဏ်ပြုအစီအစဉ်အနေဖြင့် အကယ်ဒမီဆုရှင် ရန်အောင်နှင့် တေးသံရှင်အဆိုတော် မာမာအေးတို့က ဖျော်ဖြေတင်ဆက်သည်။

ထို့နောက် ရုပ်ရှင်ချစ်ပရိသတ်များ စိတ်ဝင်စားမှုအများဆုံးဖြစ်သည့် အကောင်းဆုံးအမျိုးသမီးဇာတ်ဆောင်ဆုနှင့် အကောင်းဆုံးအမျိုးသား ဇာတ်ဆောင်ဆုတို့ကိုကြေညာရာ ၂၀၁၆ ခုနှစ်အတွက် အကောင်းဆုံးအမျိုးသမီး ဇာတ်ဆောင်ဆုကို "ချစ်လှစွာသောအမုန်း" ဇာတ်ကားဖြင့် အကယ်ဒမီ သက်မွန်မြင့်၊ အကောင်းဆုံးအမျိုးသားဇာတ်ဆောင်ဆုကို "အုတ်ကြားမြက်ပေါက်"ဇာတ်ကားဖြင့် ထွန်းထွန်းတို့က ရရှိခဲ့ကြသည်။



အကောင်းဆုံးရုပ်ရှင်အမျိုးသား ဇာတ်ဆောင်ဆုရှင် ထွန်းထွန်းအား အကယ်ဒမီလွင်မိုးက အကယ်ဒမီရွှေစင်ရုပ် ချီးမြှင့်စဉ်။



အကောင်းဆုံးရုပ်ရှင်အမျိုးသမီးဇာတ်ဆောင်ဆုရှင် သက်မွန်မြင့်အား ဒေါ်ဝါဝါဝင်းရွှေက အကယ်ဒမီရွှေစင်ရုပ် ချီးမြှင့်စဉ်။



မနောမြေမှ ကျောက်စိမ်းကမ္ဘာဇာတ်ကားဖြင့် အထူးဆုရ Moon Myanmar Media အား နာယကဦးတင်စိန်က အကယ်ဒမီရွှေစင်ရုပ် ချီးမြှင့်စဉ်။

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက ကျင်းပသည့် ၂၀၁၆ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲတွင် အထူးဆုတစ်ဆုကို ထည့်သွင်းကြေညာခဲ့ပြီး အဆိုပါဆုကို "မနောမြေမှကျောက်စိမ်းကမ္ဘာ" ဇာတ်ကားဖြင့် Moon Myanmar Media ကုမ္ပဏီက ရရှိခဲ့သည်။

အခမ်းအနားသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးသူရဦးအောင်ကို၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်၊ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရုပ်ရှင်၊ ဂီတ၊ သဘင်အစည်းအရုံးဝင်များ၊ ၂၀၁၆ ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုအတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုစိစစ်အကဲဖြတ်အဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

၂၀၁၆ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင် ထူးချွန်ဆုစုစုပေါင်း ၁၀ ဆုကို ချီးမြှင့်နိုင်ခဲ့ပြီး အကောင်းဆုံးရုပ်ရှင် ဇာတ်ညွှန်းဆုကိုမူ ချီးမြှင့်နိုင်ခြင်းမရှိဘဲ ၂၀၁၅ ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုပေးပွဲတွင်လည်း အကောင်းဆုံး ရုပ်ရှင်ဇာတ်ညွှန်းဆုချီးမြှင့်နိုင်ခြင်းမရှိခဲ့ပေ။ မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ခြင်းအား ယခင်က ပြန်ကြားရေးဝန်ကြီးဌာနက တာဝန်ယူခဲ့ပြီး၂၀၁၃ ခုနှစ်မှစတင်၍ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ခြင်းကို တာဝန်ယူခဲ့ခြင်း ဖြစ်သည်။

**(သတင်းစဉ်)**

# ၂၀၁၆ ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲမှ အကယ်ဒမီဆုရှင်များ၏ ပီတိစကားများ

တွေ့ဆုံမေးမြန်း - စိုးဝင်း(MLA)၊ ဇာနည်မောင်၊ ဓာတ်ပုံ - ငွေးအောင်၊ ခင်မောင်ဝင်း(ကြေးမုံ)

**ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်တွင် ပထမဆုံးအကြိမ်အဖြစ် ကျင်းပပြုလုပ်သည့် ၂၀၁၆ ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနားမှ အကယ်ဒမီဆုရှင်များ၏ ပီတိစကားများကို ဖော်ပြလိုက်ရပါသည် -**

**ဦးကြည်မင်းသိန်း**
**(အကောင်းဆုံးရုပ်ရှင်အသံဆု)**

"ကျွန်တော် ဒီအသံဆုကို ဆွတ်ခူးရရှိတာကတော့ ကျွန်တော်တစ်ယောက်တည်း တော်လို့မဟုတ်ပါဘူး။ ဒါရိုက်တာ၊ ပါဝင်သရုပ်ဆောင်တဲ့ သရုပ်ဆောင်တွေ အပါအဝင် စက်မှုပညာရှင်တွေတော်လို့ ကောင်းမွန်လို့ရရှိတာပါ။ ပြီးတော့ ပြီးခဲ့တဲ့ ၂၀၁၆ ခုနှစ်က ကျွန်တော်တို့ မြန်မာနိုင်ငံနဲ့ ထိုင်းနိုင်ငံက အဖွဲ့တစ်ဖွဲ့ ပေါင်းပြီး "From Bangok to Mandalay"ဆိုပြီး ရုပ်ရှင်ဇာတ်ကားရိုက်ကူးရုံတင်ပြသခဲ့ပါတယ်။ ထိုင်းသရုပ်ဆောင်အပါအဝင် မြန်မာသရုပ်ဆောင် သုံးဦးနဲ့တင်ဆက်ခဲ့တာပါ။ ဒီဇာတ်ကားနဲ့ပတ်သက်ပြီး မြန်မာ့ရုပ်ရှင်လောကသားတွေ အားလုံးကိုယ်စား အထူးကျေးဇူးတင်ရှိပါတယ်လို့ ပြောလိုပါတယ်။ ကျွန်တော့်အနေနဲ့လည်း အနုပညာလုပ်ငန်းကို ဆက်လက်ကြိုးစားလုပ်ကိုင်သွားမှာပါ။

**ဂီတမှူး မိရာမိုရ်**
**(အကောင်းဆုံးရုပ်ရှင်တေးဂီတဆု)**

"ပြီးခဲ့တဲ့ ၂၀၀၉ ခုနှစ်ကလည်း တေးဂီတဆုရရှိခဲ့လို့ ဆုတစ်ဆုနဲ့တင် ကြိုးစားရတာမကုန်သေးလို့ ဆက်ကြိုးစားတာပါ။ ဒီနှစ်မှာလည်း ရုပ်ရှင်တေးဂီတဆုထပ်မံ ဆွတ်ခူးရရှိခဲ့တဲ့အတွက် ကျွန်တော့်ရဲ့သက်ရှိထင်ရှားရှိနေတဲ့ အဖေနဲ့အမေအတွက် ဆုတစ်ဆု၊ သားသမီးတွေအတွက် ဆုတစ်ဆုရလိုက်တယ်လို့ ခံစားမိပြီး အထူးဝမ်းသာရပါတယ်။ ကျွန်တော့်ကို အားပေးစကားပြောတဲ့ အဘဗိုလ်ကလေးတင့်အောင်ကိုလည်း အထူးကျေးဇူးတင်ပါတယ်။ ကျွန်တော့်အနေနဲ့ကတော့ ဒီအကယ်ဒမီဆုကို လူသိရှင်ကြား၊ တိုင်းပြည်ပညာရှင်တွေရှေ့မှာ ထိုက်ထိုက်တန်တန်ရရှိတယ်လို့ ခံယူမိပါတယ်။ ကျွန်တော့်အနေနဲ့ အလုပ်ကို ဆက်ကြိုးစားသွားမှာဖြစ်ပြီး တာဝန်ရှိ ဂီတဆရာတွေ၊ ပရိုဂျူဆာတွေနဲ့ အနုပညာသမားအားလုံးကို အလွန်ကျေးဇူးတင်ပါတယ်လို့ပြောချင်ပါတယ်။

**ထွန်းထွန်း**
**(အကောင်းဆုံးရုပ်ရှင်အမျိုးသားဇာတ်ဆောင်ဆု )**

အုတ်ကြားမြက်ပေါက်ဇာတ်ကားမှာ ဖိုးသကြား ဇာတ်ကောင်ကာရိုက်တာနေရာကနေ ရရှိတာဖြစ်ပါတယ်။ ကျွန်တော်အတိုင်းမသိ အလွန်ပျော်ပါတယ်။ လှိုက်လှိုက်လှဲလှဲ ရင်ထဲက အလွန်ကြည်နူးရပါတယ်။ ကျွန်တော် တစ်ယောက်တည်းကောင်းလို့မဟုတ်ပါဘူး။ အားလုံးကောင်းလို့ပါ။ အဲဒီအတွက် အားလုံးကို ချီးမြှင့်တယ်လို့ ကျွန်တော်မှတ်ယူထားပါတယ်။ ကျွန်တော် အခုလိုမျိုး ဆုရဖို့အတွက် ကြိုးစားနေတာမဟုတ်ဘဲနဲ့ အခုလို ဆုရလိုက်တဲ့အတွက် ပိုပြီးတော့ ကျွန်တော်ကြိုးစားမယ်ဆိုတဲ့ လူကြီးဆန်တဲ့ အတွေး ကျွန်တော်ရောက်သွားပါတယ်။ အလုပ်တွေကို အမှားနည်းသည်ထက်နည်းအောင် ကြိုးစားသွားပါမယ်။ ပရိသတ်ကြီးကိုလည်း ကျေးဇူးအထူးတင်ပါတယ်။



**အကောင်းဆုံးအမျိုးသားဇာတ်ပို့ဆုရရှိသည့် အကယ်ဒမီလူမင်းအား ဂုဏ်ပြုနှုတ်ဆက်ကြစဉ်။**

**အကယ်ဒမီ သက်မွန်မြင့်**
**(အကောင်းဆုံးရုပ်ရှင်အမျိုးသမီးဇာတ်ဆောင်ဆု )**

ချစ်လှစွာသော အမုန်းဆိုတဲ့ ဇာတ်ကားနဲ့ ရတာပါ။ သက်မွန် အလွန်ဝမ်းသာပါတယ်။ ပရိသတ်တွေကလည်း အလွန်ကို ရစေချင်တဲ့ ကားလေးပေါ့။ သူတို့ရဲ့ဆန္ဒနဲ့ အခုလည်း ပရိသတ်က ပေးချင်တဲ့ဆုကို အကယ်ဒမီ ဘုတ်အဖွဲ့ကပေးတဲ့ဆုနဲ့ တစ်ထပ်တည်းကျသွားတယ်။ ကျေနပ်ပါတယ်။ ဝမ်းသာပါတယ်။ ကျွန်တော် အယ်ဒီတာသက်နှစ်ပေါင်း ၂၀ ကျော်၊ ဒါရိုက်တာသက် နှစ်ပေါင်း ၂၀ စုစုပေါင်း နှစ်ပေါင်း ၄၀ ကျော်မှာ ပထမဆုံး အကယ်ဒမီရတာပါ။ ထပ်တူကျတဲ့အတွက် အများကြီးကို ဝမ်းသာရပါတယ်။ အမှတ်တရတွေကတော့ အများကြီးပါပဲ။ ဒီဇာတ်ကားလေး သရုပ်ဆောင်တဲ့အခါ အလွန်ခက်ခဲခဲ့တယ်။ ပင်ပန်းခဲ့တယ်။ ဘယ်တော့မှ မငြင်းခဲ့ဘူး။ ဒီအလုပ်မှာ ပျော်တာကိုး။ ဒါပေမဲ့ ဒီကားမှာ တအားပင်ပန်းလိုက်တာဆိုတာ ဖြစ်သွားတယ်။ ဘာဖြစ်လို့လဲဆိုတော့ စစချင်းရိုက်ကတည်းက ဆယ်ရက်လောက်ကို နေ့ညနေ့ည ရိုက်တော့ လူကနည်းနည်းအင်အားလျော့လာတာပေ့ါ။ လုပ်ရတဲ့ ဇာတ်ကောင်ကလည်း ခက်ခဲတယ်။ အတော်တော့ သတိထားရပါတယ်။ သက်မွန် ပရိသတ်ကြီးကိုလည်း အလွန်ကျေးဇူးတင်ပါတယ်။

**ညွှန့်မြန်မာ ညီညီအောင်**
**(အကောင်းဆုံးဒါရိုက်တာဆု )**

အုတ်ကြားမြတ်ပေါက် ဇာတ်ကားမှာ ဒါရိုက်တာဆု ရရှိခဲ့ပါတယ်။ ရုပ်ရှင်ကားတစ်ကားကတော့ ဘောလုံးအသင်းတစ်သင်းလိုပါပဲ။ ကျွန်တော် တစ်ယောက်တည်း ကောင်းလို့လည်း မပြီးပါဘူး။ အကုန်ကောင်းမှ ကိုယ့်တာဝန်ကိုယ် ကျေပွန်စွာနဲ့ ဖန်တီးခဲ့တဲ့အတွက်ကြောင့်မို့လို့ ရုံတင်တုန်းကလည်း ပရိသတ်အားပေးမှုရခဲ့ပါတယ်။

**အကယ်ဒမီလူမင်း**
**(အကောင်းဆုံးအမျိုးသားဇာတ်ပို့ဆု )**

ပရော်ဖက်ဆာဒေါက်တာဆိတ်ဖွားနဲ့မြိုင်ရာဇာတာတေ ဇာတ်ကားမှာ အမျိုးသားဇာတ်ပို့ဆုကို ရခဲ့တာပါ။ ကျွန်တော် မမျှော်လင့်ထားပါဘူး။ သတင်းကြီးပြီးလွဲတဲ့ နှစ်တွေများလာတဲ့အခါကျတော့ ဒီနှစ်လည်း အဲဒီလိုပဲဖြစ်လိမ့်မယ်လို့ စိတ်ထဲမှာ တစ်ထစ်ချယုံကြည်ထားတာပါ။ ပွဲအတွက်ကိုပဲ ခေါင်းထဲမှာပူနေတာပါ။ ရုတ်တရက်ဆိုတော့ နည်းနည်းတောင် ရှော့ရပ်သွားပါတယ်။ မမျှော်လင့်ထားလို့ပါ။ ကျွန်တော်တို့စခဲ့တုန်းက ဇာတ်ပို့တို့ ဒုတိယမင်းသားနေရာ အသားသေပြီးသွားရင် ဘယ်တော့မှ ခေါင်းဆောင် မဖြစ်တော့ဘူးဆိုတဲ့ခေတ်မှာ ကျွန်တော်က ဇာတ်ပို့ဘဝနဲ့ နှစ်ပေါင်းများစွာ ကျင်လည်ကြိုးစားပြီးမှ ဇာတ်ဆောင်ဘဝကိုတက်လှမ်းနိုင်ခဲ့တာဆိုတော့ ဒီနှစ်ဇာတ်ပို့ဘဝက ကျွန်တော့်ရဲ့ မူလဘဝပါပဲ။ ပရိသတ်အားလုံးကို ကျေးဇူးတင်ပါတယ်။

**ရုပ်ရှင်သရုပ်ဆောင် ဖွေးဖွေး**

ဒီနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားက ရွှေတိဂုံဘုရားနောက်ခံထားပြီး ပြုလုပ်ထားတာဆိုတော့ အလွန်ကောင်းပါတယ်။ ဟိုအရင်နေပြည်တော်မှာ ကျင်းပပြုလုပ်ခဲ့တဲ့ မမသက်မွန်မြင့် ဆုရရှိခဲ့တုန်းက ပွဲလိုမျိုး ခံစားရပါတယ်။ ဒီနှစ် ဖွေးရိုက်ကူးထားတဲ့ဇာတ်ကား မပါပါဘူး။ ၂၀၁၆ ခုနှစ်အတွက် ဆုဆွတ်ခူးရရှိမယ့်သူတွေကို လာအားပေးတာပါ။ ဖွေးကို အားပေးကြတဲ့ပရိသတ်များကို အလွန်ကျေးဇူးတင်သလို

**စာမျက်နှာ ၁၁ သို့»**



**အကောင်းဆုံးအမျိုးသမီးဇာတ်ဆောင်ဆုရရှိသည့် အကယ်ဒမီသက်မွန်မြင့်အား ဂုဏ်ပြုနှုတ်ဆက်ကြစဉ်။**



**အကောင်းဆုံးအမျိုးသားဇာတ်ဆောင်ဆုရရှိသည့် ထွန်းထွန်းအား ဂုဏ်ပြုနှုတ်ဆက်ကြစဉ်။**

## ၂၀၁၆ ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုရရှိသူများ

| စဉ် | ဇာတ်ကားအမည် | ဆုရရှိသူ | ဆုအမျိုးအစား |
|---|---|---|---|
| ၁ | အုတ်ကြားမြက်ပေါက် | ရွှေစင်ဦးရုပ်ရှင်ထုတ်လုပ်ရေး | အကောင်းဆုံးရုပ်ရှင်ဇာတ်ကားဆု |
| ၂ | မှော်ကျောက်စာ | အကယ်ဒမီဦးကြည်မင်းသိန်း | အကောင်းဆုံးရုပ်ရှင်အသံဆု |
| ၃ | လူးရတနာသိုက် | အကယ်ဒမီ မိရာမိုရ် | အကောင်းဆုံးရုပ်ရှင်တေးဂီတဆု |
| ၄ | အေဒင်ရဲ့နတ်သမီး | ဉာဏ်ဝင့် | အကောင်းဆုံးရုပ်ရှင်တည်းဖြတ်ဆု |
| ၅ | လူးရတနာသိုက် | မောင်မြင့်၊ အေးမင်း၊အငယ်လေး | အကောင်းဆုံးရုပ်ရှင်ဓာတ်ပုံဆု |
| ၆ | ပရော်ဖက်ဆာ ဒေါက်တာဆိတ်ဖွားနှင့်မြိုင်ရာဇာတာတေ | အကယ်ဒမီလူမင်း | အကောင်းဆုံးရုပ်ရှင် အမျိုးသားဇာတ်ပို့ဆု |
| ၇ | အုတ်ကြားမြက်ပေါက် | ညွှန့်မြန်မာညီညီအောင် | အကောင်းဆုံးရုပ်ရှင်ဒါရိုက်တာဆု |
| ၈ | ချစ်လှစွာသောအမုန်း | အကယ်ဒမီသက်မွန်မြင့် | အကောင်းဆုံးရုပ်ရှင် အမျိုးသမီးဇာတ်ဆောင်ဆု |
| ၉ | အုတ်ကြားမြက်ပေါက် | ထွန်းထွန်း | အကောင်းဆုံးရုပ်ရှင် အမျိုးသားဇာတ်ဆောင်ဆု |
| ၁၀ | မနောမြေမှ ကျောက်စိမ်းကမ္ဘာ | Moon Myanmar Media ကုမ္ပဏီ | အထူးဆု |



အကောင်းဆုံး ရုပ်ရှင်အသံဆုရရှိသည့် အကယ်ဒမီဦးကြည်မင်းသိန်းအား ဂုဏ်ပြုနှုတ်ဆက်ကြစဉ်။



အကောင်းဆုံး ရုပ်ရှင်ဒါရိုက်တာဆုရရှိသည့် ညွန့်မြန်မာညီညီအောင်အား ဂုဏ်ပြုနှုတ်ဆက်ကြစဉ်။

## အကယ်ဒမီည အလှပန်းချီ

* ရွှေပြည်မှာ ရွှေရည်ခသလိုပ
ရွှေစီည အလှပန်းချီ
ပြည်သူ့ရင်ပြင်ဆီ။

* ပန်းမျိုးစုံညီ
ပွင့်ဝေစည် ဥယျာဉ်နန်း
ဆွတ်ချူဖို့လှမ်းမည်ပ
ဘယ်ပန်းသာလို့ယဉ်
ယှဉ်လေသည့်ပွဲ
နွဲပျော်မဝ၊ ပွဲတော်ညလတပေါင်း
မင်္ဂလာအပေါင်းနှင့် ပြည့်လေပြီ။

* သဏ္ဍာန်လုပ် သရုပ်ပီ
ရုပ်ရှင်သည် ပြည်သူ့အတွက်
စိန်စီ၍ဆက်သည်သို့
ဂုဏ်တက်မဆုံး
အမြင့်ဆုံးနွဲ၊ ပွဲတော်ည အကယ်ဒမီ
တို့မြန်ပြည်သာစေဖို့။

တင့်လွင်ဦး(စီးပွားရေးတက္ကသိုလ်)

» စာမျက်နှာ ၁၀ မှ
ပရိသတ်များရင်ထဲမှာလည်း ကိုယ်အကယ်ဒမီရစေချင်တဲ့သူနဲ့ အကယ်ဒမီရသူတစ်ထပ်တည်းကျပါစေလို့ ဆုတောင်းပေးပါတယ်။

**ရုပ်ရှင်သရုပ်ဆောင် လွင်မိုး**

ဒီနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ပွဲက ပွဲတက်သူဦးရေ ၄၀၀၀ နီးပါးရှိနေတယ်။ ပြီးတော့ ဒီလို ရင်ပြင်မှာကျင်းပတာ မြန်မာနိုင်ငံမှာ မရှိသေးပါဘူး။ ရွှေတိဂုံဘုရားနောက်ခံနဲ့ ကားအဝင်အထွက်လည်း လွယ်ကူတာဆိုတော့ ဒီလိုအကယ်ဒမီပေးပွဲကို ဒီနေရာမှာ နှစ်စဉ်ကျင်းပနိုင်ရင် ပိုကောင်းပါတယ်။ ရုပ်ရှင်ဇာတ်ကားကလည်း တစ်နိုင်ငံလုံးက ရုပ်ရှင်ရုံ ၄၄ ရုံမှာ ဇာတ်ကားတွေက မြောက်မြားစွာလည်ပတ်နေရတာဆိုတော့ ဇာတ်ကားအရေအတွက်နဲ့ ပြသတဲ့ရုံက ဂျန့်ဖြစ်နေပါတယ်။ ဒါကြောင့် ကျွန်တော်တို့ရုပ်ရှင်ရုံဆောက်လုပ်တဲ့ကိစ္စတွေကို လုပ်ဆောင်နေတာပါ။ ဒီနှစ် အကယ်ဒမီပေးပွဲဖြစ်သွားအောင် ပံ့ပိုးပေးကြတဲ့ စီးပွားရေးလုပ်ငန်းရှင်များအင်အား တောင့်တင်းပါတယ်။ ပြီးတော့ အကယ်ဒမီဆုဆွတ်ခူးရရှိတဲ့သူတွေကို ရွေးချယ်ထားတာကလည်း အကယ်ဒမီစံနှုန်းနဲ့ ညီညွတ်ပါတယ်။ ■

## မူးယစ်ဆေးဝါးနှင့် စိတ်ကြွဆေးများ ရောင်းချမှုမရှိစေရေး စစ်ဆေး

**ညောင်လေးပင် မတ် ၁၈**

မူးယစ်ဆေးဝါးနှင့် ကာမစိတ်ကြွဆေး ရောင်းချမှုမရှိစေရေးအတွက် စစ်ဆေးခြင်းနှင့် ပညာပေးဟောပြောခြင်းကို မတ် ၁၁ ရက်က ညောင်လေးပင်မြို့ရဲတပ်ဖွဲ့မှူး ရဲမှူးကိုကိုကြီး၊ မြို့မစခန်းမှူး ဒု-ရဲမှူးဇော်မိုးနှင့်အဖွဲ့သည် ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့ပေါ်ရှိ ဆေးဆိုင်များနှင့် ကွမ်းယာဆိုင်များကို လိုက်လံစစ်ဆေး၍ ပညာပေးဟောပြောခြင်းများ ပြုလုပ်ခဲ့သည်။

အလားတူ ပြွန်တန်ဆာမြို့ပေါ်ရှိ ဆေးဆိုင် သုံးဆိုင်နှင့် ကွမ်းယာဆိုင် နှစ်ဆိုင်ကိုလည်းကောင်း၊ ပိန်းဇလုပ်မြို့ပေါ်ရှိ ဆေးဆိုင် ခုနစ်ဆိုင်နှင့် ကွမ်းယာဆိုင် ၁၅ ဆိုင်ကိုလည်းကောင်း၊ ညောင်လေးပင်မြို့နယ် မဒေါက်မြို့ပေါ်ရှိ ဆေးဆိုင် လေးဆိုင်နှင့် ကွမ်းယာဆိုင် ခုနစ်ဆိုင်တို့ကို သက်ဆိုင်ရာမြို့နယ်တာဝန်ရှိသူများက မူးယစ်ဆေးဝါးနှင့် ကာမစိတ်ကြွဆေးများ ရောင်းချမှုမရှိစေရေး စစ်ဆေးဆောင်ရွက်ပြီး ပညာပေးဆွေးနွေးခဲ့ကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**

## တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုသူများ အန္တရာယ်ကင်းရှင်းရေး ရဲတပ်ဖွဲ့ဝင်များကူညီ

**ကျိုက်ထို မတ် ၁၈**

၂၀၁၇ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ကျိုက်ထိုမြို့နယ်၌ စာစစ်ဌာနခြောက်ခု ဖွင့်လှစ်၍ စစ်ဆေးလျက်ရှိရာ ကျောင်းသား ကျောင်းသူ ၂၃၆၄ဦး ဝင်ရောက်ဖြေဆိုကြသည်။

တက္ကသိုလ်ဝင်စာမေးပွဲ ဝင်ရောက်ဖြေဆိုသူများပြားခြင်းကြောင့် စာမေးပွဲဖြေဆိုကြသော ကျောင်းသား ကျောင်းသူများ အန္တရာယ်အသွယ်သွယ်မှ ကင်းဝေးစေရန် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်သိန်းဦး ဦးဆောင်သောပူးပေါင်းအဖွဲ့ဝင်များက လုံခြုံရေးကို အထူးကြပ်မတ်၍ ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးမှုကြောင့် စာမေးပွဲလာရောက်ဖြေဆိုသူ ကျောင်းသား ကျောင်းသူများနှင့် မိဘများမှာ အန္တရာယ်ကင်းရှင်း၍ စိတ်ချမ်းသာလျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## ဆည်ရေကို ကွက်ဆင့်သောက်အသုံးပြုရာမှ လယ်အရောက်ရေသွယ်ယူနိုင်ပြီ

**ပေါင်းတည် မတ် ၁၈**

ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲမှုဦးစီးဌာန တည်ဆောက်ရေး (၂) မှ တာဝန်ခံများနှင့် ဂျပန်နိုင်ငံ အတိုင်ပင်ခံ ကျွမ်းကျင်အင်ဂျင်နီယာအဖွဲ့တို့မှ တာဝန်ရှိသူများသည် မတ် ၁၃ ရက်က ပေါင်းတည်မြို့နယ် ဝဲကြီးဆည်ရေသောက်စနစ် လက်ဝဲလက်တံမြောင်း(၄) ရေပေးပြွန်(၅)သို့ ရောက်ရှိကြပြီး လက်တံမြောင်း(၄) အုပ်ချုပ်မှုဒါရိုက်တာ အဖွဲ့ဝင်များ၊ တောင်သူများနှင့် တွေ့ဆုံဆွေးနွေးကြသည်။

ရေပေးပြွန်ခေါင်းဆောင် ဦးကြည်ခိုင်က ဝဲကြီးဆည်တည်ဆောက်ပြီးကတည်းက ဆည်ရေကို ကွက်ဆင့်သောက်စနစ်ဖြင့်သာ ရယူခဲ့ကြောင်း၊ ယင်းစနစ်မှာ အချိန်ကုန်ပြီး ရေကို စနစ်တကျ အလေအလွင့်နည်းအောင် မလုပ်နိုင်ကြောင်း၊ ယခုကဲ့သို့ ဝဲကြီး ဆည်ရေပေးမြောင်းမကြီးကို ကွန်ကရစ်လိုင်နင်၊ ဘိလပ်အုတ်လိုင်နင်များ၊ တံတားများ၊ ကုန်ထုတ်လမ်းများ အဆင့်မြှင့်တင်ပြုပြင်ပေးသည့်အတွက် တာဝန်ရှိသူများအား ကျေးဇူးတင်ရှိပါကြောင်း၊ လယ်ကြားမြောင်းဖောက်လုပ်နိုင်ခြင်းကြောင့် မူလကထက် နွေစပါးနှင့် အခြားသီးနှံများ ပိုမိုစိုက်ပျိုးလာနိုင်တော့မည်ဖြစ်၍ ဝမ်းသာကြည်နူးလျက်ရှိပါကြောင်း ကျေးဇူးတင်စကားပြောကြားသည်။

**မြင့်နိုင်(ပြည်)** ❐

## မှုခင်းဖြစ်ပွားမှုကျဆင်းရေး စည်းဝေး

**ရန်ကုန် မတ် ၁၈**

မှုခင်းဖြစ်ပွားမှုကျဆင်းရေးနှင့် ဒုစရိုက်သမားများရှောင်တိမ်းခိုအောင်းမှုမရှိနိုင်စေရန် မတ် ၁၅ ရက် ညနေ ၃ နာရီက လှိုင်သာယာမြို့မစခန်းရှိ အစည်းအဝေးခန်းမ၌ မြို့နယ်အတွင်းရှိ တည်းခိုခန်းပိုင်ရှင်များအား မှုခင်းကျဆင်းရေးတွင် ရဲတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းဆောင်ရွက်နိုင်စေရန် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

“တည်းခိုခန်းမှာ တည်းခိုတဲ့သူတွေရဲ့အခြေအနေအမှန်ကို ရဲတပ်ဖွဲ့နဲ့ပူးပေါင်းဆောင်ရွက်ဖို့ခေါ်ယူတွေ့ဆုံတာပါ။ ဒါမှလည်း မှုခင်းဖြစ်နိုင်တဲ့သူတွေကို အချိန်မီ ထိန်းချုပ်နိုင်မှာပါ။ မြို့မရဲစခန်းအပိုင်မှာ တည်းခိုခန်း ၅၀ ရှိတယ်။ မသင်္ကာတဲ့ အခြေအနေမျိုးမှာ မူးယစ်ဆေးဝါးမှုကအစ ဌာနဆိုင်ရာတွေနဲ့ ပေါင်းစပ်ပြီးဝင်ရောက်ရှာဖွေမှု လုပ်ဆောင်တယ်။ အဓိက ပူးပေါင်းလုပ်ဆောင်ဖို့ပါပဲ။ မသင်္ကာရင် သတင်းပို့ဖို့ဆွေးနွေးခဲ့ပါတယ်”ဟု မြို့မစခန်းမှူး ဒု-ရဲမှူးဝင်းနိုင်က ပြောသည်။

“တည်းခိုခန်းတွေအနေနဲ့ အခက်အခဲတော့မရှိဘူး။ ရဲနဲ့ပြည်သူပူးပေါင်းပြီး မှုခင်းကျဆင်းရေး ဆောင်ရွက်တာဟာ ကောင်းမွန်တဲ့အလားအလာပါ။ မိမိတည်းခိုခန်းရဲ့ပုံရိပ်ကို ကောင်းအောင်ကြိုးစားဖို့တော့လိုတယ်”ဟု ယုဝတီတည်းခိုခန်းပိုင်ရှင်က ပြောသည်။

လှိုင်သာယာတွင် မြို့မရဲစခန်းအပိုင်၌ တည်းခိုခန်း ၅၀ နှင့် အောက်စခန်းဖြစ်သော သောင်ကြီးရဲစခန်းအပိုင်တွင် တည်းခိုခန်း ၁၁ လုံးဖွင့်လှစ်ထားရာ တည်းခိုခန်းပေါင်း ၆၁ လုံးရှိကြောင်း သိရသည်။ လှိုင်သာယာ မြို့နယ်ရှိ တည်းခိုခန်းများသည် မှတ်ပုံတင် မပါရှိသော်လည်း တည်းခိုနိုင်ခြင်း၊ မှတ်ပုံတင်တစ်ခုဖြင့် လူသုံးဦးတည်းခိုခြင်း လက်ခံခွင့်ပြုကြသည့်အတွက် မှုခင်းဖြစ်ပွားမှုလျော့နည်းစေရန် တည်းခိုခန်းပိုင်ရှင်၊ မန်နေဂျာတို့အား တွေ့ဆုံခြင်းဖြစ်ကြောင်း သိရသည်။

**အောင်သန်းဦး (လှိုင်သာယာ)**

## ပျက်စီးနေသော ကျောင်းပြိန်းဆိုင်းခေါင်တံတား ပြုပြင်ပေးစေလို

**သီပေါ မတ် ၁၈**

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် တုံစင့်ကျေးရွာအုပ်စု ကျောင်းပြိန်းဆိုင်းခေါင်သစ်သားတံတားသည် သက်တမ်းရှည်ကြာနေပြီး အောက်ခြေပေါင်တန်းများ ဆွေးမြည့်နေခြင်း၊ လက်ရန်းတိုင်များမရှိတော့ခြင်း၊ အောက်ခင်းကြမ်းပြင်များ ကျိုးပဲ့နေခြင်းနှင့် ချုံနွယ်များတွယ်ကပ်နေပြီး ပြန်လည်ပြုပြင်ပေးရန် လိုအပ်လျက်ရှိကြောင်း တွေ့ရသည်။ **(ယာပုံ)**

အဆိုပါတံတားမှာ ချောင်းဆုံ၊ တတ်လိုင်၊ ထွန်လုံ၊ ကျောင်းပြိန်းရွာများနှင့် မြို့ပြသို့ ဆက်သွယ်ထားပြီး အဆိုပါတံတားပေါ်သို့ သွားလာဖြတ်သန်းသူများ အန္တရာယ်ကင်းရေးနှင့် ဒေသထွက်သီးနှံများ သယ်ယူပို့ဆောင်ရန်အတွက် ပြုပြင်ပေးနိုင်ရေး ဒေသခံများမျှော်လင့်လျက်ရှိသည်။ **စိုင်း(သီပေါ)**





# ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် မတ် ၁၈**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး မတ် ၁၇ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၆၈၅ စီး၊ သွင်းကုန် ၇၇၄ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၆ စီး၊ သွင်းကုန် ၂၀၇ စီး ကုန်စည်များသယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သောကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ မတ် ၁၇ ရက်တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းကတားဆီးမှုငါးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅ ဒသမ ၂၅၁၄ သန်းခန့်)ရှိသည့်အနက် ထူးခြားဖမ်းဆီးမှုအနေဖြင့် မတ် ၁၇ ရက်တွင် မြဝတီမှ ရန်ကုန်သို့သွားရောက်မည့် ခရီးသည်တင် မှန်လုံယာဉ်များကို မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးခဲ့ရာ ခရီးသည်၊ ပစ္စည်းများနှင့်အတူ ရောနှောသယ်ဆောင်လာသော တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်း မရှိသည့် Black Label 1 liter (1x12)40pkgs၊ Spy Wine 275ml (1x25) 15 pkgs နှင့် Chang Beer 330ml (1x24can) 35 pkgs စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၁ ဒသမ ၅၇ သန်းခန့် တွေ့ရှိသိမ်းဆည်းခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# အိန္ဒိယ - မြန်မာ ချစ်ကြည်ရေးအထိမ်းအမှတ် DIGAY ဂေါက်သီးရိုက်ပြိုင်ပွဲ ဆုချီးမြှင့်

**ရန်ကုန် မတ် ၁၈**

အိန္ဒိယ- မြန်မာ ချစ်ကြည်ရင်းနှီးမှု အထိမ်းအမှတ် DIGAY (Diplomatic and International Golf Association Yangon) ဂေါက်ရိုက်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲနှင့် ညစာစားပွဲ အခမ်းအနားကို မတ် ၁၇ ရက် ညနေပိုင်းက ရန်ကုန်မြို့ ဒဂုံမြို့နယ် သံတမန်လမ်းရှိ India House တွင် ကျင်းပခဲ့သည်။



အမျိုးသား အမျိုးသမီး ဂေါက်သီးရိုက်ပြိုင်ပွဲ ဆုချီးမြှင့်မှုများနှင့်အတူ ဂုဏ်ပြုညစာစားပွဲ ပြုလုပ်ခဲ့ပြီး DIGAY ၏ ဂုဏ်ထူးဆောင်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးအသီးသီးမှ သံအမတ်ကြီးများ၊ သံတမန်အသိုင်းအဝိုင်းမှ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

အဆိုပါပြိုင်ပွဲကို အိန္ဒိယ-မြန်မာ ချစ်ကြည်ရင်းနှီးမှု အထိမ်းအမှတ် အနေဖြင့် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံရုံးမှ တာဝန်ယူကျင်းပခြင်း ဖြစ်သည်။ **ခင်မောင်ဝင်း(ကြေးမုံ)**

# လူသတ်မှုကျူးလွန်သူကို ဖော်ထုတ်ဖမ်းဆီးရမိ

**ရန်ကုန် မတ် ၁၈**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် (၈၅) ရပ်ကွက် ကျန်စစ်သားလမ်းဘေးတွင် မတ် ၁၅ ရက် နံနက် ၈ နာရီခွဲခန့်တွင် ဓားဒဏ်ရာများဖြင့် အသက်(၃၅) နှစ်ခန့်ရှိ အမျိုးသားတစ်ဦး ဝဲဘက်လည်ပင်း၊ ယာဘက်လည်ပင်း၊ ယာပါးနှင့် ရင်ဘတ်တို့တွင် ထိုးသွင်းဒဏ်ရာများဖြင့် သေဆုံးနေသည်ကို တွေ့ရှိရသဖြင့် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့မရဲစခန်းက ပြစ်မှုကျူးလွန်သူအား အရေးယူနိုင်ရေး စုံစမ်းဆောင်ရွက်ခဲ့သည်။



အမှုနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး အရှေ့ပိုင်းခရိုင် မှုခင်းနှိမ်နင်းရေးဌာနစုနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များက ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်နှင့် ဆက်စပ်မြို့နယ်များသို့ ဖြန့်ခွဲစုံစမ်းဆောင်ရွက်ခဲ့ရာ သေဆုံးသူမှာ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်နေ ကျော်ကျော်နိုင်(၂၄)နှစ်ဖြစ်ကြောင်း၊ ၎င်းသည် ဖေဖော်ဝါရီ ၂ ရက်က တစ်ရပ်ကွက်တည်းနေ အသက်မပြည့်သူ မိန်းကလေးတစ်ဦးအား ခိုးယူပေါင်းသင်းသဖြင့် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့မရဲစခန်းတွင် ရာဇသတ်ကြီးပုဒ်မ ၃၆၃ အမှုမှ စစ်ဆေးဆဲကာလအတွင်း အာမခံဖြင့်နေထိုင်သူဖြစ်ကြောင်း သိရသည်။

အမှုနှင့်ပတ်သက်၍ ဆက်လက်စုံစမ်းဆောင်ရွက်ခဲ့ရာ မတ် ၁၄ ရက် ည ၁၀ နာရီခန့်တွင် သေဆုံးသူက ၎င်း၏ ဖခင်ထံဖုန်းဆက်၍ သူငယ်ချင်းဖြစ်သူထံ ညအိပ်မည်ဖြစ်ကြောင်း ပြောဆိုခဲ့သည်ကို သိရှိခဲ့ရသည့်အပြင် အခင်းဖြစ်နေရာအနီး၌ သူငယ်ချင်းဖြစ်သူ ကျော်မင်းဟန် နေထိုင်ကြောင်း စုံစမ်းသိရှိခဲ့သဖြင့် မတ် ၁၆ ရက် ည ၉ နာရီခွဲတွင် ကျော်မင်းဟန်အား ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့မရဲစခန်းသို့ခေါ်ဆောင်၍ စစ်မေးခဲ့ရာ သေဆုံးသူ ကျော်ကျော်နိုင်အား အဆိုပါအခင်းဖြစ်ရာနေရာ၌ အရိုးအသွား ခုနစ်လက်မခန့်ရှိ ဓားဖြင့် ၎င်းကထိုးခဲ့ခြင်း ဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။

စစ်ဆေးပေါ်ပေါက်ချက်အရ သက်သေခံပစ္စည်းများ ပြန်လည်သိမ်းဆည်းခဲ့ပြီး ကျော်မင်းဟန်အား ဆက်လက်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# တာချီလိတ်မြို့ လွယ်တော်ခမ်းပူးပေါင်းဂိတ်၌ ငွေကျပ်သိန်း ၆၁၀၀ ကျော်တန်ဖိုးရှိ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**တာချီလိတ် မတ် ၁၈**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)တာချီလိတ်မြို့ လွယ်တော်ခမ်းပူးပေါင်းစစ်ဆေးရေးဂိတ်တွင် မတ် ၁၇ ရက် ညပိုင်းက စိတ်ကြွဆေးပြားရိုက်နှိပ်ရန် အသင့်ရောစပ်ထားသည့် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ တပ်ဖွဲ့စု(၃၀) တာချီလိတ်မှ ဒုတိယတပ်ဖွဲ့စုမှူး ဒုတိယရဲမှူး သက်မောင် ဦးစီးပါဝင်သော ပူးပေါင်းအဖွဲ့သည် လွယ်တော်ခမ်းပူးပေါင်းစစ်ဆေးရေးဂိတ်တွင် တာချီလိတ်မှ မိုင်းဆတ်သို့ စိုင်းခုန်မောင်းနှင်ပြီး အိုက်ယုံနှင့် ဆိုင်ထန်းတို့လိုက်ပါလာသော SHN 3G/-- VIGO တစ်ခန်းခွဲ အမျိုးအစား မော်တော်ယာဉ်ကို ရပ်တန့်ရှာဖွေစစ်ဆေးရာ ယာဉ်နောက်ခန်းရှိ ကြမ်းခင်းအောက် နှစ်ထပ်အံဝှက်အတွင်းမှ ခဲစက္ကူဖြင့်ပတ်လျက် စိတ်ကြွဆေးပြားရိုက်နှိပ်ရန် အသင့်ရောစပ်ထားသည့် နီညိုရောင်အမှုန့် တစ်ထုပ်လျှင် ၅၀၀ ဂရမ်ခန့်စီပါ ၁၅ ထုပ်၊ လိမ္မော်ရောင်အမှုန့် တစ်ထုပ်လျှင် ၄၅၀ ဂရမ်ခန့်စီပါ ၇၄ ထုပ် စုစုပေါင်း ၈၉ ထုပ် (အလေးချိန် ၄၀ ဒသမ ၈ ကီလိုခန့်) ဒေသတန်ဖိုးငွေကျပ် သိန်း ၆၁၂၀ ခန့်ကို သိမ်းဆည်းရမိသည်။

အဆိုပါ မူးယစ်ဆေးဝါးများနှင့်အတူဖမ်းဆီးရမိသည့် စိုင်းခုန်၊ အိုက်ယုံနှင့် ဆိုင်ထန်းတို့ သုံးဦးအား တာချီလိတ်မြို့မရဲစခန်းတွင် အမှုဖွင့်အရေးယူ ဆောင်ရွက်ထားကြောင်း သိရသည်။

**ဝေယံလင်း(ပြန်/ဆက်)**



# မတ်လ ဒုတိယပတ်အတွင်း အကောက်ခွန်မဲ့ပစ္စည်း ကျပ်သန်း ၅၇၀ ကျော် သိမ်းဆည်းရမိ

**ရန်ကုန် မတ် ၁၈**

အကောက်ခွန်မဲ့ပစ္စည်းများကို တားဆီးစစ်ဆေးအရေးယူလျက်ရှိရာ မတ်လ ဒုတိယပတ်အတွင်း အကောက်ခွန်မဲ့ပစ္စည်း ကျပ်သန်း ၅၇၀ ကျော် သိမ်းဆည်းရမိခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

အကောက်ခွန်ဦးစီးဌာနမှ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၊ လေဆိပ်ကုန်လှောင်ရုံ၊ ဆိပ်ကမ်းများ၊ အထူးကင်း၊ ရေပူစစ်ဆေးရေးစခန်းနှင့် အကောက်ခွန်နယ်မြေဒေသအသီးသီးတို့တွင် မတ် ၉ ရက်မှ ၁၆ ရက်အထိ တစ်ပတ်တာအတွင်း တင်သွင်း/တင်ပို့ခွင့် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် အကောက်ခွန်မဲ့ပစ္စည်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၇၂ ဒသမ ၇၉၆၅ သန်း) သိမ်းဆည်းရမိခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

ယင်းသို့ တားဆီးသိမ်းဆည်းခဲ့ရာတွင် ရန်ကုန်ဆိပ်ကမ်းမှ တားဆီးမှုနှစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၄ ဒသမ ၇၅ သန်းခန့်)၊ မန္တလေးတိုင်းဒေသကြီး အကောက်ခွန်ဦးစီးဌာနမှူးရုံးက တားဆီးမှု ၂၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၉ ဒသမ ၃၄ သန်းခန့်)၊ ရေပူစစ်ဆေးရေးစခန်းက တားဆီးမှု ၃၉ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၆ ဒသမ ၉၄၅ သန်းခန့်)၊ မရမ်းချောင်စစ်ဆေးရေးစခန်းမှ တားဆီးမှု ၂၉ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၉ ဒသမ ၉၂၁၅ သန်းခန့်)၊ မူဆယ်မြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံးက တားဆီးမှုခြောက်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀ ဒသမ ၉၈၈ သန်းခန့်)၊ မြစ်ကြီးနားမြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံးက တားဆီးမှုတစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၆ ဒသမ ၂၁၈ သန်းခန့်)၊ ဗန်းမော်မြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံးက တားဆီးမှု နှစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄ ဒသမ ၁၃၄ သန်းခန့်)၊ မြိတ်မြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံးက တားဆီးမှုနှစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀ ဒသမ ၅ သန်းခန့်) စုစုပေါင်း ၁၀၁ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၇၂ ဒသမ ၇၉၆၅ သန်း) သိမ်းဆည်းရမိခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

**(၀၀၁)**

## ပြင်ဆင်ဖတ်ရှုပါရန်

မတ် ၁၈ ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ (၁၁) တွင် ဖော်ပြခဲ့သော ဦးကိုနီအားလုပ်ကြံခဲ့သူ ကြည်လင်းနှင့်အတူ ပါဝင်ပတ်သက်သူများအား ရုံးထုတ်စစ်ဆေးသတင်းတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးမှဖွဲ့ပေးသည့် ခုံအဖွဲ့၌ **ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးမှ ခရိုင်တရားသူကြီး အစား ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံးမှ ခရိုင်တရားသူကြီး** ဟု ပြင်ဆင်ဖတ်ရှုပါရန်။ **ဖော်ကြီး(ပဏ္ဍိတ)**

**မြန်မာ့လက်ရွေးစင်မှ**

ဂိုးနည်းပြ ဦးအောင်ကျော်ကျော်၊ ကြံ့ခိုင်ရေးနည်းပြ ပိုပေါ့စကီး၊ အသင်းအတွင်းရေးမှူး ဦးထွန်းထွန်းအောင်၊ ကစားသမားများအဖြစ် ဂိုး-သီဟစည်သူ၊ ရန်အောင်လင်း၊ ဘုန်းသစ္စာမင်း၊ နောက်တန်း-ဒေးဗစ်ဒန်း၊ ဖြိုးကိုကိုသိန်း၊ ဝင်းမင်းထွန်း၊ သိန်းသန်းဝင်း၊ ဟိန်းသီဟဇော်၊ သောင်လျှပ်ထန်၊ အလယ်တန်း ရန်အောင်ကျော်၊ မျိုးကိုထွန်း၊ တင်ဝင်းအောင်၊ စည်သူအောင်၊ သက်နိုင်၊ ဇင်ဖြိုးအောင်၊ ရန်နိုင်ဦး၊ မောင်မောင်လွင်၊ ရှေ့တန်း-အောင်သူ၊ ကျော်ကိုကို၊ သန်းပိုင်နှင့် ဆောင်လမန်တို့ ပါဝင်ကြသည်။

မြန်မာအသင်းနှင့် အင်ဒိုနီးရှားအသင်းသည် မတ် ၂၁ ရက် မြန်မာစံတော်ချိန် ညနေ ၆ နာရီခွဲတွင် အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပမည်ဖြစ်သည်။

**သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-ဖိုးသော်ဇင်**

# ချန်ပီယံလိဂ်ကွာတားဖိုင်နယ် မဲခွဲဆုံးဖြတ်မှုအပြီး ပရိသတ်များ စိတ်ဝင်စားမှု ပြင်းထန်စွာ တုံ့ပြန်

**ချန်ပီယံလိဂ်ကွာတားဖိုင်နယ်မဲခွဲရွေးချယ်မှုကို ဆွစ်ဇာလန်နိုင်ငံ နိုင်ယွန်မြို့မှာ မတ် ၁၇ ရက်က ကျင်းပခဲ့ရာ လက်စတာစီးတီးနဲ့ အက်သလက်တီကို၊ ဘိုင်ယန်မြူးနစ်နဲ့ ရီးယဲလ်မက်ဒရစ်၊ ဂျူဗင်တပ်နဲ့ ဘာစီလိုနာ၊ ဒေါ့မွန်နဲ့ မိုနာကို အသင်းတို့ ထိပ်တိုက်တွေ့ဆုံကြတော့မှာ ဖြစ်ပါတယ်။ ဒီမဲခွဲမှုအပြီး ပရိသတ်အာရုံကို အဆွဲဆောင်နိုင်ဆုံး ဖြစ်ခဲ့တာကတော့ ဂျာမန်အင်အားကြီး ဘိုင်ယန်မြူးနစ်နဲ့ လက်ရှိချန်ပီယံ ရီးယဲလ်မက်ဒရစ်အသင်းတို့ ထိပ်တိုက်တွေ့ဆုံမှုဖြစ်ပြီး ဂျူဗင်တပ်နဲ့ ဘာစီလိုနာအသင်းတို့ ပွဲစဉ်အပေါ်လည်း အတော်လေး စိတ်ဝင်စားတာကို တွေ့ရပါတယ်။**

ဘိုင်ယန်မြူးနစ်နဲ့ ရီးယဲလ်မက်ဒရစ်အသင်းဆိုတာ နောက်ဆုံးငါးရာသီအတွင်း အနိမ့်ဆုံးအဆင့်အဖြစ် အကြိုဗိုလ်လုပွဲကို တက်ရောက်နိုင်တဲ့အသင်းတွေဖြစ်တာကြောင့် အခုလို စောစောစီးစီး ကွာတားအဆင့်မှာ တွေ့ဆုံနေတာဟာ ပရိသတ်တွေအကြား အတော်လေးလှုပ်ခတ်ခဲ့တဲ့အကြောင်း ဖြစ်ခဲ့ပါတယ်။ ဒါ့အပြင် ဘိုင်ယန်မြူးနစ်နည်းပြ အန်စလော့တီနဲ့ ကွင်းလယ်လူဇာဘီအလွန်ဆိုတို့ရဲ့ အသင်းဟောင်း ရီးယဲလ်ကို တစ်ကျော့ပြန်ရင်ဆိုင်ရမယ့် ပွဲစဉ်အတွက် ပရိသတ်တွေ စိတ်ဝင်စားမှု များပြားနေတာဖြစ်ပါတယ်။ ဘိုင်ယန်နဲ့ ရီးယဲလ်တို့ထဲက တစ်သင်းသာ အကြိုဗိုလ်လုပွဲတက်ရောက်နိုင်မယ့် ကိစ္စရပ်ဟာလည်း ချန်ပီယံလိဂ် နောက်ပိုင်းနှစ်တွေမှာ အကြိုဗိုလ်လုပွဲအဆင့်လောက်မှ တွေ့ဆုံနေကျဖြစ်တဲ့ ဒီနှစ်သင်းအတွက် အနည်းငယ်ထူးခြားမှုလို့ ပြောရတော့မှာပါ။ ပရိသတ်အများစုကတော့ ဘယ်အသင်းအသာရမလဲဆိုတာ မှတ်ချက်ပြုရေးသားကြတာမျိုး မဟုတ်ဘဲ အန်စလော့တီရဲ့ လက်ထောက်နည်းပြအဖြစ်ဆောင်ရွက်ဖူးတဲ့ ဇီဒန်းနဲ့ အန်စလော့တီတို့နှစ်ဦး နည်းဗျူဟာပိုင်း ဘယ်လို အခင်းအကျင်းနဲ့ ပြန်လည်ရင်ဆိုင်မယ်ဆိုတာကို အလေးပေး ရေးသားနေကြတာ ဖြစ်ပါတယ်။




ဂျူဗင်တပ်နဲ့ ဘာစီလိုနာတို့ တစ်ကျော့ပြန် ထိပ်တိုက်တွေ့ဆုံမှုကတော့ အသင်းကြီးနှစ်သင်း ထိပ်တိုက်တွေ့ဆုံမှုဆိုတာထက် ၂၀၁၅ ချန်ပီယံလိဂ်ဗိုလ်လုပွဲမှာ တွေ့ဆုံခဲ့မှုကို ပြန်ပြောင်းအမှတ်ရစေသလို ဂျူဗီနောက်ခံလူ ချီလီနီနဲ့ ဘာကာတိုက်စစ်မှူး ဆွာရက်ဇ်တို့ ပြန်လည်ရင်ဆိုင်မှုအပေါ် လူမှုကွန်ရက်တွေကြား မှတ်ချက်ပြုရေးသားချက်တွေ ပလူပျံနေပါတယ်။ ပရိသတ်တွေကတော့ ဆွာရက်ဇ်ဟာ ချီလီနီကို ကိုက်ဖို့ သွားတွေကို ကြိုသွေးထားပြီ၊ ဒီတစ်ခါလည်း ဂျူဗီအနေနဲ့ ဘာကာကို ထပ်မံအရေးနိမ့်ဦးမယ်စသဖြင့် ရေးသားမှုတွေရှိနေသလို ဘာစီလိုနာနည်းပြအဖြစ်ဆောင်ရွက်ချင်နေတဲ့ ဂျူဗီနည်းပြ အယ်လီဂရီ နျူးကမ့်ကွင်းမှာ အစွမ်းအစပြဖို့ အချိန်တန်နေပြီဆိုတဲ့ မှတ်ချက်မျိုးတွေကိုသာ တွေ့နေရပါတယ်။

လက်စတာစီးတီးနဲ့ အက်သလက်တီကိုအသင်းတို့ရဲ့ ထိပ်တိုက်တွေ့ဆုံမှုအတွက်တော့ အက်သလက်ပရိသတ်အများစုက ကျေနပ်နေကြပြီး သူတို့အသင်း ယခုနှစ်အနိမ့်ဆုံး အကြိုဗိုလ်လုပွဲတက်ရောက်နိုင်ပြီလို့ သုံးသပ်ကြပေမယ့် လက်စတာပရိသတ်တွေကတော့ ဆီဗီလာဟာ လာလီဂါအမှတ်ပေးဇယားမှာ အက်သလက်တီကိုထက် ငါးမှတ်အသာနဲ့ ရပ်တည်နေတာတောင် လက်စတာစီးတီးက ဆီဗီလာကို အနိုင်ကစားပြီး ကွာတားဖိုင်နယ်ကို တက်ရောက် လာတာကြောင့် ဒီတစ်ကြိမ်လည်း နောက်ထပ်စပိန်အသင်းတစ်သင်းကို အလဲထိုးဦးမယ်လို့ မှတ်ချက်ပြုမှုတွေ တွေ့ကြရပါတယ်။ ဒေါ့မွန်နဲ့ မိုနာကိုအသင်းထိပ်တိုက်တွေ့ဆုံမှုကတော့ ပရိသတ်စိတ်ဝင်စားမှု နည်းးပါးတဲ့ပွဲစဉ်ဖြစ်နေပြီး ထူးထူးခြားခြား ဝေဖန်ရေးသားမှုတွေ မမြင်တွေ့ခဲ့ရပါဘူး။

# မော်ရင်ဟိုအတွက် မန်ယူအသင်းမှာ ခမ်းနားလွန်းနေသည်ဟု ရွိုင်းကိန်း ပြောကြား

နည်းပြ မော်ရင်ဟိုလက်အောက် မန်ယူအသင်းရလဒ်ပိုင်း ကောင်းမွန်မှုမရှိခြင်းမှာ မော်ရင်ဟိုအတွက် မန်ယူအသင်းမှာ ခမ်းနားလွန်းနေခြင်းကြောင့်ဖြစ်သည်ဟု မန်ယူဂန္ထဝင်ကစားသမား ရွိုင်းကိန်းက စွပ်စွဲလိုက်ရာ ရွိုင်းကိန်းနှင့် မော်ရင်ဟိုကြား စကားစစ်ထိုးမှုများ စတင်ဖြစ်ပေါ်လာခဲ့ပြီဖြစ်သည်။ မန်ယူအသင်းသည် ရုရှားကလပ်ရော့စ်တော့ဗ်ကို ကျဉ်းမြောင်းသည့် အနိုင်ရလဒ်ဖြင့်သာ အနိုင်ယူ၍ ယူရိုပါလိဂ် ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်ခဲ့ပြီးနောက် ရွိုင်းကိန်းက အထက်ပါအတိုင်း ဝေဖန်ခဲ့ခြင်းဖြစ်သည်။

မော်ရင်ဟိုက မန်ယူအသင်းတွင် တိုက်စစ်ပိုင်းရွေးချယ်မှု နည်းနေပြီး ပွဲဆက်များပြားစွာ ကစားရမှုက မန်ယူအသင်း ထင်သလောက် ခရီးမပေါက်ခြင်းကို ဖြစ်စေခဲ့သည်ဟု အကြောင်းပြချက်ပေးခဲ့ရာ ရွိုင်းကိန်းက မော်ရင်ဟိုမှာ မန်ယူအသင်းတွင် ငွေကြေးသုံးစွဲမှု ကန့်သတ်ချက်မရှိသည့်အနေအထားဖြင့် ကစားသမားကောင်း မြောက်မြားစွာကို ပိုင်ဆိုင်ထားသော်လည်း ရလဒ်ကောင်းမဖန်တီးနိုင်ခြင်းမှာ အံ့အားသင့်စရာဖြစ်နေပြီဟု တုံ့ပြန်ခဲ့သည်။

ရွိုင်းကိန်းက" ဒီလောက် တန်ဖိုးမရှိတဲ့ စကားမျိုးကို ကျွန်တော့် တစ်သက်တစ်ခါမှ မကြားခဲ့ရဖူးဘူး။ သူဟာ မန်ယူလို ကြီးကျယ်ခမ်းနားတဲ့ အသင်းကို ကိုင်တွယ်နေတဲ့ မန်နေဂျာတစ်ဦးဖြစ်ပြီး ကစားသမားကောင်းတွေ အများကြီးကို အင်ပြည့်အားပြည့် ပိုင်ဆိုင်ထားတာကြောင့် လွယ်လွယ်ကူကူ အနေအထားဖြစ်သင့်ပါတယ်။ ခုတော့ ရလဒ်မကောင်းရင် ပွဲဆက်များတာ၊ ခရီးဝေးနှင်ရတာကိုချည်း အပြစ်တင်နေတာတော့ အတော်လေး စိတ်ပျက် စရာဖြစ်နေပါပြီ။ အဖြေထုတ်လိုက်ရင်တော့ မန်ယူအသင်းဟာ သူ့အတွက် ခမ်းနားလွန်းနေတာကြောင့် ဖြစ်ပါလိမ့်မယ်"ဟု ဝေဖန်ခဲ့ခြင်းဖြစ်သည်။




ရွိုင်းကိန်းနှင့် မော်ရင်ဟိုတို့ စကားစစ်ထိုးမှုကို The Sunသတင်းစာမှ သရော်ထားစဉ်။

# အကောင်းဆုံးပုံစံဖြင့် ပြန်လာပြီး မန်ယူအသင်းကို ချန်ပီယံလိဂ်ဝင်ခွင့်ရစေမည်ဟု ပေါ့ဘာကတိပြု

မန်ယူအသင်းကွင်းလယ်လူ ပေါပေါ့ဘာမှာ ယူရိုပါလိဂ်ပွဲစဉ်တွင် ရရှိခဲ့သော တံကောက်ကြောဒဏ်ရာကြောင့် မစ်ဒယ်ဘရော့နှင့် ပွဲစဉ်ကို လွဲချော်မည်ဖြစ်သော်လည်း မကြာမီအချိန်အတွင်း အကောင်းဆုံးပုံစံဖြင့် ပြန်လာပြီး မန်ယူအသင်းကို ရာသီကုန်တွင် ချန်ပီယံလိဂ်ဝင်ခွင့်ရအောင် အစွမ်းကုန်ကူညီသွားမည်ဟု ကတိပြုပြောကြားခဲ့သည်။ ရော့စ်တော့ဗ်အားတစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသည့် ပွဲစဉ်အတွင်း ပေါ့ဘာ ဒဏ်ရာရရှိခဲ့ပြီးနောက် ဖယ်လိုင်နီနှင့် လူစားလဲခဲ့ရသည်။

မန်ယူအသင်းတွင် ပေါ့ဘာ ဒဏ်ရာရရှိသွားမှုက ရွန်းနီနှင့် မာရှယ်လ်တို့ ဒဏ်ရာကြုံတွေ့ရမှုထက် မန်ယူအသင်းအတွက် ပိုမိုထိခိုက်ခဲ့ပြီး မန်ယူတိုက်စစ်မှူး အီဗရာဟီမိုဗစ်မှာလည်း ဘုန်းမောက်နောက်ခံလူ တိုင်ရိုနီမင်းစ်ကို တံတောင်ဖြင့်တွတ်ခဲ့သည့်အတွက် သုံးပွဲပယ်ပြစ်ဒဏ် ချမှတ်ခံထားရသည်။ ပေါ့ဘာက"မကြာခင်အချိန်မှာ ရာနှုန်းပြည့် ကြံ့ခိုင်မှု၊ အကောင်းဆုံးပုံစံနဲ့ ပြန်လာပြီး မန်ယူအသင်းကို ထိပ်တန်းလေးနေရာကို ဝင်ရောက်စေမယ်လို့ ကတိပြုပါတယ်" ဟု သူ၏ တွစ်တာစာမျက်နှာပေါ်မှတစ်ဆင့် ရေးသားဖော်ပြခဲ့သည်။

ယခုကဲ့သို့ ပေါ့ဘာ ဒဏ်ရာရရှိသွားခြင်းအတွက် မန်ယူအသင်း ပွဲဆက်များလွန်းမှုအပေါ် နည်းပြ မော်ရင်ဟိုက ပြစ်တင်ဝေဖန်ခဲ့သည်။ မန်ယူအသင်းသည် မစ်ဒယ်ဘရော့အသင်းကို တနင်္ဂနွေနေ့ မွန်းတည့် ၁၂နာရီ( ဗြိတိန်စံတော်ချိန်) တွင်ကစားရဦးမည်ဖြစ်သဖြင့် ကစားသမားများ လိုသည်ထက်ပို၍ နွမ်းနယ်မှုကို ခံစားကြရဦးမည်ဖြစ်သည်ဟု ဆိုခဲ့သေးသည်။

# တစ်လအတွင်း ဟယ်ရီကိန်း ပြန်ကစားနိုင်မည်ဟု ပိုချက်တီနို အတည်ပြု

အစောပိုင်းက ရာသီကုန်အထိ အနားယူရတော့မည်ဟု သတင်းထွက်နေသူ စပါးတိုက်စစ်မှူး ဟယ်ရီကိန်းမှာ တစ်လအတွင်း ပြန်လည်ကစားနိုင်ရန်ရှိနေသည်ဟု နည်းပြ ပိုချက်တီနိုက မတ် ၁၇ ရက်က အတည်ပြုချက်ပေးခဲ့သည်။ ကိန်းမှာ မီဝေါလ်အသင်းကို ရင်ဆိုင်ခဲ့သည့် အက်ဖ်အေဖလား ကွာတားဖိုင်နယ်ပွဲစဉ်တွင် ခြေချင်းဝတ်အရွတ်ကြောဒဏ်ရာ ရရှိသွားခဲ့ခြင်းဖြစ်သည်။


ဟယ်ရီကန်းမှာ ယခုနှစ်ရာသီ ပြီးခဲ့သည့် စက်တင်ဘာလအတွင်းကလည်း အလားတူ ဒဏ်ရာမျိုးရရှိခဲ့ဖူးပြီး ရှစ်ပတ်အနားယူခဲ့ရသေးရာ ယခုတစ်ကြိမ်တွင်လည်း ရာသီကုန်အထိပင် အနားယူရနိုင်သည်ဟူသော ခန့်မှန်းမှုများ ထွက်ပေါ်ခဲ့သေးသည်။ သို့သော် ယခုဒဏ်ရာမှာ စက်တင်ဘာလက ရရှိခဲ့သည့် ဒဏ်ရာလောက် ပြင်းထန်မှုမရှိခဲ့သည့်အတွက် တစ်လအတွင်း ပြန်လည်ကစားနိုင်ရန် သေချာသည်ဟု ပိုချက်တီနိုက ဆိုခဲ့ခြင်းဖြစ်သည်။

ကိန်းမှာ ပရီမီယာလိဂ်သွင်းဂိုး ၁၉ ဂိုးအထိ သွင်းယူထားနိုင်သည့် ကစားသမားဖြစ်ခြင်းကြောင့် ယခုကဲ့သို့ ကိန်းဒဏ်ရာရရှိသွားမှုက သူ၏ ပရီမီယာလိဂ် ထိပ်တန်းဂိုးသွင်းရှင် အိပ်မက်ကို ထိခိုက်စေခဲ့သလို ပရီမီယာလိဂ်ချန်ပီယံအိပ်မက်မက်နေသည့် စပါးအသင်းအတွက်လည်း ကြီးမားသည့် ထိခိုက်မှုပင်ဖြစ်သည်။ သို့သော် ပိုချက်တီနိုက စပါးအသင်းက ကစားသမားတစ်ဦးအပေါ် မှီတည်နေသည့် အသင်းမဟုတ်သည့်အတွက် ရလဒ်ပိုင်းထိခိုက်စရာ အကြောင်းမရှိဟု တုံ့ပြန်ပြီးဖြစ်သည်။

# ကွင်းလယ်ကစားသမားဇာကာမှာ ဒိုင်များ၏ ပစ်မှတ်ဖြစ်နေပြီဟု နည်းပြ အာစင်ဝင်းဂါး ရှုမြင်

အာဆင်နယ်ကွင်းလယ်လူ ဇာကာမှာ ဒိုင်များ၏ မမျှမတ ဆက်ဆံခံနေရပြီး ကစားပုံ ကြမ်းတမ်းသည်ဟူသော သူ၏ နာမည်ဂုဏ်သတင်းက သူ့ကို အပြစ်သားတစ်ဦးဘဝမျိုးရောက် အောင်တွန်းပို့ပေးနေပြီဟု နည်းပြ ဝင်းဂါးက ညည်းတွားခဲ့သည်။ ဝင်းဂါးက အချို့သော ကစားသမားများမှာ ဇာကာထက် ကြမ်းတမ်းသော ဖျက်ထုတ်မှုမျိုး ပြုလုပ်ကြသော်လည်း အဝါကတ်ပင် ပြသမခံရဘဲ ဇာကာကိုဆိုလျှင် ဒိုင်များက တိုက်ရိုက်အနီကတ်ဖြင့်ပင်ထုတ်ပယ်ရန် ဝန်မလေးကြတော့ကြောင်း အခြားကစားသမားများနှင့် ဇာကာကြား မတူညီသည့် ကွင်းတွင်း ဆက်ဆံခံရမှုအပေါ် နှိုင်းယှဉ်သုံးသပ်ပြခဲ့သည်။

ဝင်းဂါးက ဇာကာမှာ နည်းစနစ်ပိုင်းလိုအပ်ချက်ကြောင့် ကြမ်းတမ်းသည့် ဖျက်ထုတ်မှုပုံစံမျိုးဖြစ်နေသော်လည်း ဒိုင်များက ဇာကာကိုသာ ပြစ်မှတ်ထားသည့် ပုံစံမျိုးဖြစ်နေသည့်အပေါ် အမှန်တကယ်ပင် စိတ်ပျက်မိကြောင်း မှတ်ချက်ပြုခဲ့သည်။ ဇာကာမှာ ပြီးခဲ့သည့် စက်တင်ဘာလက တစ်ကြိမ်၊ ဇန်နဝါရီလ ဘန်လေနှင့် ပွဲစဉ်တွင် တစ်ကြိမ် တိုက်ရိုက်အနီကတ်ဖြင့် ထုတ်ပယ်ခံခဲ့ရခြင်းကြောင့် တစ်ရာသီအတွင်း အနီကတ်နှစ်ကြိမ် ပြသခံရသည့် ကစားသမားဖြစ်လာခဲ့သည်။ ဇာကာမှာ ချယ်လ်ဆီး ကွင်းလယ်လူ ကန်တီထက် ဘောလုံးဖြန့်ဝေမှုကောင်းသည့် ကစားသမားဖြစ်သော်လည်း ကန်တီက နည်းဗျူဟာ ကျေညက်သည့် ကစားသမားဖြစ်ခြင်းကြောင့် ကြမ်းတမ်းသည့် ဖျက်ထုတ်မှု မဖြစ်ခဲ့ခြင်းဖြစ်ကြောင်း ဝင်းဂါးက ဆိုသည်။ သို့သော် ဝင်းဂါးက အာဆင်နယ် ဗဟိုကွင်းလယ်ပိုင်း လိုအပ်သည့် ကွက်လပ်ကို ကိုကွီလင်ကောင်းစွာ ဖြည့်ဆည်းပေးခဲ့ခြင်းဖြစ်ကြောင့် အာဆင်နယ်ကွင်းလယ်ပိုင်းအတွက် စိတ်ပူစရာ မလိုကြောင်း ပြောကြားခဲ့သည်။




မေလဲ့သင်း
ရေးသားသည်

*Congratulations to the*

# NAING Group Construction Company Limited

*For Being Accredited With*

**ISO 9001:2015, ISO14001:2004 & OHSAS 18001:2007 Certificates**










မြန်မာနိုင်ငံဆောက်လုပ်ရေးလောကတွင် အဆင့်မြင့်အဆောက်အအုံများ၊ လမ်းတံတားများတည်ဆောက်ခြင်းနှင့်ပတ်သက်ပြီး အင်္ဂလန်နိုင်ငံ(United Kingdom Accreditation Service)မှ ချီးမြှင့်သည့် နိုင်ငံတကာအသိအမှတ်ပြု စံချိန်စံညွှန်းအရည်အသွေးထိန်းချုပ်မှုစနစ် ISO 9001:2015 (Quality Management Systems)၊ ပတ်ဝန်းကျင် စီမံခန့်ခွဲမှုစနစ် ISO 14001:2004 (Environmental Management Systems)နှင့် လုပ်ငန်းခွင် ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေး စီမံခန့်ခွဲမှုစနစ် OHSAS 18001:2007 (Occupational Health and Safety Management Systems) လက်မှတ်များရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့သည့် နာယက ဦးကျော်နိုင်ဦး၊ ဥက္ကဋ္ဌ ဦးဇော်နိုင်ဦး၊ Board of Directors အဖွဲ့ဝင်များနှင့် **NAING Group Construction Co.,Ltd** ဝန်ထမ်းများအတွက် အထူးဂုဏ်ယူ ဝမ်းမြောက်ပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

Champion Construction Co.,Ltd
Champion Construction Materials Co.,Ltd
Myanmar New Generation Design Co.,Ltd
Win & Hla Manufacturing Co.,Ltd
Yadanar Myaing Construction Co.,Ltd
Mother Land Group Construction Co.,Ltd
Ngapali Enterprises Co.,Ltd
Family Business Group Co.,Ltd
NILAR Alliance Co.,Ltd
Maung Maung Gyi Construction & Trading Co.,Ltd
Royal Land Construction Co.,Ltd
Myanmar Seilone Construction Co.,Ltd

Lucky Concrete Precast Products Manufacturing Co.,Ltd
NAING Family Cherry Oo Co.,Ltd
Geo-Tech Pile Co.,Ltd
Champion Oversea Trading Co.,Ltd
Time Square Tading Co.,Ltd
Lion King Construction Co.,Ltd
Mother's Son Group Construction Co.,Ltd
Real Home Construction Co.,Ltd
Sein Sekkyar General Trading Co.,Ltd (MILANO Men's Wear)
Tong Tah Construction Co.,Ltd
USO & Associate Construction Co.,Ltd
OLEANDER Construction Group Public Co.,Ltd

## နံပါတ်မပါ၊ အိတ်ဇောမတပ် ဆိုင်ကယ်များကို စစ်ဆေးအရေးယူသွားမည်

**မုံရွာ မတ် ၁၈**

သင်္ကြန်အကြိုကာလ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်ပတ်သက်၍ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ သက်ဆိုင်ရာမြို့နယ်အုပ်ချုပ်ရေးမှူးများမှ သင်္ကြန်အကြို စည်းကမ်းအမိန့်ထုတ်ပြန်ခြင်းနှင့်အတူ နံပါတ်မပါ အိတ်ဇောမတပ် ဆိုင်ကယ်များကို စစ်ဆေးအရေးယူသွားမည်ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်သန့်နိုင်ထံမှ သိရသည်။

“သင်္ကြန်အကြိုစည်းကမ်းချက်တွေ ထုတ်ပြန်မှာဖြစ်သလို နံပါတ်မပါ အိတ်ဇောမတပ် ဆိုင်ကယ်တွေကို သင်္ကြန်မတိုင်ခင် သုံးရက်ကြိုပြီး စစ်ဆေးအရေးယူသွားမှာပါ။ ဒါ့အပြင် သင်္ကြန်ကာလအတွင်း သိမ်းဆည်းထားပြီး ၂၀၁၅ ခုနှစ် မော်တော်ယာဉ်ဥပဒေအရ တရားစွဲဆိုတင်ပို့တာတွေ ပြုလုပ်သွားမှာပါ။ ပြီးခဲ့တဲ့ ၂၀၁၆ သင်္ကြန်မှာတော့ ကြိုတင်ဆောင်ရွက်ခဲ့တဲ့အတွက် မုံရွာခရိုင်ထဲမှာ သင်္ကြန်ကာလ ယာဉ်မတော်တဆ ထိခိုက်တာကြောင့် သေဆုံးတာ မရှိခဲ့ပါဘူး” ဟု ဗိုလ်မှူးကြီးကျော်သန့်နိုင်က ပြောပြသည်။

သက်ဆိုင်ရာ မြို့အဝင်၊ မြို့အထွက်များတွင် ပူးပေါင်းစစ်ဆေးရေးအဖွဲ့များက ကျေးလက်မှ မြို့ပေါ်သို့လာသော ဦးထုပ်မဆောင်းသည့် ဆိုင်ကယ်စီးသူများကို ရပ်တန့်စစ်ဆေးပြီး အသိပညာပေးဟောပြောခြင်းများ ဆောင်ရွက်မည်ဖြစ်သလို ကုန်ပို၊ လူပိုတင်ဆောင်လာသော မော်တော်ယာဉ်များ၊ ကြံ့ခိုင်မှုမရှိသော မော်တော်ယာဉ်များ၊ အန္တရာယ်ဖြစ်လောက်အောင် စည်းကမ်းမဲ့မောင်းနှင်သော မော်တော်ယာဉ်များကို စစ်ဆေးပြီး ၂၀၁၅ ခုနှစ် မော်တော်ယာဉ်ဥပဒေအရ သက်ဆိုင်ရာရဲစခန်းများတွင် အမှုဖွင့်ကာ ကြိုတင်ကာကွယ်မှုဖြင့် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းကောင်းမွန်ရန် အထောက်အကူပြုလုပ်ငန်းများဖြစ်သော လမ်းများကောင်းမွန်ရေး၊ လမ်းညွှန်အမှတ်အသားဆိုင်းဘုတ်များ၊ လူကူးမျဉ်းကျား၊ လမ်းလယ်ကျွန်းများ၊ အချက်ပြမီးပွိုင့်များ စသည်တို့ကို ပြည့်စုံကောင်းမွန်ရန် ဆောင်ရွက်မည့်အပြင် သက်ဆိုင်ရာမြို့နယ်အလိုက် ဆောက်ထားသော ရေကစားမဏ္ဍပ်အနေအထားကိုမူတည်၍ အလှပြယာဉ်နှင့် ရေပက်ခံကားများ၏ အဝင် အထွက်လမ်းများ သတ်မှတ်ကာ တစ်လမ်းမောင်း သတ်မှတ်ခြင်းကိုလည်း ကြိုတင်ညှိနှိုင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

“တိုင်းဒေသကြီးထဲက အစိုးရမဟုတ်တဲ့ လူမှုရေးအသင်းအဖွဲ့တွေကို ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ ဆောင်ရွက်ချက်တွေကို ပူးပေါင်းပါဝင်လာစေဖို့ ကြိုးပမ်းဆောင်ရွက်သွားဖို့ရှိပါတယ်။ အစိုးရနဲ့ ပြည်သူအကြား ပွင့်လင်းမြင်သာပြီး တူညီတဲ့ရည်ရွယ်ချက် တူညီတဲ့ လုပ်ငန်းစဉ်တွေကို အတူပူးပေါင်းဆောင်ရွက်နိုင်ဖို့အတွက် ကဏ္ဍအသီးသီးက ဌာနဆိုင်ရာဝန်ထမ်းတွေအနေနဲ့ မိမိတို့ရဲ့လုပ်ငန်း တာဝန်တွေကို ဆောင်ရွက်ရင်း ဆက်သွယ်ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်” ဟု ဗိုလ်မှူးကြီး ကျော်သန့်နိုင်က ပြောပြသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

## ဒီးမော့ဆိုနှင့် ဖရူဆိုတို့တွင် လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ်များပေးအပ်

**လွိုင်ကော် မတ် ၁၈**

ဒီးမော့ဆိုမြို့နယ်နှင့် ဖရူဆိုမြို့နယ်အတွင်း လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)ပေးအပ်ပွဲကို မတ် ၁၇ ရက် နံနက် ၉ နာရီက ဒီးမော့ဆိုမြို့နယ် ခန်းမဒ္ဓလည်းကောင်း၊ နံနက် ၁၁ နာရီက ဖရူဆိုမြို့နယ်ခန်းမဒ္ဓလည်းကောင်း ပြုလုပ်ရာ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို၊ ကယားပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများ၊ တောင်သူများ တက်ရောက်ကြကြောင်း သိရသည်။



ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက ကယားပြည်နယ်အစိုးရအဖွဲ့အနေဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ ၇)မရရှိသေးသော ဒေသခံတောင်သူများအား သားစဉ်မြေးဆက် အဆက်ဆက်တိုင်အောင် ဘဝအာမခံချက်ရရှိရေးအတွက် (ပုံစံ ၇) ထုတ်ပေးခြင်းလုပ်ငန်းကို ၂၀၁၆ ခုနှစ် ဒီဇင်ဘာလမှစတင်၍ ဆောင်ရွက်ပေးခဲ့ရာ ကယားပြည်နယ်တစ်ခုလုံးအနေဖြင့် မတ်လအကုန်တွင် တောင်သူပေါင်း ၄၈၉၇၃ ဦး၊ ဦးပိုင်ပေါင်း ၆၄၁၁၃၊ ဧရိယာ ၁၅၃၆၇၇ ဧကအား လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ်(ပုံစံ ၇)ထုတ်ပေးသွားမည်ဖြစ်ကြောင်း၊ အငြင်းပွားမှု အရှုပ်အရှင်း ဖြစ်လာပါကလည်း တရားဝင်ဖြေရှင်းဆောင်ရွက်ခွင့် ရရှိမှာဖြစ်ကြောင်း၊ ကုန်ထုတ်စွမ်းအား တိုးတက်မြင့်မားရေးနှင့်တောင်သူများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားကြိုးမာန်တက်လုပ်ဆောင်သွားကြရန် ပြောကြားခဲ့သည်။

ဆက်လက်ပြီး ပြည်နယ်လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးသိန်းဝင်းက လယ်ယာမြေဥပဒေ၊ နည်းဥပဒေပါပြဋ္ဌာန်းချက်များ၊ လယ်ယာမြေလုပ်ပိုင်ခွင့်နှင့် ပတ်သက်သည့် အကြောင်းအရာများ ၊ မြေယာခွန်ဥပဒေပြဋ္ဌာန်းနိုင်ရေး အဆိုပြုနှုန်းထားများအား ဒေသခံတောင်သူများကို ရှင်းလင်းဆွေးနွေးပြီး လွိုင်ကော်ခရိုင် အုပ်ချုပ်ရေးမှူး (ကော်လိတ္တော်အရာရှိ) ဦးစန်းဝင်းက မြေငှားဂရန်ထုတ်ပေးခြင်းလုပ်ငန်းနှင့်ပတ်သက်၍ ဆောင်ရွက်မှု လုပ်ငန်းအဆင့်ဆင့်ကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို၊ ကယားပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတင်မြင့်နှင့် ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများက တောင်သူများလက်ဝယ်အရောက် လယ်ယာမြေလုပ်ပိုင်ခွင့် လက်မှတ်(ပုံစံ ၇)ပေးအပ်ခဲ့ပြီး တောင်သူများကိုယ်စား တောင်သူတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

အဆိုပါ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ ၇)ကို ဒီးမော့ဆိုမြို့နယ်တွင် တောင်သူပေါင်း ၁၁၆၆ ဦး၊ ဦးပိုင်ပေါင်း ၂၀၅၁၊ ဧရိယာ ၃၆၅၁ ဧကနှင့် ဖရူဆိုမြို့နယ်တွင် တောင်သူပေါင်း ၈၆၀၊ ဦးပိုင်ပေါင်း ၁၁၄၉၊ ဧရိယာ ၂၁၈၆ ဧကအား တောင်သူများထံ ထုတ်ပေးခဲ့ကြောင်းသိရသည်။ **ပြည်နယ်ပြန်/ဆက်**

## မြန်မာနိုင်ငံတွင်တစ်ကျော့ပြန် အယ်နီညိုရာသီ ဖြစ်ပေါ်လာနိုင်ခြေရှိသည့်အတွက် စောင့်ကြည့်အဆင့်သတ်မှတ်

**မန္တလေး မတ် ၁၈**

ယခုနှစ်မြန်မာနိုင်ငံတွင် တစ်ကျော့ပြန် အယ်နီညိုရာသီဖြစ်ပေါ်လာနိုင်ခြေရှိသည့်အတွက် စောင့်ကြည့်အဆင့် သတ်မှတ်ထားရကြောင်း အထက်မြန်မာပြည် မိုးလေဝသနှင့် ဇလဗေဒဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးကျော်လွင်ဦးပြောသည်။

“အပူပိုင်းပစိဖိတ်သမုဒ္ဒရာရဲ့ ရေထု၊ မြေထု၊ လေထု အခြေအနေတွေကလည်း ကြားနေရာသီဥတုကနေပြီးတော့ အယ်နီညိုရာသီဥတုဘက်ကို ပြန်ပြီးတော့ ဦးတည်နေတဲ့ အနေအထားမျိုးလေးလည်း ကျွန်တော်တို့ မကြာခင်ကတွေ့ရှိရတော့ ၂၀၁၇ ခုနှစ်မှာ အယ်နီညိုများတစ်ကျော့ပြန်ဖြစ်လာဦးမှာလားဆိုတဲ့ အယ်နီညိုစောင့်ကြည့်အဆင့် သတ်မှတ်ထားတာကိုလည်း တွေ့ရှိရပါတယ်” ဟု ၎င်းကပြောသည်။

မန္တလေးတိုင်းဒေသကြီးတွင် နွေရာသီအမြင့်ဆုံး အပူချိန် ၄၄ ဒီဂရီစင်တီဂရိတ်နှင့် ၄၅ ဒီဂရီစင်တီဂရိတ်တို့ ဖြစ်ပေါ်တတ်ပြီး မိုးအကြိုကာလ မတ်လနှင့် ဧပြီလတို့တွင် ထစ်ချုန်းမိုးများ ရွာသွန်းမှုများ ရှိခဲ့ကြောင်း ယင်းဌာန၏ စာရင်းများအရ သိရသည်။

“ရာသီရှုထောင့်အနေနဲ့ မတ်လ၊ ဧပြီလ၊ မေလတွေမှာဆိုရင် မြန်မာနိုင်ငံအနေနဲ့ပုံမှန်ထက် ပိုပြီးတော့ ပူနွေးတဲ့အပူချိန်တွေ၊ ပုံမှန်ထက်ပိုပူတဲ့ အနေအထားမျိုး သုံးသပ်ချက်တွေကို တွေ့ရှိရတာရှိပါတယ်။ မိုးရွာသွန်းမှုကလည်း မြန်မာနိုင်ငံတောင်ပိုင်းမှာ ပုံမှန်နွေရာသီထက်ပိုတဲ့ မိုးရွာသွန်းမှုတွေ ရှိနိုင်တယ်ဆိုပြီးတော့ နိုင်ငံတကာရာသီဥတု ဗဟိုဌာနတွေက ထုတ်ပြန်ခန့်မှန်းထားတာကို သုံးသပ်တွေ့ရှိရပါတယ်” ဟု ၎င်းက ဆက်လက်ပြောကြားသည်။

အကျိုးဆက်များအနေဖြင့် သောက်သုံးရေရှားပါးခြင်း၊ အပူဒဏ်အန္တရာယ်ရှိခြင်း၊ မိုးတိမ်တောင်များ အားကောင်းခြင်း၊ မိုးသီးကြွေကျခြင်း၊ ထစ်ချုန်းမိုးရွာသွန်းခြင်း၊ မိုးသက်လေပြင်းတိုက်ခတ်ခြင်း စသည်တို့ ခံစားရနိုင်သည်။ **မင်းထက်အောင်(မန်းကိုယ်ပွား)**

## မဇင်းဆည်အဝင်လမ်း ကွန်ကရစ်ခင်း ကျေးရွာဆက်သွယ်ရေးလမ်းအဖြစ်ပါ အသုံးပြုနိုင်

**ပဲခူး မတ် ၁၈**

ပဲခူးတိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးဝင်းဗိုလ်သည် လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်စိုးနှင့်အတူ ပဲခူးမြို့နယ် မဇင်းရေလှောင်တမံရှိ မဇင်းရေလှောင်တမံအဝင်လမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအား မတ် ၁၇ ရက် မွန်းလွဲပိုင်းက ကွင်းဆင်းကြည့်ရှုခဲ့သည်။



အဆိုပါ မဇင်းရေလှောင်တမံ အဝင်လမ်းအား ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် တိုင်းဒေသကြီးရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိပြီး ရေလှောင်တမံအဝင်လမ်းအဖြစ် အသုံးပြုနိုင်ရုံသာမက ကျေးရွာဆက်သွယ်ရေးလမ်းအဖြစ် တမံအထက်ပိုင်းကျေးရွာများနှင့် မြို့ရှောင်လမ်း၊ မဟာကြီးဘုရားလမ်းမှတစ်ဆင့် ပဲခူးမြို့တွင်းသို့ ဆက်သွယ်သည့် လမ်းအဖြစ်ပါ အသုံးပြုသွားလာနိုင်သဖြင့် ကျေးရွာများအတွက်ပါ အကျိုးပြုနိုင်မည်ဖြစ်သည်။

ဒေသခံတစ်ဦးက “အခုလို ကွန်ကရစ်လမ်းခင်းတော့ နွေ၊ မိုး၊ ဆောင်း ရာသီမရွေး စိတ်ချမ်းသာစွာသွား လာရတာပေါ့။ အရင်တုန်းကဆိုရင် မိုးရာသီရောက်တိုင်း ရွှံ့တွေ ဗွက်တွေနဲ့ သွားရတာ အဆင်မပြေသလို နွေရာသီရောက်ရင် ဖုန်တွေနဲ့ဆိုတော့ အဆင်မပြေဖြစ်ခဲ့သမျှ အခုလမ်းခင်းပြီး သွားရင်တော့ စိတ်ချမ်းသာစွာ သွားလာနိုင်တော့မှာပါ”ဟု ပြောကြားသည်။

ယင်းကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းအား မဇင်းတမံမှ ပဲခူးမြို့ရှောင်လမ်းအလွန် မဟာကြီးဘုရားလမ်းဆုံအထိ အလျားပေ ၅၃၅၀၊ အကျယ် ၁၆ ပေရှိပြီး တိုင်းဒေသကြီးရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် အဆိုပါလမ်းအား ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ အနီးကပ်ကြီးကြပ်၍ ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းအား High Tech Concreting Co.ltd မှ တာဝန်ယူ ဆောင်ရွက်လျက်ကြောင်း သိရသည်။

**သူရအောင် (ပြည်)**

## သားငယ်နှင့် ဘီလီလမင်းအေးကို မန္တလေးမြို့တော်မဏ္ဍပ်တွင် ဖျော်ဖြေပေးရန်ကမ်းလှမ်း

**မန္တလေး မတ် ၁၈**

သင်္ကြန်ကာလအတွင်း မန္တလေးပြည်သူများ ပျော်ရွှင်မှုနှင့် စိတ်အပန်းဖြေမှုရရှိစေရန် မန္တလေးမြို့တော်မဟာသင်္ကြန်မဏ္ဍပ်တွင် အင်ပါယာတီးဝိုင်းကို ငှားရမ်းထားသည့်အပြင် Myanmar Idol အဆိုရှင်များထဲမှ သားငယ်နှင့် ဘီလီလမင်းအေးတို့ကို လာရောက်ဖျော်ဖြေ သီဆိုပေးရန် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ ကမ်းလှမ်းထားကြောင်း သိရသည်။

“Myanmar Idol က သားငယ်နဲ့ ဘီလီလမင်းအေးကို မေတ္တာနဲ့ နှစ်ရက် လာရောက်ဖျော်ဖြေပေးဖို့ ကမ်းလှမ်းထားပါတယ်။ ဒါ့အပြင် နေ့စဉ် ကျွန်တော်တို့ မဏ္ဍပ်မှာ မန်းစည်ပင်ဆိုင်းဝိုင်း၊ စိန်ဒူးဝါးဆိုင်းနဲ့ မန္တလေးက မြန်မာ့ဆိုင်းပညာရှင်တွေက စည်ပင်ယိမ်းအကအဖွဲ့တွေနဲ့ ပုံမှန်ဖျော်ဖြေပေးနေမှာ ဖြစ်ပါတယ်” ဟု မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဝင် ဦးကျော်ဆန်းမြင့်က ပြောသည်။

ထို့ပြင် ချမ်းမြသာစည်မြို့နယ်ရှိ မနော်ရမာန် အပန်းဖြေဥယျာဉ်တွင်လည်း မဟာသင်္ကြန်ကာလ လူငယ်များပျော်ရွှင်စွာဆင်နွှဲနိုင်စေရန် ကုမ္ပဏီအချို့မှ သင်္ကြန်မဏ္ဍပ်ဆောက်လုပ်ခွင့်လျှောက်ထားခဲ့ကြပြီး ၎င်းတို့မဏ္ဍပ်တွင် သီဆိုကြမည့် နာမည်ကြီးအဆိုတော်များနှင့် အနုပညာရှင်များကိုလည်း မြို့တော်မဟာသင်္ကြန်မဏ္ဍပ်တွင် နေ့စဉ် အလှည့်ကျ လာရောက်ဖျော်ဖြေပေးရန်လည်း သဘောတူထားပြီးဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောဆိုသည်။

ယခုနှစ် မန္တလေးသင်္ကြန်တွင် မြို့တော်စည်ပင်သာယာရေးကော်မတီမှ ဓာတ်ပုံပြိုင်ပွဲ၊ သံချပ်ပြိုင်ပွဲနှင့် အလှပြယာဉ်ပြိုင်ပွဲများ ပြုလုပ်ပေးခြင်းမရှိသော်လည်း မြို့တော်မဟာသင်္ကြန်မဏ္ဍပ်သို့ လာရောက်ဖျော်ဖြေကြမည့် အဖွဲ့များအား ဂုဏ်ပြုဆုငွေများ ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**


## ရပ်ရွာအခြေပြု ရဲလုပ်ငန်းဆိုင်ရာ စွမ်းရည်မြှင့်တင်ရေး အခမ်းအနားကျင်းပ


**သဃ်န်းကျွန်း မတ် ၁၈**

သဃ်န်းကျွန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ မတ် ၁၄ ရက်က ရန်ကုန်အရှေ့ပိုင်းခရိုင်အတွင်း Community Based Policing ရပ်ရွာအခြေပြုရဲလုပ်ငန်းဆိုင်ရာ စွမ်းရည်မြှင့်တင်ရေး အခမ်းအနားကျင်းပသည်။

အရှေ့ပိုင်းရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးကျော်စိုးက Community Based Policing ရပ်ရွာအခြေပြု ရဲလုပ်ငန်းဆိုင်ရာ ဆောင်ရွက်မှုများနှင့်ပတ်သက်၍ ရည်ရွယ်ချက်၊ လုပ်ငန်းတာဝန်များနှင့် လုပ်ငန်းဆောင်ရွက်ချက်များမှ ရရှိလာသည့် ကောင်းကျိုးရလဒ်များ၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များ၊ ရပ်မိ ရပ်ဖများ၊ မီးသတ်တပ်ဖွဲ့ဝင်များအနေဖြင့် တက်တက်ကြွကြွ ပူးပေါင်းဆောင်ရွက်ကြရန် ဆွေးနွေးပြောကြားသည်။

အခမ်းအနားသို့ အရှေ့ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးသောင်းတင်ထွေး၊ အရှေ့ပိုင်းရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးကျော်စိုး၊ မြို့နယ်များမှ အထွေထွေအုပ်ချုပ်ရေးမှူးများ၊ မြို့နယ်ရဲတပ်ဖွဲ့မှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **ကျော်စိုးမိုး**


OK
CRAYON
PASTEL
WATER COLOUR


ကျားဝါ ဖေဖေ
မိသားစုကာတွန်းများ

# ပညာမရှိ ကဝိမဖြစ်

ကို ရင်ညြ

ဂျပန်နိုင်ငံသည် ကျွမ်းကျင်မှုအထူးမြင့်မားသည့် လုပ်သားအင်အားစု စဉ်ဆက်မပြတ်တည်ရှိနိုင်စေရန် ဆင်းရဲနွမ်းပါးသည့် မိသားစုများမှ ကလေးများအား နိုင်ငံတော်က ပညာသင်စရိတ် အလုံးစုံထောက်ပံ့ပေးမည့် အစီအစဉ်တစ်ရပ်ကို ဆောင်ရွက်သွားမည်ဟု သတင်းတစ်ပုဒ်တွင် ဖတ်ရှုရလေသောအခါ နိုင်ငံတော်၏ အမျိုးသားစီးပွားရေးဘဝ တိုးတက်ဖွံ့ဖြိုးရေးအတွက် ပညာရေးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှု ခြေခြေမြစ်မြစ်ရှိဖို့ လိုအပ်ပုံကို ကျွန်ုပ်တွေးတောမိလေ၏။

ဂျပန်နိုင်ငံ၏ စီးပွားရေး မဟာဗျူဟာအရ ကျွမ်းကျင်မှုအထူးမြင့်မားသော လုပ်သားအင်အားစု အစဉ်အမြဲ အခိုင်အမာရှိနေရန် ရည်မှန်းထားပုံကို ကျွန်ုပ်လေ့လာတွေ့ရှိရ၏။

ဂျပန်အစိုးရအဖွဲ့သည် လာမည့် ဇွန်လဝန်းကျင်တွင် စီးပွားရေးမဟာဗျူဟာတစ်ရပ်ကို ကြေညာရန် ပြင်ဆင်နေသည်ဟု သိရှိရပြီးလျှင် ကျွမ်းကျင်သူပညာရှင်များ မွေးထုတ်ရေး အစီအစဉ်သစ်တစ်ရပ်ကို နည်းဗျူဟာတစ်ရပ်အဖြစ် ဆောင်ရွက်ပေလိမ့်မည်။

ဝန်ကြီးချုပ် ရှင်ဇိုအာဘဲ့၏ 'အာဘဲ့နိုမစ်' ဟု သိရှိကြသော စီးပွားရေးမူဝါဒလမ်းစဉ်၏ တစ်စိတ်တစ်ဒေသအဖြစ် စီးပွားရေးမဟာဗျူဟာသစ်ကို အကောင်အထည်ဖော်ရန်ရှိနေသည်။ စီးပွားရေးမဟာဗျူဟာသစ်အရ ကျွမ်းကျင်မှု အထူးမြင့်မားသည့် လုပ်သားအင်အားစု စဉ်ဆက်မပြတ် ထိန်းထားရန် ရည်မှန်းသည်။

**အာဘဲ့နိုမစ်**

အာဘဲ့နိုမစ်ဟူသည်ကား ၂၀၁၂ ခုနှစ် ဒီဇင်ဘာလ အထွေထွေရွေးကောက်ပွဲကာလမှစ၍ ရှင်ဇိုအာဘဲ့ကိုယ်တိုင် အလေးပေးထောက်ခံပြောဆိုလာခဲ့သော စီးပွားရေးမူဝါဒများကို ရည်ညွှန်းသည်။ ယင်းရွေးကောက်ပွဲ၌ အောင်ပွဲခံသူ အာဘဲ့က ဒုတိယမြောက် ရာထူးသက်တမ်းအတွက် စိုးစံရန် လမ်းပွင့်ခဲ့သည်။

သုခမိန်စကား အလေးထားမှုအသွင်အဖြစ် ဂျပန်အစိုးရအဖွဲ့သည် အမေရိကန်စီးပွားရေး ပညာရှင်တစ်ဦးလည်းဖြစ်၊ နိုဘယ်ဆုရရှိထားသူတစ်ဦးလည်းဖြစ်သူ ဂျိုးဇက်စတီဂလစ်အား အစိုးအရအကြံပေးအဖွဲ့၏ အစည်းအဝေးသို့ မတ် ၁၄ ရက်က ဖိတ်ခေါ်ခဲ့ကာ အကြံဉာဏ်ရယူခဲ့သည်။

နိုင်ငံဖွံ့ဖြိုးရေးအတွက် ပညာရေးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုအရေးကြီးလှပုံကို သူက ရှင်းပြခဲ့ပြီး နိုင်ငံသားတိုင်း တက္ကသိုလ်ပညာအထိ သင်ယူခွင့်ရရှိရေးအတွက် အစိုးရက ဆောင်ရွက်ပေးရန် အကြံပြုခဲ့သည်ဆို၏။

တွံတေးမြို့နေ(ဦးဘဆင်-ဒေါ်သောင်)တို့၏သမီးထွေး၊ (ဦးဧ-ဒေါ်ကျွမ်းခင်)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ ဇေယျာသုခလမ်း၊ အမှတ်(၁၁၅၆)၊ ပထမထပ်နေ (ဦးအေးကြည်)၏ဇနီး၊ ဦးခင်ဇော်-ဒေါ်ရီရီမြင့်(စီ/အင်း၊ သစ်တော-ငြိမ်း)၊ ဒေါ်စန်းယဉ်ကြည်၊ ဒေါက်တာလှကြိုင်-ဒေါ်လှလှမော်(ကျိုက္ခမီ)၊ ဦးကြည်သန်း-ဒေါ်သန်းသန်းအေး(ဆသရ)၊ ဦးမြတ်ဇော် (Senior Geologist-APML Co., Ltd)တို့၏ကျေးဇူးရှင်မွေးသမိခင်၊ မြေးခြောက်ယောက်တို့၏ ချစ်လှစွာသောအဘွား ဒေါ်မြမြညွန့်သည် ၁၈-၃-၂၀၁၇ (စနေနေ့) နံနက် ၇း၄၀နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၃-၂၀၁၇(တနင်္လာနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ ဇေယျာသုခလမ်း၊ အမှတ်-၁၁၅၆၊ ပထမထပ်နေအိမ်မှ ကားများ နံနက် ၈း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း ဒါယိကာမကြီး

## ဒေါ်သိန်းညွန့်(လယ်ဝေးမြို့) (၈၉)နှစ်

လယ်ဝေးမြို့၊ (၁)ရပ်ကွက်နေ ဦးလှမောင် (S.A.T-ငြိမ်း)၏ဇနီး၊ ကျွန်းလှမြို့နေ ဦးတင်ကြီးမောင်-ဒေါ်ခင်သန်းနွဲ့(S.A.T-ငြိမ်း)၊ မိတ္ထီလာမြို့နေ ဦးရဲတင့်-ဒေါ်ဖြူဖြူစိန်(J.A.T၊ အထက-၁)၊ ရန်ကုန်မြို့နေ ဗိုလ်မှူးကြီးရဲမြင့်(ငြိမ်း)-ဒေါ်ခင်ခင်တော် (ခရိုင်တရားသူကြီး-ငြိမ်း)၊ လယ်ဝေးမြို့နေ ဒေါ်ခင်နွဲ့မူ (အထက်တန်းကျောင်းအုပ် အမှတ်-၅၊ ရှမ်းတဲ)၊ ဦးတင့်ဆွေဦး (ဦးစီးအရာရှိ၊ ဒက္ခိဏခရိုင်ပညာရေးမှူးရုံး)-ဒေါ်လဲ့လဲ့မွန်(S.A.T အထက-၁၊ လယ်ဝေး)၊ ဒေါ်မြမြလွင် (အလယ်တန်းကျောင်းအုပ်၊ ထ-ခွဲ ကုလားတဲ၊ ညောင်ဦးမြို့နယ်)၊ (ဦးရဲထွဋ်မော်)၊ ဦးအောင်နိုင်သင်း၊ (ဦးအောင်ခိုင်သင်း)တို့၏မိခင်၊ မြေးကိုးယောက်၊ မြစ်လေးယောက်တို့၏အဘွား ဒေါ်သိန်းညွန့်သည် ၁၈-၃-၂၀၁၇ရက် နံနက် ၅း၁၀နာရီတွင် လယ်ဝေးမြို့နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၃-၂၀၁၇ ရက် မွန်းလွဲ ၂ နာရီတွင် လယ်ဝေးမြို့ စမ်းကလေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေသင်္ဂဟတို့အား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၄-၃-၂၀၁၇ရက်တွင် အမှတ်(၁)ရပ်ကွက်နေ ဦးလှမောင်၏နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

သထုံမြို့နယ်အသင်း(ရန်ကုန်)

## ဒေါ်ဖွားကြည် (သထုံ)
**အသက် (၈၃)နှစ်**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၇)ရပ်ကွက်၊ ပဏ္ဍိတလမ်း၊ အမှတ်(၁၁)နေ ဦးဟန်စိန်(ဒုရဲမှူးကြီး-ငြိမ်း)၏ဇနီးသည် ၁၇-၃-၂၀၁၇ (သောကြာနေ့) နံနက် ၃း၃၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၁၉-၃-၂၀၁၇ (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။

အမှုဆောင်အဖွဲ့

ရဟန်း၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ညိုညိုဝင်း(ခ) Laura Ko Ko (၈၂)နှစ်
**အထက-၅ (တာမွေ)**

တောင်ငူမြို့၊ လမ်းမတော်နေ (ဦးကိုကို-ဒေါ်ဂွမ်း)တို့၏ သမီးကြီး၊ မန္တလေးမြို့၊ အမှတ်(၄၆/၇)၊ ညိုလွင်ရိပ်သာ၊ ရန်ကင်းလမ်းသွယ်၊ ၈၇×၈၈ လမ်းကြားနေ (ဦးကြည်လွင်-အငြိမ်းစားတိုင်းမင်းကြီး)၏ဇနီး၊ ရဲမှူးကြီး ဦးစိန်ဝင်း(ငြိမ်း)-ဒေါ်ကော့မိုင်၊ ရန်ကုန်မြို့နေ ဦးကျော်မြင့်-ဒေါ်ခင်အေးမြင့်တို့၏အစ်မ၊ [ဦးတင်ညိုလွင်(အကောက်ခွန်)]-ဒေါ်နီနီဦး(အကောက်ခွန်-မန္တလေး)၊ [ဦးသိန်းညိုလွင် (အကောက်ခွန်)]-ဒေါ်မူယာ၊ ဦးမင်းညိုလွင်တို့၏ မိခင်၊ မဟေမာညိုလွင် (Sweet & Cheap)၊ မရူပါညိုလွင်(ဒု-အကောက်ခွန်မှူး-ရန်ကုန်)၊ မောင်ကြည်ခန့်ညိုလွင်၊ မောင်ကောင်းပြည့်စုံ၊ မောင်ဘုန်း လကျာ်သိန်းတို့၏အဘွားသည် ၁၈-၃-၂၀၁၇(စနေနေ့) နံနက် ၁၁း၀၇နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၃-၂၀၁၇ ရက် နံနက် ၉ နာရီတွင် မန္တလေးဆေးရုံကြီးမှ အေးရိပ်ငြိမ်သုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ရဟန်းဒါယကာကြီး

## ဦးချစ်သိန်း(ချစ်မိတ္တူ) (၇၁)နှစ်
**ကျောင်းအုပ်ကြီး(ငြိမ်း)၊ သုံးခွ**

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင်၊ ခရမ်းမြို့နေ (ဦးထွန်းရှင်-ဒေါ်မြတင်)တို့၏သား၊ သုံးခွမြို့နေ (ဦးကျော်သိန်း-ဒေါ်စော)တို့၏ သားသမက်၊ မန္တလေးမြို့နေ (ဦးအေးဖေ)-ဒေါ်မြသွင်၊ ခရမ်းမြို့နေ ဦးစိုးညွန့်အောင်-ဒေါ်အေးသန်း၊ မြောက်ဥက္ကလာပမြို့နယ်နေ (ဗိုလ်ကြီးစိန်မြင့်)-ဒေါ်ခင်ဝင်း၊ သုဝဏ္ဏနေ ဦးကျော်မင်း-ဒေါ်နွဲ့ရီ(နဂါးနီအထည်ဆိုင်)တို့၏ညီ/မောင်၊ ဦးတင်ဝင်းသိန်း၏အစ်ကို၊ အမှတ်(၇)၊ စည်သူလမ်း၊ (၁၁)ရပ်ကွက်၊ သုံးခွမြို့နေ ဒေါ်သန်းသန်းဝင်း (အထက-ငြိမ်း)၏ ချစ်လှစွာသောခင်ပွန်း၊ ဦးဟန်ဝင်းမြတ်-ဒေါ်ခင်ဦးချစ်၊ ဒေါက်တာမျိုးခိုင်-ဒေါက်တာခင်ချောချစ်၊ ဦးအောင်ကျော်သက်-ဒေါက်တာကြည်ကြည်ချစ်၊ ဒေါက်တာနေအောင်-ဒေါ်လေးစန္ဒာမိုး၊ ဒေါက်တာဇင်မာချစ်တို့၏ကျေးဇူးရှင်မွေးသဖခင်၊ မြေးလေးယောက်တို့၏အဘိုးသည် ၁၈-၃-၂၀၁၇ ရက် နံနက် ၃း၃၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၃-၂၀၁၇ (တနင်္လာနေ့) မွန်းတည့် ၁၂ နာရီတွင် သုံးခွသုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ရဟန်း၊ ကျောင်း ဒါယကာကြီး

## ဦးအောင်မြစိုး(ခ)ကိုလတ် (၆၈)နှစ်
**555 အုတ်၊ သဲ၊ ကျောက် ရောင်းဝယ်ရေးလုပ်ငန်း**

**ရေကင်းမြို့**

ပဲခူးတိုင်းဒေသကြီး၊ မိုးညိုမြို့နယ်၊ ရေကင်းမြို့နေ (ဦးခင်စိုး-ဒေါ်မြအေး)တို့၏ သား၊ မြိတ်မြို့နေ (ဦးဖန်ကွီး-ဒေါ်ဖွားမြင်)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ (၄)ရပ်ကွက်၊ တပင်ရွှေထီးလမ်း၊ အမှတ် (၁၇၃၄)နေ ဒေါ်ညွန့်ညွန့်ငွေ၏ ချစ်လှစွာသောခင်ပွန်း၊ ကိုမြသီဟစိုး-မဝါဖြူသန့်၊ မမြသီရိစိုး၊ မောင်မြသုတစိုးတို့၏ဖခင်၊ မြေးသုံးယောက်တို့၏အဘိုး၊ ဦးခင်မောင်ရွှေ-ဒေါ်ဝင်းရီတို့၏ ညီ၊ (ဦးအောင်စိုးမြင့်)-ဒေါ်မြင့်မြင့်ကြည်၊ (ဦးအောင်စိုးနိုင်)-ဒေါ်နိုင်နိုင်အေး၊ ဦးစိုးတင်ထွဋ်-ဒေါ်တင်ဦးလှိုင်၊ ဦးဇော်ဝင်း-ဒေါ်သင်းသင်းစိုး၊ ဦးစိုးဝင်းထွန်း-ဒေါ်စန္ဒာအေး၊ ဦးစိုးမြထွေးတို့၏ အစ်ကိုသည် ၁၇-၃-၂၀၁၇ (သောကြာနေ့) ည ၈း၄၅ နာရီတွင် ရန်ကုန်မြို့ အထွေထွေရောဂါကုဆေးရုံသစ်ကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၃-၂၀၁၇(တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

# ကမ္ဘာသို့ တံခါးဖွင့်လှစ်ပြီး နိုင်ငံတော်စီးပွားရေးကို ပြန်လည်တည်ဆောက်နေ တရားမျှတသည့်လူ့အသိုက်အဝန်း ပုံဖော်နိုင်ရေး အုပ်ချုပ်မှုစနစ်ပြောင်းလဲခဲ့

**တိုင်းရင်းသားအဖွဲ့အစည်း အားလုံးပါဝင်သည့် ရေရှည်တည်တံ့သော အမျိုးသားပြန်လည်ရင်ကြားစေ့ရေးနှင့် ငြိမ်းချမ်းရေးကို ဖော်ဆောင်ရန် သန္နိဋ္ဌာန်ချမှတ်ပြီးဖြစ်**

**နေပြည်တော် မတ် ၁၈**

အမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ် ဦးသောင်းထွန်းသည် ရန်ကုန်မြို့ရှိ နိုင်ငံခြားစီးပွားရေးလုပ်ငန်းရှင် ၁၈၀ ဦးအား ယနေ့နံနက်ပိုင်းတွင် Novotel ဟိုတယ်၌ တွေ့ဆုံ၍ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးအရေးပါမှုနှင့် ပုဂ္ဂလိက အခန်းကဏ္ဍတို့ကို ရှင်းလင်းပြောကြားသည်။ တွေ့ဆုံပွဲအခမ်းအနားကို မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းက ဦးဆောင်စီစဉ် ကျင်းပခြင်းဖြစ်သည်။

အခမ်းအနားတွင် အမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ် ဦးသောင်းထွန်းက နိုင်ငံတော်အစိုးရသစ် စတင်တာဝန်ယူသည့် တစ်နှစ်တာကာလအတွင်း ပြောင်းလဲတိုးတက်မှုများ၊ ရည်မှန်းချက်များနှင့်စပ်လျဉ်း၍ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို အစိုးရ၏ဦးစားပေးလုပ်ငန်းတစ်ရပ်အဖြစ် သတ်မှတ်ဆောင်ရွက်နေကြောင်း၊ တိုင်းရင်းသားအဖွဲ့အစည်း အားလုံးပါဝင်သည့် ရေရှည်တည်တံ့သော အမျိုးသားပြန်လည်ရင်ကြားစေ့ရေးနှင့် ငြိမ်းချမ်းရေးကို ဖော်ဆောင်ရန် သန္နိဋ္ဌာန်ချမှတ်ပြီး ဖြစ်ကြောင်း၊ အစိုးရအနေဖြင့်

စာမျက်နှာ ၇ ကော်လံ ၁ သို့



# ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရိုဒရီဂို ရိုဝါ ဒူတာတေး၏ ကိုယ်ရေးအကျဉ်း

ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရိုဒရီဂို ရိုဝါ ဒူတာတေးကို ၁၉၄၅ ခုနှစ် မတ် ၂၈ ရက်တွင် မာဆင်းမြို့၌ မွေးဖွားခဲ့သည်။

၎င်းသည် ၁၉၆၈ ခုနှစ်တွင် ဖိလစ်ပိုင် Lyceum တက္ကသိုလ်မှ နိုင်ငံရေးသိပ္ပံဘာသာရပ်ဖြင့် ဝိဇ္ဇာဘွဲ့ရရှိခဲ့ပြီးနောက် ၁၉၇၂ ခုနှစ်တွင် San Beda ဥပဒေကောလိပ်မှ ဥပဒေဘွဲ့ကို ရရှိခဲ့သည်။ ၎င်းသည် ၁၉၇၇ ခုနှစ်မှ ၁၉၈၆ ခုနှစ်အထိ ဒါဗိုစ်မြို့တော် ရှေ့နေရုံး၌ တာဝန်ထမ်းဆောင်ခဲ့ပြီး ၁၉၈၆ ခုနှစ်တွင် ဒါဗိုစ်မြို့တော်ဝန်ရုံး တာဝန်ခံ ဒုတိယမြို့တော်ဝန်အဖြစ် ခန့်အပ်ခြင်းခံရသည်။

မစ္စတာ ရိုဒရီဂို ရိုဝါ ဒူတာတေးသည် မြို့တော်ဝန်များအနက် သက်တမ်းအရှည်ကြာဆုံး မြို့တော်ဝန်တစ်ဦးဖြစ်ပြီး ဒါဗိုစ်မြို့တော်ဝန်အဖြစ် ခုနစ်ကြိမ်ဆက်တိုက် ရွေးချယ်ခံခဲ့ရကာ မြို့တော်ဝန်အဖြစ် စုစုပေါင်း ၂၂ နှစ်ကျော်ကြာ တာဝန်ထမ်းဆောင်ခဲ့သည်။ ၎င်းသည် ဒါဗိုစ်မြို့ ဒုတိယမြို့တော်ဝန် အဖြစ်လည်းကောင်း၊ ဒါဗိုစ်မြို့ လွှတ်တော်ကိုယ်စားလှယ်အဖြစ်လည်းကောင်း အသီးသီး တာဝန်ထမ်းဆောင်ခဲ့သည်။

မစ္စတာ ရိုဒရီဂို ရိုဝါ ဒူတာတေးသည် ၂၀၁၆ ခုနှစ် မေ ၉ ရက်တွင် ကျင်းပခဲ့သည့် ဖိလစ်ပိုင်နိုင်ငံ၏အထွေထွေရွေးကောက်ပွဲ၌ သမ္မတအဖြစ် ရွေးချယ်ခံခဲ့ရပြီး ဖိလစ်ပိုင်နိုင်ငံ၏ ၁၆ ဦးမြောက် သမ္မတ ဖြစ်လာခဲ့သည်။ ၎င်းအား ၂၀၁၆ ခုနှစ် မေ ၃၀ ရက်တွင် ဖိလစ်ပိုင်နိုင်ငံလွှတ်တော်မှ သမ္မတအဖြစ် တရားဝင်တင်မြှောက်ခဲ့သည်။ ၎င်းသည် မင်ဒါနာအိုဒေသမှ သမ္မတအဖြစ် ပထမဆုံး ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသူဖြစ်ပြီး ဒေသအဆင့် အုပ်ချုပ်ရေးအကြီးအကဲတစ်ဦးက သမ္မတအဖြစ် တိုက်ရိုက်တက်လှမ်းနိုင်ခဲ့သူတစ်ဦးလည်း ဖြစ်သည်။

ကြေးမုံ ထိပ်တန်းသတင်း

စာ - ၁၆၊ ၁၇

# မြန်မာ့လက်ရွေးစင်အသင်း အပြီးသတ်ရွေးချယ်



မြန်မာ့လက်ရွေးစင်အသင်းတွင် ပြန်လည်ရွေးချယ်ခံရသည့် တိုက်စစ်မှူး ကျော်ကိုကို။

**ရန်ကုန် မတ် ၁၈**

၂၀၁၉ အာရှဖလားခြေစစ်ပွဲအတွက် လေ့ကျင့်ပြင်ဆင်နေသည့် မြန်မာ့လက်ရွေးစင်အသင်းသည် ခြေစစ်ပွဲမတိုင်မီ ကစားမည့် အင်ဒိုနီးရှားနှင့် ခြေစမ်းပွဲအတွက် အပြီးသတ်လူရွေးချယ်ခဲ့ရာ ကလပ်ပွဲများနှင့် တိုက်ဆိုင်နေသူများမှလွဲ၍ ကျန်ကစားသမားများအစုံအလင် ပါဝင်လာခဲ့သည်။

မြန်မာ့လက်ရွေးစင်အသင်းသည် ယခုရွေးချယ်လိုက်သည့် ကစားသမား ၂၁ ဦးကို အင်ဒိုနီးရှားနှင့်ပွဲအတွက်သာ ရွေးချယ်ခဲ့ခြင်းဖြစ်ပြီး အိန္ဒိယလက်ရွေးစင်အသင်းနှင့် အာရှဖလားခြေစစ်ပွဲအတွက် ကျန်ရှိခဲ့သည့် ကစားသမားငါးဦးနှင့် ပြန်လည်ပူးပေါင်းလေ့ကျင့်မည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် အင်ဒိုနီးရှားနှင့်ခြေစမ်းပွဲအတွက် အပြီးသတ် လူရွေးချယ်ရာတွင် ကလပ်အသင်းပွဲစဉ် ယှဉ်ပြိုင်ရန်ရှိနေသည့် မကွေးအသင်းမှ နန္ဒကျော်နှင့်ကျော်ဇင်လွင်၊ Southern အသင်းမှ စိုးမြတ်သူနှင့် ဂိုးသမား ပြည့်ဖြိုးအောင် တို့ကို ချန်ရစ်ခဲ့ပြီး နောက်ခံလူ ဇော်မင်းထွန်းကိုလည်း မိသားစုကိစ္စကြောင့် ရွေးချယ်သွားခြင်းမရှိပေ။ မြန်မာ့လက်ရွေးစင်အသင်း၏ အပြီးသတ်လူစာရင်းတွင် အုပ်ချုပ်သူ ဦးသန်းတိုးအောင်၊ နည်းပြချုပ် ဂဇ်ဖရိုင်းဒရစ်၊ လက်ထောက်နည်းပြ ဦးကြည်လွင်၊

စာမျက်နှာ ၁၂ ကော်လံ ၃ သို့

ထုတ်လုပ်ခွင့်လိုင်စင်အမှတ် ဂ/၂၀၁၄၊ တဆဖထလ/တိုး(၅၄)၊ တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်(ဆေးပြား) - TMR 004815(0317) / (ဆေးမှုန့်)TMR 000394(0317)
ကျွမ်းရှက်ပုံ ဆေးကောင်း
တွမ်းရှက်ပုံတိုင်းရင်းဆေးအား ဆင်တူ မြို့ရွာများကို ဈေးတော်တော်ယာဉ်များဖြင့် လိုက်လံရောင်းချခြင်း မရှိပါကြောင်း သုံးစွဲသူ မိဘပြည်သူများနှင့် ရောင်းချသူများအား အထူးသတိပေး ပန်ကြားအပ်ပါသည်။
မြန်မာ့တိုင်းရင်းဆေးဖက်ဝင်စစ်မှန်သော ပရဆေးပစ္စည်းများဖြင့် ဖော်စပ်ထားသောကြောင့် အံ့သြလောက်အောင် အထူးပင် ဆေးစွမ်းထက်မြက်လှပါသည်။

နူနာ၊ ဒါးနာ၊ ကိုးပေါင်းရောဂါ၊ ထုံကျင်ကိုက်ခဲအကြောဝေဒနာရှင်များနှင့် ချောင်းဆိုး၊ ရင်ကျပ်၊ ဗိုက်နာလျှင် လိမ်း
မူးမော၊ ရင်တုန်၊ ဇက်ကြောတက်လျှင် ရှူ
ကမုန်းရှင် လေငန်းကာကွယ်လိမ်းဆေးရည်
အမြို့မြို့ ဆေးတိုင်းမှာ ရရှိနိုင်ပါသည်။

HOT LINE - 09 - 787878749, 787878729




တစ်ရက်လျှင် ဘိလပ်မြေ တန်ချိန် (၇ သိန်း) ထုတ်လုပ်သော ကမ္ဘာ့ထုတ်လုပ်မှု ပထမ ဖြစ်သည့် CONCH ကုမ္ပဏီ မှ မြန်မာပြည် တွင်ဂုဏ်ယူစွာထုတ်လုပ်ပါသည်။

ကြေးမုံ
အထူးကဏ္ဍ
၁၉ - ၃ - ၂၀၁၇ (တနင်္ဂနွေနေ့)
နိုင်ငံတော်အစိုးရ၏
ပြည်သူ့အတွက် ပထမ တစ်နှစ်တာ

# ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ တစ်နှစ်တာလုပ်ငန်းဆောင်ရွက်ချက်များ

ကျော်သူထက်

ကျန်းမာရေးချို့ယွင်းလာလျှင် အမြန်ဆုံး ကျန်းမာရေးစောင့်ရှောက်မှုခံယူလိုကြသည်။ ပြည်သူများသည် ပုဂ္ဂလိကဆေးရုံ၊ ဆေးခန်းများထက် ကုန်ကျစရိတ်များစွာသက်သာသော ပြည်သူ့ဆေးရုံ၊ ဆေးခန်းများကို ပိုမိုအားကိုးကြသည်။ ကျန်းမာရေးဝန်ထမ်းများ၏ ကျန်းမာရေးစောင့်ရှောက်ပေးမှုနှင့်အတူ ၎င်းတို့၏ နွေးထွေးမှု၊ ကြင်နာမှု၊ ဂရုစိုက်မှုတို့ကို ဝေဒနာရှင်တိုင်း လိုလားတောင့်တကြသည်။

**ချက်ချင်းဖြည့်ဆည်းရန်ခက်**

အစိုးရအဆက်ဆက် ပြောင်းလဲလာသော်လည်း ကျန်းမာရေးကဏ္ဍလိုအပ်ချက်များက ရှိနေဆဲ။ ပညာရေး၊ ကျန်းမာရေးကဏ္ဍများတွင် ဘတ်ဂျက်များ ပိုမိုသုံးစွဲလာသော်လည်း ငွေရှိတိုင်း ချက်ချင်းဖြည့်ဆည်း၍မရနိုင်သည့် ဆေးပညာဆိုင်ရာ ကျွမ်းကျင်ပညာရှင်လိုအပ်ချက်မှာလည်း ကြီးမားနေဆဲပင်။

အစိုးရသစ်တာဝန်ယူပြီး တစ်နှစ်နီးပါး ကာလအတွင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် ပြည်သူလူထုကို ကျန်းမာရေးစောင့်ရှောက်ခြင်း၊ ကာကွယ်ခြင်း၊ ကုသပေးခြင်းလုပ်ငန်းများ ပိုမိုဆောင်ရွက်နိုင်ရန် ဆရာဝန်သစ်လွှင် ၁၇၀၇ ဦး၊ သွားဘက်ဆိုင်ရာ ဆရာဝန် ၂၈၁ ဦး၊ သူနာပြုဆရာမ ၁၅၅၁ ဦး၊ သားဖွားဆရာမ ၁၉၅၉ ဦး၊ အငယ်တန်းအင်ဂျင်နီယာ ၁၀၉ ဦး၊ ကျန်းမာရေးမှူး ၃၀၀၊ ကျန်းမာရေးကြီးကြပ်(၂) ၃၀၀၀၊ အမှုထမ်း (ကျွမ်းကျင်၊ စာရေး၊ လုပ်သား) ၂၂၈၁ ဦး စုစုပေါင်း အရာထမ်း ၁၉၈၈ ဦးနှင့် အမှုထမ်း ၁၁၁၈၈ ဦးကို အသစ်ခန့်အပ်ခဲ့ကြောင်း ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ပြောသည်။

လက်ရှိ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအောက်တွင် ဆေးရုံပေါင်း ၁၁၂၃ ရုံ၊ ကျေးလက်ကျန်းမာရေးဌာန ၁၇၇၈ ခု၊ ကျေးလက်ကျန်းမာရေးဌာနခွဲ ၉၂၄၃ ခုရှိပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း ငွေကျပ် ၈၈၁ ဘီလီယံသုံးစွဲ၍ အရာထမ်း၊ အမှုထမ်း စုစုပေါင်း ၉၇၅၉၀ နှင့် ကုလသမဂ္ဂ လက်အောက်ခံအဖွဲ့အစည်းများ၊ နိုင်ငံတကာနှင့် ပြည်တွင်းအစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ပြည်သူအခြေပြု အဖွဲ့အစည်းများ၊ Global Fund, 3MDG, GAVI အစရှိသော အဖွဲ့အစည်းများပူးပေါင်းကာ ကျန်းမာရေးဝန်ဆောင်မှုပေးခဲ့ကြောင်း သိရသည်။

**လိုတိုးပိုလျှော့**

"ကျန်းမာရေးမှာက လုပ်ငန်းတစ်ခုဟာ တစ်ခါတည်းပြီးဆုံးသွားခြင်းမရှိပါဘူး။ လုပ်ပြီးတာနဲ့ ဒါကိုသုံးသပ်ပြီး ဆက်လက်လုပ်နေရပါတယ်။ လုပ်နေရင်းလည်း ပြုပြင်သင့်တာတွေကို လိုတိုးပိုလျှော့သဘောမျိုး လုပ်ရပါတယ်။ ဆက်လက်ထိန်းသိမ်းစောင့်ရှောက်မှုလုပ်ဖို့ အလွန်အရေးကြီးသလို အလွန်လည်း လက်ဝင်ပါတယ်။ ဒါပေမယ့် ကျွန်တော်တို့ ဝန်ထမ်းတွေက ဒါကို ကြိုတင်သိရှိပြီး အားထည့် လုပ်ဆောင်နေကြပါတယ်။ အချို့လုပ်ငန်းတွေက ဘယ်တော့မှမပြီးဆုံးတဲ့ လုပ်ငန်းတွေဖြစ်ပါတယ်။ ဆက်လက်လုပ်ကိုင်နေရတဲ့ ပင်မလုပ်ငန်းတွေရှိပါတယ်။

"ဝန်ကြီးဌာနရဲ့ ဆောင်ရွက်မှု၊ ပီပြင်မှု၊ အောင်မြင်မှုတွေကို သုံးသပ်မယ်ဆိုရင် ဒါတွေကို နောက်ခံထားပြီး သုံးသပ်ရမှာဖြစ်ပါတယ်။ ကျန်းမာရေးမှာ အောင်မြင်မှုဆိုတာက ချက်ချင်းမရနိုင်ပါဘူး။ ကျန်းမာရေးလုပ်ငန်းက တခြားလုပ်ငန်းတွေနဲ့ သဘောသဘာဝ ကွာခြားပါတယ်။ စက်ရုံတစ်ရုံက ချက်ချင်း တည်ထောင်လို့ရပါတယ်။ သယံဇာတကုန်ကြမ်းရှိရင် ချက်ချင်းထုတ်ပေးလို့ရပါတယ်။ ဒါကြောင့် အခု တစ်နှစ်နီးပါးအချိန်အတွင်းမှာ ကျွန်တော်တို့ဝန်ကြီးဌာနအနေနဲ့ လုပ်ကိုင်ဆောင်ရွက်မှုပုံစံတွေ၊ စနစ်တွေနှင့် လမ်းညွှန်ချက်တွေကို မီးရထားသံလမ်းပေါ်ကို တင်နေပါတယ်။ အားလုံးဟာ သံလမ်းပေါ်ရောက်သွားရင် မပင်မပန်းဘဲ လိုရာပန်းတိုင်ကို ရောက်သွားဖို့ အလားအလာ အလွန်ကောင်းပါတယ်"ဟု ဒေါက်တာမြင့်ထွေးက ဆိုသည်။



ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး။

**ပီပြင်ထိရောက်**

ပြည်သူ့ကျန်းမာရေးဆောင်ရွက်မှုကဏ္ဍနှင့်ပတ်သက်၍ လာမည့် ငါးနှစ်အတွင်း ကျန်းမာရေးဝန်ဆောင်မှုများကို ပီပြင်ထိရောက်အကျိုးရှိစွာ ဆောင်ရွက်နိုင်ရန်အတွက် အမျိုးသားကျန်းမာရေးစီမံကိန်း (National Health Plan 2017-2021) ရေးဆွဲထားပြီး ၂၀၁၇ ခုနှစ် ဧပြီ ၁ ရက်တွင် စတင်ဆောင်ရွက်မည်ဖြစ်သည်။

ငှက်ဖျားရောဂါကင်းဝေးရေး၊ အမျိုးသားတီဘီရောဂါတိုက်ဖျက်ရေးနှင့် အမျိုးသားခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးကို ဦးတည်သည့် အမျိုးသားမဟာဗျူဟာစီမံကိန်း(၂၀၁၆-၂၀၂၀) သုံးခုကို ရေးဆွဲထားပြီး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ Global Fund ကလည်း အဆိုပါ ရောဂါများတိုက်ဖျက်ရန် ၂၀၁၆ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အတွင်း ရန်ပုံငွေ အမေရိကန်ဒေါ်လာ ၄၉၇ သန်း ပံ့ပိုးပေးမည်ဖြစ်သည်။

"ခြင်မှတစ်ဆင့်ကူးစက်တတ်တဲ့ ဆင်ခြေထောက်ရောဂါကို ၂၀၂၀ ခုနှစ်မှာ မြန်မာနိုင်ငံမှာ ကင်းဝေးဖို့အတွက် တိုင်းဒေသကြီးနဲ့ ပြည်နယ် ၁၁ ခုက မြို့နယ်ပေါင်း ၁၉၃ မြို့နယ်မှာ လူဦးရေ ၃၃ သန်းခန့်ကို ဆင်ခြေထောက်ရောဂါကာကွယ်တဲ့ သန်ချဆေးပေါင်း တိုက်ကျွေးခဲ့ပါတယ်။ ကုသဖို့ခက်ခဲပြီး လူနာရဲ့အသက်ကို အန္တရာယ်ရှိနိုင်တဲ့ ဆေးတစ်မျိုးထက်ပိုသော ဆေးယဉ်ပါးတီဘီရောဂါ လူနာတွေအားလုံးကို လွှမ်းခြုံကုသနိုင်ဖို့ အခုမြို့နယ်အားလုံးမှာ လုပ်ငန်းတွေတိုးချဲ့ဆောင်ရွက်ခဲ့ပါတယ်။

"ခုခံအားကျဆင်းမှုကူးစက်ရောဂါ လူနာ

**အထူးကဏ္ဍ (ခ) သို့ »»**




ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး မြန်မာနိုင်ငံ တီဘီရောဂါတိုက်ဖျက်ရေးလုပ်ငန်း ငါးနှစ်စီမံချက်(၂၀၁၆-၂၀၂၀) နှင့်တီဘီရောဂါကင်းဝေးရေး နည်းဗျူဟာအသိပေးတင်ပြခြင်း အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

**ပြည်သူများ တီဘီရောဂါ ရှာဖွေရာ၌ သိပ္ပံနည်းကျ တိကျစွာဖော်ထုတ်သတ်မှတ်နိုင်ရန်အတွက် အမေရိကန်ဒေါ်လာ ၁ ဒသမ ၂ သန်းတန်ဖိုးရှိ ဇီဝလုံခြုံမှုအဆင့်(၃) (Biosafety III Laboratory) ဓာတ်ခွဲခန်းကို ရန်ကုန်မြို့ မန္တလေးနှင့် တောင်ကြီးမြို့တို့တွင် တည်ဆောက်ထားရှိကြောင်း၊ ရှေးဦးကုသရေးလုပ်ငန်းများ၊ မကူးစက်နိုင်သောရောဂါများ (ဆီးချို၊ သွေးချို၊ သွေးတိုး၊ သက်ကြီးရွယ်အိုနှင့် ကျန်းမာရေးပညာပေးခြင်း)နှင့် ပတ်သက်၍ စောင့်ရှောက်ပေးခြင်းလုပ်ငန်းများကို ကျေးရွာများအထိ ပိုမိုအထူးပြု ဆောင်ရွက်ပေးလျက်ရှိ**



၂၀၁၆ ခုနှစ် ဩဂုတ်လ ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှုအဖြစ် ကျောင်းသားကျောင်းသူများအား ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးစဉ်။

**အထူးကဏ္ဍ (က) မှ »»**
တွေရဲ့ တစ်သက်တာ အေအာရ်တီ (Anti-Retroviral Therapy-ART) ဆေးကုသခြင်းကို ၂၀၁၆ ခုနှစ်အတွင်းမှာ လူနာစုစုပေါင်း ၁၂၀၀၀၀ အထိ တိုးပြီးကုသပေးနိုင်ခဲ့သလို မိခင်မှ ကလေးသို့ ခုခံအားကျဆင်းမှု ကူးစက်ရောဂါကူးစက်မှုကာကွယ်ခြင်းကို ၂၀၁၆ ခုနှစ်မှာ ၇၉၀၀၀၀ အထိ ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ ခုခံအားကျဆင်းမှုကူးစက်ရောဂါ လူနာတွေကို ဆေးကုသပေးတဲ့ အေအာရ်တီဆေးကုသဌာနကိုလည်း ယခုနှစ်အတွင်း အခု ၆၀ တိုးပြီး ဖွင့်လှစ်နိုင်ခဲ့တဲ့အတွက် အခု စုစုပေါင်း အေအာရ်တီဆေးကုသဌာန ၃၀၀ အထိရှိပါတယ်”ဟု ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ပြောသည်။

ပြည်သူများ တီဘီရောဂါရှာဖွေရာ၌ သိပ္ပံနည်းကျ တိကျစွာဖော်ထုတ်သတ်မှတ်နိုင်ရန်အတွက် အမေရိကန်ဒေါ်လာ ၁ ဒသမ ၂ သန်းတန်ဖိုးရှိ ဇီဝလုံခြုံမှုအဆင့်(၃) (Biosafety III Laboratory) ဓာတ်ခွဲခန်းကို ရန်ကုန်မြို့၊ မန္တလေးနှင့် တောင်ကြီးမြို့တို့တွင် တည်ဆောက်ထားရှိကြောင်း၊ ရှေးဦးကုသရေးလုပ်ငန်းများ၊ မကူးစက်နိုင်သောရောဂါများ (ဆီးချို၊ သွေးချို၊ သွေးတိုး၊ သက်ကြီးရွယ်အိုနှင့် ကျန်းမာရေးပညာပေးခြင်း)နှင့်ပတ်သက်၍ စောင့်ရှောက်ပေးခြင်းလုပ်ငန်းများကို ကျေးရွာများအထိ ပိုမိုအထူးပြု ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဖွင့်လှစ်ထားရှိပြီးသော ကျေးလက်ကျန်းမာရေးဌာန ၁၇၇၈ ခု ၏ ၇၀ ရာခိုင်နှုန်းဖြစ်သော ကျေးလက်ကျန်းမာရေးဌာန ၁၂၄၅ ခုတွင် Community Health Clinic များ ဖွင့်လှစ်ပေးနိုင်ခဲ့ကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ သိရသည်။

**အချက်အလက်စစ်တမ်းကောက်ယူ**

အစိုးရသစ်သက်တမ်း တစ်နှစ်တာနီးပါးကာလအတွင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ်အဖြစ် လူနေမှုဘဝနှင့် ကျန်းမာရေးဆိုင်ရာ အချက်အလက်စစ်တမ်း (Myanmar Demographic and Health Survey) ကောက်ယူခြင်းကို USAID အထောက်အပံ့ဖြင့် ဆောင်ရွက်နိုင်ခဲ့သည်။ မကြာမီ အပြီးသတ် အစီရင်ခံစာထွက်ရှိလာတော့မည်ဖြစ်ပြီး ယင်းအစီရင်ခံစာ၏ တွေ့ရှိချက်များအပေါ်မူတည်၍ မြန်မာနိုင်ငံ၏ ကျန်းမာရေးမဟာဗျူဟာ၊ နည်းဗျူဟာများကို ပြင်ဆင်သင့်က ပြင်ဆင်ဆောင်ရွက်သွားရန်လည်း ရှိနေသည်။

အာဟာရနှင့်ပတ်သက်သည့် မဟာဗျူဟာ၊ နည်းဗျူဟာများ တိကျစွာရေးဆွဲနိုင်ရေးနှင့် ကျောင်းကျန်းမာရေးလုပ်ငန်းများကို ပိုမိုပီပြင်အောင် လုပ်ဆောင်နိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ရောဂါကာကွယ်ရေးလုပ်ငန်းများနှင့် ပတ်သက်၍လည်း ပြင်းထန်အဆုတ်ရောင်ကာကွယ်ဆေး (Pneumococcal Vaccine) ကို ၂၀၁၆ ခုနှစ် ဇူလိုင်လမှစ၍ စတင်ထိုးနှံနိုင်ခဲ့ကြောင်း၊ ပုံမှန်ကာကွယ်ဆေး ၁၀ မျိုးထိုးနှံပေးခြင်း အစီအစဉ်အပြင် ဆေးရုံ ၉၈ ရုံ၌ စတင်ထိုးနှံပေးနိုင်ရန် သင်တန်းများပေးလျက်ရှိကြောင်း၊ နိုင်ငံတော်အစိုးရက ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းအတွက် စုစုပေါင်း အမေရိကန်ဒေါ်လာ ၅၃ သန်း ပံ့ပိုးပေးခဲ့ကြောင်း၊ မြန်မာနိုင်ငံတွင် ကလေးငယ်ဦးရေ သုည ဒသမ ၉၆ သန်းခန့်ရှိပြီး ကလေးငယ်တစ်ဦးလျှင် ခန့်မှန်း အမေရိကန်ဒေါ်လာ ၅၀ ခန့် ထောက်ပံ့ပေးခဲ့ကြောင်း၊ အသည်းရောင်အသားဝါ ဘီပိုးကာကွယ်ဆေးထိုးခြင်းလုပ်ငန်းကိုလည်း အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိကြောင်း ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ပြောသည်။

ကျေးလက်များတွင်လည်း အခြေခံကျန်းမာရေးစောင့်ရှောက်မှု ပိုမိုပေးနိုင်ရန် ကျေးလက်ကျန်းမာရေးဌာန ၈၇ ခုနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲ ၄၂၈ ခုကို တည်ဆောက်ပေးခဲ့သလို တစ်နိုင်ငံလုံး ကျန်းမာရေးစောင့်ရှောက်မှု လွှမ်းခြုံနိုင်ရန် နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းပေါင်း ၅၀ ကျော်နှင့်ပူးပေါင်း၍လည်း ကျန်းမာရေးဝန်ဆောင်မှုများပေးနေကြောင်း၊ GAVI HSS ၏ ပံ့ပိုးမှုဖြင့် နွမ်းပါးအမျိုးသမီးလူနာနှင့် အသက် ငါးနှစ်အောက်ကလေး ၃၅၈၁၂ ဦးကို ခရီးစရိတ်၊ နေ့တွက်စရိတ်၊ ဆေးဖိုးကုန်ကျငွေ စုစုပေါင်းကျပ်သန်း ၁၆၆၁ ဒသမ

**အထူးကဏ္ဍ (ဂ) သို့ »»**



၂၀၁၆ ခုနှစ် ဩဂုတ်လက စစ်ကိုင်းတိုင်းဒေသကြီး လဟယ်မြို့နယ်နှင့် နန်းယွန်းမြို့နယ်တို့တွင်ဖြစ်ပွားခဲ့သော ဝက်သက်ရောဂါဖြစ်ပွားမှုကြောင့် လူအများသေဆုံးမှုဖြစ်ပွားသဖြင့် အဆိုပါဒေသများအထိအရောက်သွားကာ ဒေသခံများအား ကျန်းမာရေးစောင့်ရှောက်မှုပေးနေစဉ်။

**ဆရာဝန်များ အရည်အသွေးမြင့်လာစေရန်အတွက် နိုင်ငံခြားတက္ကသိုလ် ၁၀၂ ခုနှင့်ပူးပေါင်း၍ ကျွမ်းကျင်မှုမြင့်တင်ရေးသင်တန်းများ၊ ပူးပေါင်းခွဲစိတ်ခြင်း လုပ်ငန်းများကို အရှိန်မြှင့်ဆောင်ရွက်ခြင်း၊ ပြည်သူများကို အထူးကုဆရာဝန်များအနေဖြင့် ကျန်းမာရေးဝန်ဆောင်မှု ပေးနိုင်ရန် ဘွဲ့လွန်သင်တန်းသို့ ဆရာဝန် ၁၅၆၅ ဦး တက်ရောက်စေခြင်း စသည့် လုပ်ငန်းများကိုလည်း ဆောင်ရွက်နိုင်ခဲ့**




ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ သူနာပြုများ နိုင်ငံတကာအဆင့်မီတာဝန်ထမ်းဆောင်နိုင်ရန် ပြင်ဆင်ဖြည့်စွက်မည့် သူနာပြုသားဖွားဝတ်စုံများမိတ်ဆက်ပြသနေစဉ်။

**အထူးကဏ္ဍ (ခ) မှ »»**

၂၇၂ ပွဲပိုးပေးခဲ့ကြောင်း၊ အခြေခံကျန်းမာရေးဝန်ထမ်း ၄၈၀၀ ဖြင့် ခက်ခဲဒေသများသို့ ၉၅၆၉ ကြိမ်သွားရောက်ပြီး ကွင်းဆင်းကျန်းမာရေးစောင့်ရှောက်ပေးခဲ့ကြောင်း၊ ကိုယ်ဝန်ဆောင် ၃၆၀၀၊ မွေးပြီးမိခင်နှင့် မွေးကင်းစကလေးများအပါအဝင် အထွေထွေလူနာပေါင်း ၂၁၉၀၀ အတွက် GAVI မှ ကျပ်သန်းပေါင်း ၂၁၉၀ ထောက်ပံ့ပေးခဲ့ကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ သိရသည်။

**ကျန်းမာရေးအသိအမြင်မြှင့်တင်ရေးဌာန**

"မြန်မာနိုင်ငံအရပ်ရပ်မှာ ကပ်ရောဂါအသွင်နဲ့ဖြစ်ပေါ်လာတဲ့ ဝက်သက်၊ ဆုံဆို့နာနဲ့ ဝမ်းလျှောဝမ်းပျက်ရောဂါအပါအဝင် ကူးစက်ရောဂါများကို အောင်မြင်စွာထိန်းချုပ်နိုင်ခဲ့ပါတယ်။ (ဥပမာ-လဟယ်၊ နန်းယွန်းဖြစ်စဉ်များ)လိုပေါ့။ မျိုးဆက်ပွားကျန်းမာရေးလုပ်ငန်းတွေ ပိုမိုပီပြင်စွာဆောင်ရွက်နိုင်ဖို့အတွက်လည်း ကမ္ဘာ့လူဦးရေရန်ပုံငွေ (UNFPA) အထောက်အပံ့နဲ့ ဆေးတွေ စနစ်တကျဖြန့်ဝေပြီး လိုအပ်တဲ့နေရာမှာရရှိစေဖို့ စီမံခန့်ခွဲမှုအထောက်အကူပြု မျိုးဆက်ပွားကျန်းမာရေးသတင်းစနစ် (Reproductive Health Management Information System – RHMIS) ကို အသုံးပြုဆောင်ရွက်နေပါတယ်။ လက်ရှိဆောင်ရွက်ပေးနေတဲ့ စုစုပေါင်း ၇၂ မြို့နယ်အပြင် မြို့နယ်တွေ ထပ်မံတိုးချဲ့ဖို့ အစီအစဉ်ရေးဆွဲထားပြီး ဖြစ်ပါတယ်။ ပြည်သူလူထုအတွင်းမှာလည်း ကျန်းမာရေးဗဟုသုတ ပိုမိုမြင့်မားလာစေဖို့ ကျန်းမာရေး အသိအမြင်မြှင့်တင်ရေးဌာန (Health Literacy Promotion Unit)ကို အားဖြည့်ခဲ့ပါတယ်"ဟု ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ပြောသည်။

တစ်နှစ်တာကာလအတွင်း စုစုပေါင်း ဆေးရုံ ၁၂၃ ရုံတွင် ဧည့်ကြိုဌာန(reception services)များ ဖွင့်လှစ်ပေး၍ ဝန်ဆောင်မှုပေးလျက်ရှိခြင်း၊ ဆေးရုံများ၌ အရည်အသွေးပြည့် ကုသမှုပေးနိုင်ရန် SOP နှင့် Guideline များ Update လုပ်ခြင်း၊ အသစ်ထုတ်ခြင်း၊ မြန်မာနိုင်ငံ ဆရာဝန်အသင်းမှ ဆေးပညာ၊ ခွဲစိတ်ကုပညာ၊ သားဖွားနှင့် မီးယပ်ပညာ၊ ကလေးကျန်းမာပညာ ကုသမှုလမ်းညွှန်မှုဖြစ်မြင်းစာအုပ်များ ထုတ်ဝေဖြန့်ဝေပေးခြင်း၊ ပြည်သူ့ကျန်းမာရေးဝန်ဆောင်မှုကို ပိုမိုပီပြင်စေရန်နှင့် ကုသရေးပိုင်း ပိုမိုထိရောက်စေရန် သင်တန်းများ ပို့ချပေးခြင်း၊ ဆေးရုံအညွှန်းကိန်း (Hospital Performance Indicators)များကို တိကျပီပြင်စွာ ပြင်ဆင်သတ်မှတ်ပေးခြင်း၊ ဆေးရုံများ၌ ရောဂါကူးစက်ပြန့်ပွားမှု ထိန်းချုပ်နိုင်စေရန်အတွက် Hospital Infection Control Guidelines များကို သတ်မှတ်ဖြန့်ဝေခြင်း၊ နိုင်ငံတကာအဆင့်မီ နောက်ဆုံးပေါ်ကင်ဆာရောဂါရှာဖွေသည့် PET CT Scan ကို ဝယ်ယူ၍ လူနာများအား ဝန်ဆောင်မှုပေးခြင်း၊ ကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှု ၂၇ ခုနှင့် ရိုးတွင်းခြင်ဆီအစားထိုးမှု ကိုးခု၊ အသည်းအစားထိုးခွဲစိတ်မှု သုံးခုတို့ကို အောင်မြင်စွာဆောင်ရွက်နိုင်ခြင်း၊ ဆရာဝန်များ ဆေးကုသရာ၌ ကျင့်ဝတ်နှင့်အညီ လူနာများအပေါ်၌ ထားရှိစေရန်အတွက် ဆေးတက္ကသိုလ်များ၌ ဆရာဝန်ကျင့်ဝတ်တို့ကို ဆေးတက္ကသိုလ် ပထမနှစ်မှစ၍ နောက်ဆုံးနှစ်အထိ သင်ကြားပေးခြင်း၊ မျိုးဆက်သစ်သူနာပြုဆရာမများ၏ အရည်အသွေးမြင့်မားလာရေးအတွက် သူနာပြုနှင့် သားဖွားကျောင်း ၅၀ ကျော်နှင့် သူနာပြုတက္ကသိုလ်နှစ်ခု၏ သင်ရိုးညွှန်းတမ်းများကို ခေတ်နှင့်လျော်ညီစွာ ပြင်ဆင်သတ်မှတ်ခြင်း၊ ဆရာဝန်များ အရည်အသွေးမြင့်လာစေရန်အတွက် နိုင်ငံခြားတက္ကသိုလ် ၁၀၂ ခုနှင့် ပူးပေါင်း၍ ကျွမ်းကျင်မှုမြှင့်တင်ရေးသင်တန်းများ၊ ပူးပေါင်းခွဲစိတ်ခြင်းလုပ်ငန်းများကို အရှိန်မြှင့်ဆောင်ရွက်ခြင်း၊ ပြည်သူများကို အထူးကုဆရာဝန်များအနေဖြင့် ကျန်းမာရေးဝန်ဆောင်မှုပေးနိုင်ရန် ဘွဲ့လွန်သင်တန်းသို့ ဆရာဝန် ၁၅၆၅ ဦး တက်ရောက်စေခြင်း စသည့်လုပ်ငန်းများကိုလည်း ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

**အရည်အသွေးပြည့်ဝသည့် တိုင်းရင်းဆေးဝန်ဆောင်မှု**

တိုင်းရင်းဆေးကဏ္ဍတွင်လည်း ပြည်သူများ အရည်အသွေးပြည့်ဝသည့် တိုင်းရင်းဆေးဝန်ဆောင်မှုပေးနိုင်ရန် တိုင်းရင်းဆေးရုံများတွင် စဉ်ဆက်မပြတ်ပညာပေး သင်တန်းပေါင်းများစွာ ပို့ချဆွေးနွေးခြင်း၊ တိုင်းရင်းဆေးဆရာ ၃၅၀၀ ခန့်ကို အကြောင်းအရာခေါင်းစဉ် ကိုးခုဖြင့် ကုထုံးကုနည်းများ၊ SOP များထွက်ရန် သင်တန်းပေးဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီး သုတေသနလုပ်ငန်းကျွမ်းကျင်မှုကို မြှင့်တင်ရန် တိုင်းရင်းဆေးပညာဦးစီးဌာနနှင့် နိုင်ငံခြားတက္ကသိုလ် ၃၀ တို့ ပေါင်းစပ်လုပ်ကိုင်နေသည်ဟု ဆိုသည်။

**အထူးကဏ္ဍ (ဃ) သို့ »»**



ကျန်းမာရေးကဏ္ဍ အဆင့်မြင့်တင်မှုအနေဖြင့် အသည်းအစားထိုးကုသမှုများကိုလည်း ဆောင်ရွက်လာနိုင်ပြီဖြစ်သည်။

ကြေးမုံ
နိုင်ငံတော်အစိုးရ၏
ပြည်သူ့အတွက် ပထမ တစ်နှစ်တာ



၂၀၁၆ ခုနှစ် ဩဂုတ်လကကျင်းပသည့် 2016 Asian Men's Club Volleyball Championship ပြိုင်ပွဲတွင် မြန်မာအသင်းနှင့် ဗီယက်နမ်အသင်းတို့ ယှဉ်ပြိုင်ကစားနေစဉ်။

## တစ်နှစ်တာနီးပါးကာလအတွင်း အားကစားကဏ္ဍတွင်လည်း အားကစားမြေစိုက်ကိရိယာ (outdoor fitness equipment)များကို မြို့နယ် ၉၁ မြို့နယ်၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ် ၁၅ ခုနှင့် သူနာပြုနှင့် သားဖွားကျောင်း ၅၀ သို့ ဖြန့်ဝေတပ်ဆင်ပေးခဲ့ကြောင်း၊ Township Sports Development Program (TSDP) အစီအစဉ်အရ စုစုပေါင်း ၁၅၁ မြို့နယ်တွင် အားကစားနည်းမျိုးစုံပါဝင်သည့် အားကစားပြိုင်ပွဲများ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့

**အထူးကဏ္ဍ (ဂ) မှ »»**
"တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်ရုံးနဲ့ မြို့နယ်တိုင်းရင်းဆေးကုဌာနတွေက တိုင်းရင်းဆေးဆရာတွေ နယ်မြေကွင်းဆင်း၍ စုစုပေါင်း လူနာသုံးသိန်းကျော်ကို ကုသပေးနိုင်ခဲ့သလို တိုင်းရင်းဆေးနဲ့ပတ်သက်ပြီး ကျန်းမာရေးပညာပေးခြင်းလုပ်ငန်းတွေကိုလည်း ဆောင်ရွက်ခဲ့ပါတယ်"ဟု ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ဆိုသည်။

**အားကစားပစ္စည်းများ ထောက်ပံ့**

တစ်နှစ်တာနီးပါးကာလအတွင်း အားကစားကဏ္ဍတွင်လည်း အားကစားမြေစိုက်ကိရိယာ (outdoor fitness equipment) များကို မြို့နယ် ၉၁ မြို့နယ်၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ် ၁၅ ခုနှင့် သူနာပြုနှင့်သားဖွားကျောင်း ၅၀ သို့ ဖြန့်ဝေတပ်ဆင်ပေးခဲ့ကြောင်း၊ Township Sports Development Program (TSDP) အစီအစဉ်အရ စုစုပေါင်း ၁၅၁ မြို့နယ်တွင် အားကစားနည်းမျိုးစုံပါဝင်သည့် အားကစားပြိုင်ပွဲများ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း၊ ပြည်ပ ရှစ်နိုင်ငံသို့ အားကစားနည်း ၁၂ မျိုး သွားရောက်ယှဉ်ပြိုင်ခဲ့ရာ ရွှေ ၁၃ ခု၊ ငွေ ၁၂ ခု၊ ကြေး ၂၄ ခု ဆွတ်ခူးရရှိခဲ့ကြောင်း၊ မြန်မာနိုင်ငံတွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် အားကစားနည်းငါးမျိုးမှ ရွှေ နှစ်ခု၊ ငွေ ခြောက်ခု၊ ကြေး ရှစ်ခု ဆွတ်ခူးရရှိခဲ့ကြောင်း၊ ဝေးလံခေါင်ဖျားဒေသများရှိ စာသင်ကျောင်းများအား အားကစားပစ္စည်း ၂၄ မျိုးအား ထောက်ပံ့ရန် ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံ၏ဂုဏ်ပိုမိုရှိစေရန် 2016 Asian Men's Club Volleyball Championship, 20th Asian Petanque Championship 2016, Leopalace 21 Myanmar Open 2017, Futsal စသည့် အပြည်ပြည်ဆိုင်ရာ အားကစားပြိုင်ပွဲများကို ကျင်းပခဲ့ကြောင်း သိရသည်။

**ဈေးကွက်နမူနာ**

အစားအသောက်နှင့် ဆေးဝါးကဏ္ဍတွင်လည်း အစားအသောက်များ အန္တရာယ်ကင်းစေရေး၊ အရည်အသွေးပြည့်မီရေးအတွက် လုပ်ငန်းစဉ်များဖြစ်သော သွင်းကုန်၊ ပို့ကုန် လိုင်စင်ထောက်ခံချက်၊ သောက်ရေသန့်လုပ်ငန်း၊ အစားအသောက်လုပ်ငန်းထောက်ခံချက်များ၊ ဈေးကွက်နမူနာများကို စစ်ဆေးဆောင်ရွက်နေသည်ဟု ဆိုသည်။

"ပြည်သူတွေအတွက် အစားအသောက်၊ ဆေးဝါး၊ အလှကုန်၊ ဆေးပစ္စည်းများဆိုင်ရာ အန္တရာယ်ကင်းရှင်းရေး၊ ဗဟုသုတတိုးပွားစေရေး၊ ပညာပေးမဂ္ဂဇင်း ( The Voice of Myanmar FDA )ကို ၂၀၁၆ ခုနှစ် ဒီဇင်ဘာလက စတင်ပြီး သုံးလတစ်ကြိမ် ထုတ်ဝေလျက်ရှိပါတယ်။ ဆေးဝါးများအန္တရာယ်ကင်းစေရေးနဲ့ အရည်အသွေးပြည့်မီရေးအတွက် မြန်မာနိုင်ငံကို တင်သွင်းတဲ့ဆေးဝါး ၂၇၀၀ ကိုစိစစ်ပြီး ဆေးဝါး ၂၁၀၀ ရဲ့ မှတ်ပုံတင်လက်မှတ်ထုတ်ပေးခဲ့ပါတယ်။

"ဈေးကွက်ထဲကဆေးဝါး ၃၀၀ ကို စိစစ်ပြီး ပြစ်မှုကျူးလွန်တဲ့ဆေးဆိုင်နဲ့ လုပ်ငန်း စုစုပေါင်း ၇၅ ခုကို တရားစွဲဆိုခဲ့ပါတယ်။ ပြည်သူတွေအတွက် အန္တရာယ်ရှိတဲ့ တရားမဝင်ဆေးဝါးနဲ့ သက်တမ်းလွန်ဆေးဝါးတွေကို ရှာဖွေဖော်ထုတ်ခဲ့ပါတယ်။ ရန်ကုန်တိုင်းဒေသကြီးမှာ ငွေကျပ် ၈၂၇၁ သိန်းကျော်၊ မန္တလေးတိုင်းဒေသကြီးမှာ ကျပ်သိန်းတစ်သောင်းကျော်တန်ဖိုးရှိတဲ့ အန္တရာယ်ကြီးမားတဲ့ ဆေးနဲ့ဆေးပစ္စည်းတွေကို ဖျက်ဆီးခဲ့ပါတယ်။ အစားအသောက်၊ လူသုံးကုန်ပစ္စည်းတွေနဲ့ပတ်သက်ပြီးတော့လည်း အသိပညာပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပြီး တားမြစ်ဓာတုပစ္စည်းပါဝင်တဲ့ အလှကုန်ပစ္စည်း ၃၇ မျိုးကို ဖော်ထုတ်ဖမ်းဆီးဖျက်ဆီးခဲ့ပါတယ်" ဟု ဒေါက်တာမြင့်ထွေးက ပြောသည်။

လက်ရှိအစိုးရလက်ထက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး တာဝန်ထမ်းဆောင်နေသူ ဒေါက်တာမြင့်ထွေးက မြန်မာနိုင်ငံ၏ ကျန်းမာရေးလုပ်ငန်းဆောင်ရွက်မှု ပီပြင်ထိရောက်မှုရှိရန်မှာ ပြည်သူများ၏ ကျန်းမာရေးအသိပညာ အတိုင်းအတာမည်မျှရှိသည်၊ ကျန်းမာရေးဝန်ထမ်းများနှင့် လူထုအခြေပြုအဖွဲ့အစည်းများ၊ NGO များ၊ အခြားနှီးနွှယ်ဌာနများ ပူးပေါင်းဆောင်ရွက်မှု မည်မျှရှိသည်၊ ဝန်ထမ်းများ၏ကျွမ်းကျင်မှု၊ စိတ်ဝင်စားမှု၊ အလုပ်အပေါ် နှစ်သက်မြတ်နိုးမှု မည်မျှရှိသည်၊ ဆရာဝန်ကျင့်ဝတ်၊ သူနာပြုကျင့်ဝတ်၊ ဝန်ထမ်းကျင့်ဝတ်၊ ပြည်သူလူထုနှင့် ဆက်ဆံရေးကောင်းမွန်မှု မည်မျှရှိသည်ဆိုသည့်အချက်များအပေါ်တွင် မူတည်နေကြောင်း သုံးသပ်ထားသည်။

**အလေအလွင့်အနည်းဆုံး**

မိမိတာဝန်ယူထမ်းဆောင်ချိန် ကာလအတွင်း စီမံချက်ပေါင်းများစွာဖြင့် ပြည်သူများအတွက် ကျန်းမာရေးဝန်ဆောင်မှုများကို အရည်အသွေးပြည့်ဝပြီး စနစ်တကျဖြစ်ရန် ကြိုးစားဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ဘဏ္ဍာငွေသုံးစွဲမှုကို အထူးကြီးကြပ်ပြီး အကျိုးရှိစွာ အလေအလွင့်အနည်းဆုံးဖြစ်အောင် လုပ်ဆောင်မည်ဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီးက ဆိုသည်။

အစိုးရသစ်လက်ထက် ပြည်သူ့ကျန်းမာရေးနှင့် အားကစားလုပ်ငန်းများ အားကောင်းမောင်းသန်ဖြစ်လာရန်နှင့် တစ်နိုင်ငံလုံးလွှမ်းခြုံသည့် ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပိုမိုထိရောက်ရန် မျှော်လင့်မိပါကြောင်း။

■■■



မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ်တွင် မြို့နယ်အားကစားဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်အရ အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပစဉ်။

# တစ်နှစ်တာကာလအတွင်း မန္တလေးတိုင်းဒေသကြီး၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍ ပြုပြင်ပြောင်းလဲတိုးတက်မှုများ

**မန္တလေးမြို့တော် စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ မြို့နယ် ခြောက်မြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်လွန်ကတ္တရာလမ်း ၁၀ မိုင်ကျော်၊ ကတ္တရာလမ်း မိုင် ၅၀ ကျော်၊ ကျောက်ချောလမ်း ငါးမိုင်ကျော်၊ ကွန်ကရစ်လမ်း တစ်မိုင်ကျော်၊ တံတား ၂၃ စင်း တည်ဆောက်ဖောက်လုပ်၊ အငှားအိမ်ရာ နှစ်လုံး အခန်းပေါင်း ၁၄၄ ခန်း ဆောက်လုပ်ခြင်း၊ ယောမင်းကြီးဈေး၊ ယာယီမင်္ဂလာဈေးတည်ဆောက်ခြင်းများ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့**

မောင်သက်

အညာဒေသ၏ မြို့တော်၊ မန္တလေး ရတနာပုံ ရွှေမြို့တော်ကြီး၊ သမိုင်းအစဉ်အလာ ကြီးမားသော မြန်မာနိုင်ငံ၏ ယဉ်ကျေးမှု မြို့တော် မန္တလေးမြို့အပါအဝင် မန္တလေးတိုင်း ဒေသကြီးတစ်ခုလုံး ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့က စိတ်အားထက်သန်စွာ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ခေတ်စနစ်ပြောင်းလဲလာမှု၊ ပွင့်လင်းလာမှုတို့ကြောင့် စီးပွားရေးလုပ်ငန်းရှင်များ၊ နိုင်ငံခြားသားခရီးသွားများဖြင့် မန္တလေးတိုင်း ဒေသကြီးသည် တစ်စတစ်စ စည်ကားလာသည်။

မန္တလေးမြို့တော် စည်ပင်သာယာရေး နယ်နိမိတ်အတွင်းရှိ မြို့နယ် ခြောက်မြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်လွန်ကတ္တရာ လမ်း ၁၀မိုင်ကျော်၊ ကတ္တရာလမ်း မိုင် ၅၀ ကျော်၊ ကျောက်ချောလမ်း ငါးမိုင်ကျော်၊ ကွန်ကရစ်လမ်း တစ်မိုင်ကျော်၊ တံတား ၂၃ စင်း တည်ဆောက်ဖောက်လုပ်ခြင်း၊ အဆင့်မြင့် မီးပွိုင့် ၁၀ ပွိုင့်တပ်ဆင်ခြင်း၊ ကျုံးပတ်လည်လျှောက်လမ်း၌ LED လမ်းမီး ၁၀၀၀ ကျော်တပ်ဆင်ခြင်း၊ အငှားအိမ်ရာ နှစ်လုံး အခန်းပေါင်း ၁၄၄ ခန်း ဆောက်လုပ်ခြင်း၊ ယောမင်းကြီးဈေး၊ ယာယီမင်္ဂလာဈေး တည်ဆောက်ခြင်း၊ ခေတ်မီသားသတ်ရုံ တည်ဆောက်ခြင်း၊ သခင်ဖိုးလှကြီးအားကစားကွင်း၊ အောင်ပင်လယ်အားကစားကွင်း၊ မြရည်နန္ဒာဘောလုံးကွင်း တည်ဆောက်ခြင်းများ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။


မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်။

**တောင်သူ တစ်သန်းကျော်၏ မြေဧက ၁ ဒသမ ၈ သန်းကျော်**

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ တောင်သူ ၁၀၇၂၅၆၀ ၏ ဦးပိုင်မြေဧကပေါင်း ၁၈၈၈၁၂၅ ဧက ကို လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ (၇) ထုတ်ပေးနိုင်ရေး ဆောင်ရွက်လျက်ရှိရာ တောင်သူ ၁၀၂၉၄၄၃ ဦး၏ ဦးပိုင်မြေပေါင်း ၁၇၉၁၇၆၆ ဧကကို လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ (၇) ထုတ်ပေးနိုင်ခဲ့သဖြင့် ၉၄ ဒသမ ၉၀ ရာခိုင်နှုန်း ဆောင်ရွက်ပေးနိုင်ခဲ့သည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း Digital စနစ်ဖြင့် မြေတိုင်းတာခြင်းလုပ်ငန်းများကို ပုသိမ်ကြီးမြို့နယ်၊ စဉ့်ကိုင်မြို့နယ်နှင့် တံတားဦးမြို့နယ်ရှိ ကွင်းများတွင် ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

**စာချုပ်ပေါင်း ၅၂၁၇ စောင် မှတ်ပုံတင်ပေး**

တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၈ မြို့နယ်တွင်း Digital Deeds Management System (DDMS) Software စနစ်အသုံးပြု၍ စာချုပ်စာတမ်းမှတ်ပုံတင်ခြင်းလုပ်ငန်းများအား ၁-၁၀-၂၀၁၆ ရက်နေ့မှစ၍ အသုံးပြုခဲ့ရာ အများပြည်သူ မှတ်ပုံတင်သွင်းလာသည့် စာချုပ်ပေါင်း ၅၂၁၇ စောင်ကို မှတ်ပုံတင်ပေးနိုင်ခဲ့သည်။

၂၀၁၆ ခုနှစ် ဧရာဝတီမြစ်ရေ ဝင်ရောက်မှုကြောင့် တောင်သာနှင့် ညောင်ဦးမြို့နယ်များရှိ ကျေးရွာများမှ ရေဘေးလွတ်ရာသို့ ပြောင်းရွှေ့လာသည့် ကျွဲ၊ နွားများအတွက် နေရပ်ပြန်ချိန်တွင် ငွေကျပ် ၂ ဒသမ ၅၈၇၄ သန်းတန်ဖိုးရှိ နွားစပ်စာ ပိသာ ၅၄၀၀၊ ငွေကျပ် ၃ ဒသမ ၃၂၄ သန်းတန်ဖိုးရှိ ယူရီးယားသကာတုံး ၄၁၅၅ တုံးတို့ကို တိုင်းဒေသကြီး အစိုးရအဖွဲ့ ရန်ပုံငွေမှ ဆောင်ရွက်ပေးခဲ့သည်။

မန္တလေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် ဂရန်အင်း ၂၇၂ လုံးနှင့် တင်ဒါချက် ၂၀ လုံး နှစ်စဉ်လေလံတင်ရောင်းချလျက်ရှိသည်။ ငါးလုပ်ငန်းဦးစီးဌာန၏ နှစ်စဉ် အခွန်အရပ်ရပ် ကောက်ခံရရှိမှုလျာထားချက်မှာ ကျပ်သိန်းပေါင်း ၃၉၉၀ ကျော်ဖြစ်ပြီး ရရှိမှုမှာ ကျပ်သိန်းပေါင်း ၄၇၂၀ ကျော်ဖြစ်သဖြင့် ၁၁၈ ဒသမ ၃၇ ရာခိုင်နှုန်းပြီးစီးပြီး ဖြစ်သည်။

**ငါးသားပေါက်ကောင်ရေ သိန်းပေါင်း ၁၇၂၀ ကျော်**

ငါးသားပေါက်စခန်းလေးခုမှ ငါးသားပေါက် ထုတ်လုပ်မှုမှာ ကောင်ရေသိန်းပေါင်း ၁၇၂၀ ကျော်လျာထားရာ ရာနှုန်းပြည့်နီးပါး ထုတ်လုပ်နိုင်ခဲ့သည်။ မြို့နယ် ၁၉ မြို့နယ်တွင် ငါးမွေးတောင်သူ ၁၂၀၀ ကျော်၊ ငါးမွေးကန် ဧက ၇၉၀၀ ကျော် မွေးမြူလုပ်ကိုင်လျက်ရှိပြီး ငါးကဏ္ဍဖွံ့ဖြိုးရေးအတွက် မြစ်မ်းရောင် ကျေးရွာ ၃၄ ရွာတွင် လူဦးရေ ၅၈၀၀ အား ငွေကျပ်သန်းပေါင်း ၁၁၆၀ ကျော် ထုတ်ချေးနိုင်ခဲ့ကာ ကျေးရွာ ၁၆ ရွာတွင် သင်တန်းသားဦးရေ ၃၈၈ ဦးအား သင်တန်းပို့ချပေးနိုင်ခဲ့သည်။

မန္တလေးတိုင်းဒေသကြီး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေဖြင့် ၂၀၁၆ ခုနှစ် မိုးရာသီဘဏ်ချေးငွေကို မြို့နယ် ၂၃ မြို့နယ်ရှိ တောင်သူပေါင်း ၂၄၀၈၃၀ ကျော်အား ငွေကျပ်သန်းပေါင်း ၉၃၈၈၀ ကျော် ထုတ်ချေးနိုင်ခဲ့သည်။

၂၀၁၆ ခုနှစ် ဆောင်းရာသီဘဏ်ချေးငွေကို မြို့နယ် ၁၄ မြို့နယ်ရှိ တောင်သူ ၃၃၈၉၀ ကျော်အား ငွေကျပ်သန်းပေါင်း ၇၈၂၀ ကျော် ထုတ်ချေးနိုင်ခဲ့သည်။ ၂၀၁၇ မိုးကြိုရာသီဘဏ်ချေးငွေကို ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက်အထိ မြို့နယ် လေးမြို့နယ်ရှိ တောင်သူ ၄၅၀ ခန့်အား ငွေကျပ်သန်းပေါင်း ၂၆၀ နီးပါး ထုတ်ချေးနိုင်ခဲ့သည်။

မန္တလေးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ပြည်ထောင်စုဘတ်ဂျက်ဖြင့် လမ်းများဖောက်လုပ်ခြင်း၊ တံတားများ

အထူးကဏ္ဍ (၈) သို့ »»


မန္တလေးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့က ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ဖွင့်လှစ်ခဲ့သော ပုသိမ်ကြီး မြို့မဈေး။



၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၂ ရက်က စွယ်တော်မြတ်စေတီ(မန္တလေး)၌ ကျင်းပသည့် မသိုးသင်္ကန်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနားတွင် သင်္ကန်းတော်အား လှည့်လည်ပူဇော်စဉ်။

## မန္တလေးတိုင်းဒေသကြီးအတွင်းရှိ တောင်သူ ၁၀၇၂၅၆၀ ၏ ဦးပိုင်မြေကေပေါင်း ၁၈၈၁၂၅ ကေကို လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ (၇) ထုတ်ပေးနိုင်ရေး ဆောင်ရွက်လျက်ရှိရာ တောင်သူ ၁၀၂၉၄၃ ဦး၏ ဦးပိုင်မြေပေါင်း ၁၇၉၁၇၆၆ ကေကို လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ (၇)ထုတ်ပေးနိုင်ခဲ့သဖြင့် ၉၄ ဒသမ ၉၀ ရာခိုင်နှုန်း ဆောင်ရွက်ပေးနိုင်ခဲ့

**အထူးကဏ္ဍ (င) မှ »»**

ဆောက်လုပ်ခြင်း၊ ရေပေးဝေရေးလုပ်ငန်းများ၊ ကျေးလက်လမ်း၊ တံတားတည်ဆောက်မှုများကို တိုးတက်ဆောင်ရွက်ပေးနိုင်ခဲ့သည်။

မြို့နယ် ၂၀ တွင် သမဝါယမအသင်း ၄၇၆၃ သင်း တိုးချဲ့ဖွဲ့စည်းနိုင်ခဲ့ပြီး လယ်ယာကဏ္ဍ၊ ကုန်သွယ်မှုကဏ္ဍ၊ မွေးမြူရေးကဏ္ဍ၊ ဝန်ဆောင်မှုကဏ္ဍ၊ စက်မှုလက်မှုကဏ္ဍ ငါးခုအတွက် အသင်း ၄၀၃၉ သင်း၊ အသင်းသားစုစုပေါင်း ၅၆၅၆၇၉ ဦးကို ငွေကျပ် ၉၂၉၁၆ သန်းထုတ်ချေးခြင်း၊ စက်ပစ္စည်းအမျိုးအစား ၁၀ မျိုး၊ အစီးရေ ၄၉၃ စီး တန်ဖိုးငွေကျပ် ၁၂၂၄ သန်းကျော် အရစ်ကျရောင်းချခြင်း၊ အခြားကုမ္ပဏီများမှ ထုတ်လုပ်သော ယာဉ်မျိုးစုံ အစီးရေ ၅၀၅ စီး တန်ဖိုးငွေကျပ် ၇၁၇၇ သန်းကျော် အရစ်ကျရောင်းချပေးနိုင်ခဲ့ခြင်း၊ ကျေးလက်ဒေသ လျှပ်စစ်မီးလင်းရေးအတွက် မြို့နယ်ငါးမြို့နယ်၊ အသင်းပေါင်း ၃၁ သင်းရှိ အသင်းသား ၅၆၀၆ ဦးအား ငွေကျပ် ၉၉၇ သန်းကျော် ထုတ်ချေးပေးနိုင်ခဲ့သည်။

### မြေဧက ငါးသန်းခန့် စိုက်ပျိုး

မန္တလေးတိုင်းဒေသကြီးအတွင်း အဓိကသီးနှံ ၁၀ မျိုး စိုက်ပျိုးရန်လျာထားဧက ၅၄၆၆၃၄၅ ဧကအနက် ၄၉၄၂၉၂၈ ဧက စိုက်ပျိုးခဲ့ပြီးဖြစ်၍ ၉၀ ဒသမ ၄၂ ရာခိုင်နှုန်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့သည်။

မန္တလေးတိုင်းဒေသကြီးအတွင်း ခရိုင်ခုနစ်ခရိုင်ရှိ မြို့နယ် ၂၀ တွင် မျိုးကောင်းမျိုးသန့်ဧက ၉၀၀၊ ပုဂ္ဂလိကမျိုးစေ့ထုတ်လုပ်သူ/ကုမ္ပဏီ ၂၇ ခုမှ စပါးမျိုး ခုနစ်မျိုး၊ ၁၅၂၉ ဧကတွင် ဌာနအနေဖြင့် ၅၇၅၂ တင်းဝယ်ယူ၍ ၂၀၁၇-၂၀၁၈ ခုနှစ် ရာသီတွင် ဖြန့်ဖြူးသွားမည်ဖြစ်သည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် စဉ့်ကိုင်မြို့နယ်ရှိ ရွာသာယာမြစ်ရေတင်နှင့် ရွှေလုံ့ဗိုလ်မြစ်ရေတင်တို့မှာ ၅၀ ရာခိုင်နှုန်းစီ၊ မြင်းခြံမြို့နယ် ဆီမီးခုံ-၂/ငန်းမြှာမြစ်ရေတင်နှင့် ဆိတ်ညံ မြစ်ရေတင်တို့မှာ ၇၅ ရာခိုင်နှုန်း၊ ညောင်ဦးမြို့နယ်ရှိ သူကောင်းတည် မြစ်ရေတင်မှာ ၇၅ ရာခိုင်နှုန်း၊ လောကနန္ဒာမြစ်ရေတင် ၆၀ ရာခိုင်နှုန်းတို့ ဆောင်ရွက်လျက်ရှိပြီး ကျန်မြစ်ရေတင်လုပ်ငန်းများမှာ ၁၀၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်သည်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ငွေကျပ် ၆၈၈ သန်းကျော်ဖြင့် ဆောင်ရွက်သည့် မြစ်ရေတင်လုပ်ငန်း ၅၇ ခုမှာ ၁၀၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်သည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ငွေကျပ်သန်း ၇၂၀ ဖြင့် စက်ရေတွင်း ၉၀၀ တူးဖော်ခြင်းလုပ်ငန်းအပေါ် ၁၅၂ တွင်း တူးဖော်ပေးခဲ့ပြီးဖြစ်၍ ၇၄၈ တွင်းအား ဆက်လက်တူးဖော်ဆောင်ရွက်လျက်ရှိသည်။

### ဂျပန်နိုင်ငံ SMBC တို့နဲ့ ပူးပေါင်း

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာ ဇော်မြင့်မောင်က "အသေးစားနဲ့ အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် SME လုပ်ငန်းရှင် ၆၇၉ ဦးကို SME Cluster အဖွဲ့ ၈၈ ဖွဲ့ ဖွဲ့စည်းပေးခြင်း၊ ငွေကြေးအရင်းအနှီးအတွက် CB Bank၊ မြန်မာ့အာမခံလုပ်ငန်း၊ ဂျပန်နိုင်ငံ SMBC တို့နဲ့ပူးပေါင်းပြီး လုပ်ငန်းရှင် ၂၃ ဦးကို ထောက်ခံချက်ထုတ်ပေးနိုင်ခဲ့ပါတယ်။ မန္တလေးတိုင်းဒေသကြီးအတွင်း မြို့နယ်တွေမှာ အသက်မွေးပညာသင်တန်းတွေ ၆၄ ကြိမ် ဖွင့်လှစ်ပေးနိုင်ခဲ့ပြီး သင်တန်းသား စုစုပေါင်း ၈၀၀ ကို သင်တန်းပို့ချပေးနိုင်ခဲ့ပါတယ်"ဟု ပြောသည်။

အမှတ် (၂) စက်မှုသင်တန်းကျောင်းသည် သင်တန်းအမျိုးအစား ၁၃ မျိုး ဖွင့်လှစ်သင်ကြားနိုင်ခဲ့ပြီး သင်တန်းသားဦးရေ ၆၁၉ ဦး တက်ရောက်ခဲ့သည်။ NSSA မှ Welding Testing Centre အဖြစ် ၂၀၁၆ ခုနှစ် ဩဂုတ် ၁ ရက်တွင် အသိအမှတ်ပြုခဲ့ကြောင်း သိရသည်။

ကျေးရွာပေါင်း ၂၁၄ ရွာအတွက် ၁၁ ကေဗွီဓာတ်အားလိုင်း ၁၉၅ မိုင် တည်ဆောက်ခြင်းနှင့် ၁၁/၀၄ ကေဗွီ ဓာတ်အားလိုင်း၊ ၂၀၀/၃၁၅ ကေဗွီအေ ထရန်စဖော်မာ ၁၃၅ လုံး တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

### လျှပ်စစ်ကဏ္ဍ၌ ငွေကျပ်သန်းပေါင်းများစွာ ရင်းနှီးမြှုပ်နှံ

ပုဂ္ဂလိက ဓာတ်အားဖြန့်ဖြူးရေး ရှစ်ခုတို့မှ ၁၁ ကေဗွီဓာတ်အားလိုင်း ၇၂ မိုင်၊ ၄၀၀ ဗို့

**အထူးကဏ္ဍ (ဆ) သို့ »»**



၂၀၁၇ ခုနှစ် ဇန်နဝါရီ ၁၅ ရက်က မတ္တရာမြို့နယ် ရေနံ့သာကျေးရွာ မူလတန်းလွန်ကျောင်း ကျောင်းဆောင်သစ်အဆောက်အအုံအား ဂျပန်သံရုံးပထမအတွင်းဝန်က မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်ထံ လွှဲပြောင်းပေးအပ်စဉ်။



မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင် ပြန်လည်စွန့်လွှတ်မြေများအား မူလတောင်သူများထံသို့ ယာယီလုပ်ပိုင်ခွင့်လက်မှတ် ပြန်လည်လွှဲပြောင်းပေးအပ်သည့်အခမ်းအနားတွင် ယာယီလုပ်ပိုင်ခွင့်လက်မှတ်လွှဲပြောင်းပေးအပ်စဉ်။

**အထူးကဏ္ဍ (၈) မှ »»»**

ခတ်အားလိုင်း ၈၇ မိုင်နှင့် ၁၁/၀.၄ကေဗွီ ၂၀၀/၃၁၅ ကေဗွီအေ ထရန်စဖော်မာ ၁၄၉ လုံး တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးခဲ့သည်။ လက်ရှိအစိုးရသစ် လက်ထက်တွင် လျှပ်စစ်ကဏ္ဍအနေဖြင့် ကျပ်သန်းပေါင်း ၂၆၅၉၅ ဒသမ ၃၃၂ နှင့် အမေရိကန်ဒေါ်လာ ၁၅ ဒသမ ၁၆ ဒေါ်လာသန်းပေါင်း ရင်းနှီးမြှုပ်နှံ၍ လုပ်ငန်းများဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ရေရရှိရေးလုပ်ငန်းများအတွက် ကျောက်ပန်းတောင်းမြို့နယ်တွင် ပေ ၈၀၀ အနက်ရှိသော လေးလက်မအဝီစိတွင်းနှင့် ဂါလန် ၃၀၀၀၀ ဆံ့ ရေလှောင်ကန် တစ်ကန်၊ တောင်သာမြို့နယ်တွင် ပေ ၈၀၀ အနက်ရှိသော ခြောက်လက်မအဝီစိတွင်းနှင့် ဂါလန် ၃၀၀၀၀ ဆံ့ ရေလှောင်ကန်တစ်ကန်၊ ချမ်းမြသာစည်မြို့နယ်တွင် ပေ ၅၀၀ အနက်ရှိသော လေးလက်မအဝီစိတွင်းနှင့် ဂါလန် ၄၈၀၀ ဆံ့ ရေလှောင်ကန်တစ်ကန်တို့ကို တည်ဆောက်ပေးနိုင်ခဲ့သည်။

မန္တလေးမြို့ရှိ ဝန်ထမ်းအင်အားစုစုပေါင်း ၅၆၁၆၂ ဦးအတွက် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ ဝန်ထမ်းအိမ်ရာ အိမ်ခန်းပေါင်း ၁၈၄၆ ခန်း ဆောက်လုပ်ပေးနိုင်ခဲ့ပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ဆောက်လုပ်ဆဲအိမ်ခန်းပေါင်း ၄၈၀၊ စုစုပေါင်းအိမ်ခန်း ၂၃၂၆ ခန်း၊ ဝန်ထမ်းအိမ်ရာများတွင် လျှပ်စစ်မီးရရှိရေးလုပ်ငန်းများအတွက် မြို့နယ်ပေါင်း ငါးမြို့နယ်၌ 315 ကေဗွီအေထရန်စဖော်မာ ငါးလုံး တည်ဆောက်ပေးနိုင်ခဲ့သည်။

"၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း မန္တလေးတိုင်းဒေသကြီးမှာ ဆောက်လုပ်ဆဲအိမ်ခန်းပေါင်း ၄၈၀ ရှိပြီး ဆောက်လုပ်ပြီးအိမ်ခန်းပေါင်း ၈၀၀ ကို ဝင်ငွေနည်းပြည်သူနဲ့ဝန်ထမ်းတွေကို မဲနှိုက်ရောင်းချပေးခဲ့ပါတယ်" ဟု ပြောသည်။

### မဲနှိုက်ရောင်းချ

ပြည်ထောင်စုမှ အိမ်ခန်း ၂၄၀ နှင့် တိုင်းဒေသကြီးမှ အိမ်ခန်း ၅၆၀ အား နိုင်ငံ့ဝန်ထမ်းများ၊ အငြိမ်းစားဝန်ထမ်းများ၊ ကုမ္ပဏီဝန်ထမ်းများနှင့် ဝင်ငွေနည်းပြည်သူများသို့ ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ပွင့်လင်းမြင်သာစွာ မဲနှိုက်ရောင်းချပေးခဲ့သည်။

ဆောင်ရွက်ဆဲ ပြည်ထောင်စုလမ်း ၂၇ လမ်းနှင့် တိုင်းဒေသကြီးလမ်း ၄၁ လမ်းရှိပြီး လမ်းအမျိုးအစားများမှာ ကွန်ကရစ်လမ်း ၁၅၄ မိုင် ၆ ဒသမ ၅ ဖာလုံ၊ ကတ္တရာလမ်း ၁၄၂၉ မိုင် ၆ ဖာလုံ၊ ကျောက်လမ်း ၈ မိုင် ၃ ဒသမ ၅ ဖာလုံ၊ အမာခံလမ်း ၁၇ မိုင် ၂ ဖာလုံ၊ မြေလမ်း ၁၃မိုင် ၇ ဖာလုံ၊ စုစုပေါင်း လမ်းမိုင်အရှည် ၁၆၂၄ မိုင် ၁ ဖာလုံဖြစ်သည်။

### ဖိုက်ဘာဆက်ကြောင်းသစ်

မန္တလေး၊ စဉ့်ကူး၊ မိုးကုတ်၊ ပြင်ဦးလွင် (၄၈+၉၆) Cores (UG+OH) ဖိုက်ဘာကေဘယ်ဆက်ကြောင်းမှ ပြင်ဦးလွင်-မိုးကုတ် ၁၁၆ ဒသမ ၈ ကီလိုမီတာအား ဆောင်ရွက်နိုင်ခဲ့သည်။ မန္တလေး-အင်းတော်-ကသာ (DWDM) ဖိုက်ဘာဆက်ကြောင်းသစ်တည်ဆောက်ရန်အတွက် စဉ့်ကူးမြို့နှင့် တကောင်းမြို့တို့တွင် စက်မှုအဆောက်အအုံသစ်ဆောက်လုပ်ခြင်းနှင့် မတ္တရာအိတ်ချိန်း စက်မှုအဆောက်အအုံအား Renovation ပြုလုပ်ခြင်း၊ မန္တလေးမြို့တွင် အသုံးပြုလျက်ရှိသော အော်တိုအိတ်ချိန်းများအား MSAN(Multi Service Access Node) ခေတ်မီအိတ်ချိန်းများဖြင့် ပြောင်းလဲဝန်ဆောင်မှုပေးနိုင်ခြင်း၊ GSM စခန်းသစ် ၈၆ ခန်း၊ စခန်းတိုးချဲ့ခြင်း ၅၅ စခန်း၊ အဆင့်မြှင့်တင်ခြင်း နှစ်စခန်း၊ 4G (LTE)စက်များ ၁၇၃ စခန်း တပ်ဆင်နိုင်ခဲ့ခြင်း၊ အော်တိုတယ်လီဖုန်းလိုင်းပေါင်း ၄၆၆ လိုင်း၊ မိုဘိုင်းတယ်လီဖုန်း ၆၀၀၆၀၀၊ မြန်နှုန်းမြင့် ADSL အင်တာနက် ၇၆၇ လိုင်းနှင့် ဖိုက်ဘာအင်တာနက် ၁၁၃ လိုင်း တပ်ဆင်နိုင်ခဲ့သည်။

### စက်ခေါင်းသစ်များ အသုံးပြုပြေးဆွဲ

အမှတ် (၅၃)အဆန်၊ အမှတ် (၅၄)အစုန် (မန္တလေး-ကောလင်း-မန္တလေး) RBE ရထားအား ၂၀၁၆ ခုနှစ် ဇူလိုင် ၁ ရက်တွင် ခရီးစဉ်အသစ်အဖြစ် ပြေးဆွဲနိုင်ခဲ့သည်။ ခရီးတိုရထားကို LRBE ကားရထားများဖြင့် (မြို့ဟောင်း-ရွှေဘို) ပြေးဆွဲရာမှ ၂၀၁၆ ခုနှစ် စက်တင်ဘာ ၂၇ ရက်မှစ၍ မန္တလေးမှ ရွှေဘိုသို့ တိုးချဲ့ပြေးဆွဲနိုင်ခဲ့သည်။ မန္တလေး-လားရှိုး လမ်းပိုင်းတွင် ၁၃၁ အဆန်/၁၃၂ အစုန်ရထား၌ လက်ရှိပြေးဆွဲနေသော စက်ခေါင်းများအစား ပိုမိုကောင်းမွန်သော စက်ခေါင်းသစ်နှစ်လုံးဖြင့် အစားထိုးပြေးဆွဲနိုင်ခဲ့သည်။

ရန်ကုန်-မန္တလေးလမ်းပိုင်းရှိ မြစ်ငယ်ဒွေးလမ်း တံတားသစ်အား ဖွင့်လှစ်နိုင်ခဲ့ခြင်း၊ မြစ်ငယ်စက်ရုံတွင် လူစီးတွဲနှင့် ကုန်တွဲသစ်ပြုပြင်သော စက်ရုံအသစ်တည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၁၅ ခုနှစ် ဇွန် ၁ ရက်တွင် စတင်ဆောင်ရွက်ခဲ့ပြီး လက်ရှိ တည်ဆောက်ဆဲဖြစ်ကာ ခန့်မှန်းပြီးစီးမည့်ရက်မှာ ၂၀၁၇ ခုနှစ် နိုဝင်ဘာ ၃၀ ရက်ဖြစ်သည်။

### သစ်တောများ မျိုးစပ်ဆောင်ရွက်

သစ်တောထိန်းသိမ်းရေးလုပ်ငန်းများတွင် ခမ္မတာမျိုးစပ်ဆောင်ရွက်ခြင်း ၅၀၅ ဧက၊ ပေါင်းသင်ရှင်းလင်းခြင်းဧက ၅၀၀၀၊ နွယ်ဖြတ်ညောင်ပတ်လှဲခြင်း ၁၇၁၄ ဧက၊ သစ်တောလမ်းပြင်ဆင်ခြင်း ၁၆၅ မိုင်၊ ကြိုးဝိုင်းနယ်နိမိတ်ပြင်ဆင်ခြင်း ၄၆ မိုင်၊ အကွက်နယ်နိမိတ်ပြင်ဆင်ခြင်း ၃၆ မိုင်၊ စိုက်ခင်း မီးကာကွယ်ခြင်း ဧက ၂၀၅၀ တို့ကို ဆောင်ရွက်ထားရှိပြီးဖြစ်သည်။

ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးလှုပ်ရှားမှုအနေဖြင့် ကျွန်း၊ ပိတောက်နှင့် အခြားအပင် စုစုပေါင်း အပင် ၄၇၅၇၃၀၀ ကျော်ကို စိုက်ပျိုးနိုင်ခဲ့သည်။ တရားမဝင်သစ်ဖမ်းဆီးမှုအကြိမ် ၉၀၀ တွင် စုစုပေါင်းသစ်တန် ၂၄၆၀ ကျော် ဖမ်းဆီးရမိခဲ့သည်။

**အထူးကဏ္ဍ (၉) သို့ »»»**



**ဒုတိယအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် အထူးအစည်းအဝေး(၁/၂၀၁၆) ပထမနေ့တွင် ချမ်းမြသာစည်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်အောင်မိုး အဆိုတင်သွင်းစဉ်။**



**၂၀၁၆ ခုနှစ် ဇူလိုင် ၂၆ ရက်က အမရပူရမြို့နယ် (၁၆)ခုတင်ဆံ့ တမုတ်ဆိုးတိုက်နယ်ဆေးရုံဖွင့်ပွဲအခမ်းအနားကျင်းပစဉ်။**



(၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် မန္တလေးမြို့တော်ဝန်မီနီမာရသွန်ပြိုင်ပွဲ(၂၀၁၇)ကို မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင် ဖွင့်လှစ်ပေးစဉ်။

**၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း မန္တလေးတိုင်းဒေသကြီးမှာ ဆောက်လုပ်ဆဲ အိမ်ခန်းပေါင်း ၄၈၀ ရှိပြီး ဆောက်လုပ်ပြီး အိမ်ခန်းပေါင်း ၈၀၀ ကို ဝင်ငွေနည်းပြည်သူနဲ့ ဝန်ထမ်းတွေကို မဲနှိုက်ရောင်းချပေးခဲ့။ ပြည်ထောင်စုမှ အိမ်ခန်း ၂၄၀ နှင့် တိုင်းဒေသကြီးမှ အိမ်ခန်း ၅၆၀ အား နိုင်ငံ့ဝန်ထမ်းများ၊ အငြိမ်းစားဝန်ထမ်းများ၊ ကုမ္ပဏီဝန်ထမ်းများနှင့် ဝင်ငွေနည်းပြည်သူများသို့ ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ပွင့်လင်းမြင်သာစွာ မဲနှိုက်ရောင်းချပေးခဲ့။**





သာစည်မြို့နယ် ညောင်ရမ်း-မင်းလှကန် မပြုပြင်မီအခြေအနေ(ဝဲပုံ)နှင့် ပြန်လည်ပြုပြင်ပြီးတွေ့ရစဉ်။(ယာပုံ)

အထူးကဏ္ဍ (ဆ) မှ »»

**လေဘေး၊ ရေဘေးနှင့်**
**လျှင်ဘေးများ ခံစားခဲ့ရ**

၂၀၁၆ ခုနှစ် ဧပြီလမှ မေလအတွင်း ဖြစ်ပွားခဲ့သော လေဘေးအန္တရာယ်ကြောင့် မြို့နယ် ၂၈ မြို့နယ်တွင် ဌာန ၁၃၂ ဌာန၊ စာသင်ကျောင်း ၃၈၆ ကျောင်း၊ လူနေအိမ် ၁၅၈၈၉ အိမ်၊ ဘုန်းကြီးကျောင်း ၄၁၅ ကျောင်း၊ ဘုရားစေတီ ၁၇၈ ဆူ ထိခိုက်ပျက်စီးခဲ့ပြီး လူပေါင်း ၂၁ ဦး၊ တိရစ္ဆာန် ၁၄၂၁ ကောင် သေဆုံးကာ လူ ၂၈ ဦး၊ တိရစ္ဆာန် ၁၂၁ ကောင် ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး စုစုပေါင်း တန်ဖိုး ငွေကျပ်သန်း ၃၃၈၀ ကျော် ပျက်စီးဆုံးရှုံးခဲ့ရာ မန္တလေးတိုင်းဒေသကြီးအနေဖြင့် သန်း ၁၃၉၀ ကျော် ထောက်ပံ့ဆောင်ရွက်ပေးနိုင်ခဲ့သည်။

၂၀၁၆ ခုနှစ် ဇူလိုင်လမှ ဩဂုတ်လထိ ဖြစ်ပွားခဲ့သော ရေဘေးအန္တရာယ်ကြောင့် မြို့နယ် ၁၇ မြို့နယ်ရှိ ရပ်ကွက် ၁၉ ရပ်ကွက်၊ ကျေးရွာ ၃၇၀ တို့တွင် လူနေအိမ် ၇၂ လုံး၊ စာသင်ကျောင်း တစ်ကျောင်း၊ ဘုန်းကြီးကျောင်း ငါးကျောင်း၊ အခြားအဆောက်အအုံ သုံးခုနှင့် လမ်း ၂၄ လမ်း၊ တံတား ၃၅ စင်း၊ လယ်ယာသီးနှံဧက ၁၅၄၁ ဧက စုစုပေါင်း တန်ဖိုး ငွေကျပ် ၇၆၈ သန်းကျော် ပျက်စီးဆုံးရှုံးခဲ့ရာ တိုင်းဒေသကြီးအနေဖြင့် ၈၇၇ သန်းကျော် ထောက်ပံ့ပေးနိုင်ခဲ့သည်။

၂၀၁၆ ခုနှစ် ဩဂုတ် ၂၄ ရက် ညနေ ၅ နာရီ ၅ မိနစ်တွင်ဖြစ်ပွားခဲ့သည့် အင်အား ရစ်ချ်တာစကေး ၆ ဒသမ ၈ အဆင့်ရှိမြေလျှင် လှုပ်ခတ်မှုကြောင့် တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၀ မြို့နယ်၌ ဘုရားစေတီပေါင်း ၆၂၈ ဆူ၊ ဘုန်းကြီးကျောင်း ရှစ်ကျောင်း၊ ဓမ္မာရုံ လေးခု၊ သိမ်တစ်ခု၊ စာသင်ကျောင်း ၂၁ ကျောင်း၊ လူနေအိမ် ၁၆ လုံး ပြိုကျပျက်စီးခဲ့မှုအပေါ် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ချိတ်ဆက်၍ ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီဆောင်ရွက်နိုင်ခဲ့သည်။

၂၀၁၆ ခုနှစ် ဩဂုတ် ၂၄ ရက် ညနေ ၅ နာရီ ၅ မိနစ်တွင် ရစ်ချ်စတာစကေးအင်အား ၆ ဒသမ ၈ ရှိ မြေလျှင်လှုပ်ခတ်မှုကြောင့် ပုဂံဒေသအတွင်း ထိခိုက်ပျက်စီးခဲ့သည့် ရှေးဟောင်း ဘုရားစေတီ ၄၂၅ ဆူ ပြန်လည်ပြုပြင်ခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ မှတ်တမ်းတင်ခြင်း(စာရင်း/ဒရုန်း/ဓာတ်ပုံ)များ၊ Detail Assessment ကောက်ယူခြင်း၊ အက်ကြောင်း ယာယီပိတ်ခြင်း၊ နံရံဆေးရေးပန်းချီများ မှတ်တမ်းကောက်ယူခြင်း၊ ခါးပတ်ပတ်ခြင်းတို့ ဆောင်ရွက်ပြီးဖြစ်ကြောင်း သိရသည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ်က "မတ္တရာမြို့နယ် ရေနံ့သာကျေးရွာအုပ်စု အနောကြီး ရောဂါဆေးရုံက ပြန်လည်စွန့်လွှတ်တဲ့ မြေဧရိယာ ၂၀၈ ဒသမ ၃၅ ဧကကို ဒုတိယ သမ္မတ ဦးဟန်နရီဗန်ထီးယူဦးစီးပြီး တောင်သူများထံ ပြန်လည်လွှဲပြောင်းပေးအပ်ခဲ့ပါတယ်" ဟု တိုင်းဒေသကြီးအတွင်း သိမ်းဆည်းမြေများ ပြန်လည်လွှဲပြောင်းပေးအပ်ခဲ့မှုနှင့် ပတ်သက်၍ ပြောကြားသည်။

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် ရှေ့ဆက်လက်၍ တိုင်းဒေသကြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အင်တိုက်အားတိုက် ကြိုးပမ်းဆောင်ရွက်သွားမည်ဟု သန္နိဋ္ဌာန်ချထားသည်ဟု သိရှိရပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

**၂၀၁၆ ခုနှစ် ဇူလိုင်လမှ ဩဂုတ်လထိဖြစ်ပွားခဲ့သော ရေဘေးအန္တရာယ်ကြောင့် မြို့နယ် ၁၇ မြို့နယ်ရှိ ရပ်ကွက် ၁၉ ရပ်ကွက်၊ ကျေးရွာ ၃၇၀ တို့တွင် လူနေအိမ် ၇၂ လုံး၊ စာသင်ကျောင်းတစ်ကျောင်း၊ ဘုန်းကြီးကျောင်းငါးကျောင်း၊ အခြားအဆောက်အအုံသုံးခုနှင့် လမ်း ၂၄ လမ်း၊ တံတား ၃၅ စင်း၊ လယ်ယာသီးနှံဧက ၁၅၄၁ ဧက စုစုပေါင်း တန်ဖိုး ငွေကျပ် ၇၆၈ သန်းကျော် ပျက်စီးဆုံးရှုံးခဲ့ရာ တိုင်းဒေသကြီးအနေဖြင့် ၈၇၇ သန်းကျော် ထောက်ပံ့ပေးနိုင်ခဲ့**



မြစ်သားမြို့နယ် ပန်းလောင်ရေသောက်စနစ်ရှိ စမာဒုတိယမြောင်း ၆ ဒသမ ၄ မိုင်ကို မြောင်းပုံစံကျတူးဖော်ခြင်းလုပ်ငန်း မဆောင်ရွက်မီ(အပေါ်ပုံ)နှင့် ဆောင်ရွက်ပြီးအခြေအနေကို တွေ့ရစဉ်။ (အောက်ပုံ)



ဝတ္ထုတို

# တော်မဝင်သော တော်ဝင်ပန်းလေး




မေဂျိုးငယ်
B.A(International Relations)




မိုးတဖွဲဖွဲရွာတိုင်း ကျွန်မတို့အားလုံး သူ့ကိုလွမ်းဆွတ်မိကြသည်။ သူဆိုသောကောင်မလေးက လွန်ခဲ့သော ၁၀ နှစ်ခန့်က ကျွန်မတို့အိမ်ဘေးက ခြံအလွတ်ကြီးထဲသို့ ပြောင်းရွှေ့လာသည့် မိသားစုလေးထဲမှ မွေးရာပါခြေမသန်စွမ်းသူလေး"မိစု"ပင်ဖြစ်သည်။

မိစုဆိုသော နာမည်လေးကြားရုံဖြင့် သူ၏ပုံရိပ်များက ကျွန်မစိတ်အာရုံတွင် လှုပ်ရှားသက်ဝင်လာခဲ့သည်။

"မြန်မာပြည်သည် ဒို့ပြည်

မြန်မာစာသည် ဒို့စာ"

အသံစာစာလေးတစ်သံ ကျွန်မကိုဆွဲဆောင်လိုက်သောကြောင့် ပြတင်းပေါက်အလွန် လမ်းမထက်သို့ လှမ်းကြည့်လိုက်မိသည်။

ဘယ်နေရာမှရှာမတွေ့သလို အသံလေးလည်းမကြားတော့ပေ။

"ကလင်" "ကလင်" "ကလင်"

အိမ်ရှေ့က လူခေါ်ခေါင်းလောင်းသံကြောင့် မေမေ့အသံလေးထွက်ပေါ်လာသည်။

"သမီးရေအိမ်ရှေ့ထွက်ကြည့်ပါဦး၊ ဧည့်သည်နဲ့တူတယ်"

မေမေလှမ်းအော်လိုက်သောကြောင့် ခြံရှေ့ထွက်ကြည့်သော်လည်း ဘယ်သူမှမတွေ့ရပေ။ ထို့ကြောင့်အိမ်ထဲပြန်ဝင်ရန် ပြင်လိုက်မိသည်။

"ဒေါက်" "ဒေါက်"

တံခါးကို တစ်စုံတစ်ခုနှင့် ခေါက်လိုက်သံကြားလိုက်ရသောကြောင့် ကျွန်မပြန်လှည့်ကြည့်လိုက်မိသည်။ လေးခွသဏ္ဌာန် သစ်ကိုင်းတုတ်ချောင်းခပ်ညစ်ညစ်လေးကို ချိုင်းထောက်သဖွယ် အသုံးပြု၍ မတ်တပ်ရပ်နေသော အသက် ၁၂ နှစ်အရွယ် ဆံပင်ရှည်ရှည် အင်္ကျီခပ်နွမ်းနွမ်းနှင့် မိန်းကလေးငယ်တစ်ဦးကို တွေ့လိုက်ရသည်။

သူ၏လက်ထဲတွင် မည်းမည်းသဏ္ဌာန်ပျော့ပြဲနေသော ကောက်ညှင်းပေါင်းလေးကို အုန်းသီးများစွာအုပ်ထားပြီး နှမ်းထောင်းခပ်ကျဲကျဲဖြူးထားသည့် ပန်းကန်လေးကိုလည်း ကိုင်ထားသည်။ ကလေးမလေးကကြောင်၍ကြည့်နေသော ကျွန်မကို သူ၏ပိုးစားနေသော သွားလေးများပေါ်အောင် ပြုံးပြလိုက်သည်။

"ကလေးဘာကိစ္စရှိလို့လဲ"

ကျွန်မခပ်တိုးတိုးမေးလိုက်သည်။

"သမီးတို့က မမအိမ်ဘေးကို မနေ့ကပြောင်းလာတာပါ၊ ဒီနေ့ အိမ်တက်မို့လို့ ကောက်ညှင်းပေါင်းလိုက်ဝေနေတာပါ"

ထို့နောက် သူ၏ပန်းကန်ခပ်ညစ်ညစ်လေးကိုကျွန်မဆီသို့လှမ်းပေးလိုက်သည်။

ကောက်ညှင်းပေါင်းပန်းကန်လေးကို စိုက်ကြည့်နေမိသော ကျွန်မကို ကောင်မလေးက စကားထပြောလိုက်မှ အသိပြန်ဝင်လာခဲ့သည်။ "သြော် မမလည်းကောက်ညှင်းပေါင်းမစားချင်လို့ကိုး။ တချို့အိမ်တွေလည်း မစားကြပါဘူး၊ ယူတော့ယူထားပြီး လွှတ်ပစ်လိုက်တာ။ မမကဖြင့် တံခါးဖွင့်ပေးသေးတာ။"

ကောင်မလေး၏ ပြောစကားကြားတော့ စိတ်မကောင်းဖြစ်မိသည်။ ထို့ကြောင့် ကောက်ညှင်းပေါင်းပန်းကန်လေးကိုယူကာ အိမ်ထဲခပ်သုတ်သုတ် ဝင်လာခဲ့သည်။

"ဘယ်သူလဲ သမီး"

"ဘေးအိမ်က အိမ်တက်မို့ ကောက်ညှင်းပေါင်းလာဝေတာ မေမေ"

မေမေ့ကိုခပ်ရှင်းရှင်းပြောပြပြီး ကောက်ညှင်းပေါင်းပန်းကန်လေးကို လှယ်ယူလိုက်ပြီး အိမ်ရှေ့သို့ ကျွန်မခပ်သုတ်သုတ်ပြန်ထွက်လာမိသည်။ ပန်းကန်လေးနှင့်အတူ ကျွန်မအိတ်ကပ်ထဲမှ ငွေနှစ်ရာကိုပါ ကောင်မလေးလက်ထဲထည့်ပေးလိုက်မိသည်။

ရုတ်တရက်ဆိုသလို တစ်လက်လက်တောက်ပနေသော ကောင်မလေး၏ မျက်ဝန်းအရောင်မှေးမှိန်သွားပြီး ခပ်တိုးတိုးစကားဆိုလာခဲ့သည်။

"မမ သမီးက သူတောင်းစား မဟုတ်ပါဘူး။ မေမေက သူများပေးတာ ဘယ်တော့မှအလကားမယူဖို့မှာထားလို့ပါ"

ကျွန်မလက်ထဲနှစ်ရာတန်လေးပြန်ပေးပြီး မြူးကြွသော ခြေလှမ်းလေးများကို ချိုင်းထောက်လေးအကူအညီဖြင့် တက်ကြွစွာ လျှောက်လှမ်းသွားသော ကောင်မလေး၏ ဆံနွယ်ရှည်လေးများကို ငေးကြည့်နေမိသည်။

ဒီလိုနဲ့အတွေးပေါင်းစုံဖြင့် ကျွန်မအိမ်ထဲပြန်ဝင်လာခဲ့သည်။ ပြတင်းပေါက်လေးမှ ဘေးအိမ်သို့လှမ်းကြည့်လိုက်မိစဉ် ကောင်မလေးက သူ၏အိမ်ပြတင်းပေါက်နားသို့ တိုးကပ်လာကာ ကျွန်မကိုပြုံးပြလာသည်။

ကောင်မလေးက သူ့နာမည်လေးကိုမိတ်ဆက်ပေးရင်း သူ့မိသားစုအကြောင်း တစေ့တစောင်းကိုပါ ကျွန်မသိခဲ့ရသည်။ မိစုကမောင်နှမသုံးယောက်မှာ အကြီးဆုံးဖြစ်ပြီး သူ၏မောင်လေးမှာ မွေးရာပါအမြင်အာရုံချို့တဲ့သူဖြစ်ကြောင်း၊ သူ့ညီမအလတ်မလေးက အမေဖြစ်သူနှင့် ကုန်စိမ်းအတူရောင်းကြောင်းပါ သိခဲ့ရသည်။ ဒီလိုနှင့် မိစုအတွက် ကျွန်မက အရင်းနှီးဆုံးစကားပြောဖော်ဖြစ်ပေးခဲ့မိသည်။

ကျွန်မနှင့်တွေ့တိုင်း မိစုက သူ၏စိတ်ကူးအိပ်မက်လေးကို ပြောပြတတ်သည်။ မိစုကစာမတတ်ပေ၊ ဒါပေမယ့် ရေးတတ်ဖတ်တတ် ကြီးစားချင်စိတ်ရှိသည်။ သူမသိသော စကားလုံးလေးများ၏ အဓိပ္ပာယ်ကို ကျွန်မကျောင်းမှပြန်လာလျှင် လာရောက်မေးလေ့ရှိသည်။

မိစု ဘဝလေးသည် ဘဝပေးအခြေအနေကြောင့် ကျောင်းနေဖို့အခွင့်အရေးနည်းပါးခဲ့သော်လည်း စာဖတ်ခြင်းကို လွန်စွာဝါသနာပါသည်။ တစ်ခါတစ်ရံသူ့အမေနှင့် ဈေးကြိုလိုက်သွားရသည့်အခါ အလွန်ပျော်လေ့ရှိသည်။ အဘယ်ကြောင့်ဆိုသော် ဘူတာများတွင်ထားလေ့ရှိသော စာပေရေချမ်းစင်မှ စာအုပ်များဖတ်ရသောကြောင့် ဖြစ်သည်။

မိစုလေး၏ စိတ်ကူးအိပ်မက်မှာ မူလတန်းပြကျောင်းဆရာမလေးဖြစ်ရန်ပင်ဖြစ်သည်။ မိစု၏ ထူးခြားချက်မှာ သူမ၏ဆံနွယ်ရှည်လေးများကို အမြဲဆံထုံးထုံးထားခြင်းပင်ဖြစ်သည်။ သူမအတွက် ခက်ခဲသောလည်း ထဘီလေးသာ အမြဲဝတ်တတ်သည်။ အဖြူအစိမ်းဝတ်ကာ ဆွဲခြင်းတောင်းလေးနှင့် ကျောင်းသွားသော ကျောင်းဆရာမလေးများကို မြင်လျှင် အားကျနေတတ်သည်။

"မမရယ် ကျောင်းဆရာမလေးဖြစ်ရင် မြန်မာဝတ်စုံကို အမြဲဝတ်ရတာ"

သူ၏ စိတ်ဆန္ဒလေးကို တစ်ခါတစ်ရံ ထုတ်ပြောပြတတ်သည်။

သူဖတ်လာသော စာအုပ်လေးများထဲမှ စကားလုံးဆန်းလေးများကိုလည်း ထည့်ပြောတတ်သေးသည်။

မိစုလေးတွင် စာဖတ်ခြင်းအပြင် လုပ်နေကြအလုပ်လေးရှိပါသေးသည်။ ကျောင်းတက်ကျောင်းဆင်းချိန်ရောက်တိုင်း ကျောင်းရှေ့စိန်ပန်းပင်ကြီးအောက်သို့ သွားကာ ဆရာမလေးများကို သွားကြည့်ခြင်းပင်ဖြစ်သည်။ သူဖြစ်ချင်ခဲ့သော ဆရာမလေးများကို မြင်ရရုံနှင့်ပျော်နေတတ်သည့် ကလေးငယ်တစ်ယောက်ပါ။

ကျွန်မတို့အားလုံးကို မိစု အသိတရားတစ်ခုပေးသွားတဲ့နေ့၊ အဲဒီနေ့က မိုးတဖွဲဖွဲရွာနေသော ညနေခင်းအချိန်လေးဖြစ်သည်။ အမူးလွန်ကာအရှိန်ပြင်းမောင်းလာသော ဆိုင်ကယ်တစ်စီး ကျောင်းရှေ့ပလက်ဖောင်းပေါ်မှ ဆရာမလေးရှိရာသို့ ဘရိတ်ပျက်ကာ အရှိန်လွန်တိုးဝင်လာခဲ့သည်။

မမျှော်လင့်သောအဖြစ်အပျက်လေးတစ်ခုက ကျောင်းရှေ့ရှိလူအားလုံးကို အံ့အားသင့်စေသည်။ ဆရာမလေးကို တွန်းဖယ်၍ချိုင်းထောက်လေး လွင့်စဉ်သွားသောကြောင့် ပြန်မထနိုင်သော မိစုအား အရှိန်နှင့်တိုက်လိုက်သောကြောင့် ပလက်ဖောင်းလေးနှင့်ဆောင့်မိကာ မိစုသတိမေ့သွားခဲ့သည်။

ဆေးရုံသို့ရောက်ချိန်တွင် မိစုလေးအချိန်မမီတော့ပေ။ မိစုလေးဘဝတစ်ပါးသို့ မကူးပြောင်းခင်ပြောသွားသော စကားလေးများကို ကျွန်မယနေ့တိုင်မမေ့နိုင်ပါ။

"မမဆရာမလေး ဘာဖြစ်သွားသေးလဲဟင်၊ သမီးသေဆုံးသွားရင် ဘာတန်ဖိုးမှမရှိပေမယ့် ဆရာမလေးသာ တစ်ခုခုဖြစ်ရင် ကလေးတွေစာမသင်ရဘဲနေမှာ။ သမီးအသက်ထက် ဆရာမအသက်က ပိုတန်ဖိုးရှိတာ။ သမီးအတွက် ဘယ်တော့မှဖြစ်မလာမယ့် အိပ်မက်ကို အကောင်ထည်မဖော်နိုင်ပေမယ့် သမီးဖြစ်ချင်တဲ့ ဆရာမလေးအသက်ကိုကယ်လိုက်နိုင်တာနဲ့တင် ပျော်ပါတယ်မမရယ်"

ဇူလိုင်လ၏ မိုးဖွဲဖွဲလေးအောက်တွင် ငိုရှိုက်သံများပြည့်နှက်နေသော မိစုလေး၏ အသုဘအခမ်းအနား မြင်ကွင်းလေးက မြင်ရသူကို အသိတစ်ခုရစေသည်။

မိစုသေသည်အထိ စောင့်ထိန်းသွားခဲ့သော ဆံနွယ်ရှည်လေးများ၊ မြန်မာ့ယဉ်ကျေးမှုကို ထိန်းသိမ်းပေးချင်သောဆန္ဒများ မသန်ပေမယ့်သူစွမ်းဆောင်နိုင်သရွေ့ ထမ်းရွက်သွားခဲ့သည်။ မိစုလေးသည် ကိုယ်လက်အင်္ဂါမသန်စွမ်းပေမယ့် လေးစားဖွယ်ကောင်းသော မြန်မာအမျိုးသမီးပီသသော စိတ်ကောင်းစေတနာလေးများက ကျွန်မတို့နှလုံးသားတွင် ကမ္ပည်းထိုးသွားနိုင်ခဲ့သည်။

မိစုလူ့လောကကြီးထဲက ထွက်ခွာသွားပေမယ့် မိုးတဖွဲဖွဲရွာတိုင်း သတိရနေမိတာ မိစုလေးသက်သေပြပေးသွားသော လူတစ်ယောက်၏ တန်ဖိုးတစ်ခုပင်ဖြစ်ပါတော့သည်။ ။

## ငြိမ်းချမ်းရေးပန်းတိုင်

ညီညွတ်ခြင်းများစွာနဲ့
လှည်းကျင်းထားတဲ့ ဒီလမ်း
ယုံကြည်မှုတွေနဲ့ ဖျန်းတောက်
သံသယစိတ်ရိုင်းများပျောက်စေ . . .

ခေတ်နောက်ပြန်ဆွဲအတွေးများ
ဝါဒရေးရာမှိုင်းတိုက်မှုများ
နေလာနင်းပျောက်သလို
တိုင်းရင်းသားညီအစ်ကိုမောင်နှမများ
ငြိမ်းချမ်းရေးတရားကသာလျှင်
အဖြေရှာဖွေပေးနိုင်မယ်. . .

အတိတ်ကအရိပ်မည်းတွေ
ခဝါချပေါင်းသင်ရှင်းလင်း
အမြင်ချင်းလည်းတူ
အယူချင်းလည်းမျှလို့
နှစ်သက်ကြည်ဖြူစွာပေါ့
ဒီလမ်းမထက်မှာ
ချိုးဖြူငှက်တွန်ကျူးသံနဲ့အတူ
ဖြောင့်ဖြောင့်တန်းတန်း
လျှောက်လှမ်းကြပါစို့. . .

လျှောက်ရင်ရောက်မယ်
ငြိမ်းချမ်းရေးပန်းတိုင်ကြိုနေတယ် . . .။

ဆကားဝင်းအောင်


မျိုးဆက်သစ်ရင်ပြင်အတွက် စာမူများကို mirrormyosathit@gmail.com သို့သာ ပေးပို့ရမည်ဖြစ်ပါသည်။

ကြေးမုံ
အထူးဂဏ္ဍ

ဆောင်းပါး



ကျော်နိုင်တင့်
B.A (English)

# ကွမ်းယာဇာတ်လမ်းလေးတစ်ပုဒ်

ကွမ်းစားခြင်းဟာ ကျန်းမာရေးရှုထောင့်ကပဲကြည့်ကြည့်၊ လူမှုရေးရှုထောင့်ကပဲကြည့်ကြည့် ကောင်းကျိုးထက် ဆိုးကျိုးက ပိုးများပါတယ်။ ကွမ်းစားခြင်းကြောင့် ခံတွင်းကင်ဆာ၊ လည်ချောင်းကင်ဆာနဲ့ အခြားကင်ဆာအမျိုးမျိုးကိုလည်း ဖြစ်စေနိုင်ပါတယ်။ ဒါ့အပြင် ကွမ်းစားပြီး ကွမ်းတံတွေးတွေကို စည်းမဲ့ကမ်းမဲ့ထွေးကြတာလည်း မကောင်းတဲ့လက္ခဏာတစ်ခုဖြစ်ပါတယ်။ ကွမ်းစားခြင်းကြောင့် ဖြစ်ပေါ်လာတဲ့ဆိုးကျိုးတွေ စဉ်းစားမိရင်း ကွမ်းယာနဲ့ပတ်သက်တဲ့ ဝတ္ထုတိုလေးတစ်ပုဒ် ဖတ်ခဲ့ဖူးတာလည်းခုထိအမှတ်ထင်ထင် ရှိနေပါသေးတယ်။ ငွေတာရီ မဂ္ဂဇင်းမှာလို့ ထင်ပါတယ်။ ဝတ္ထုတိုရေးဆရာကိုမမှတ်မိပေမယ့် အကြောင်းအရာကတော့ ကောင်းကောင်းမှတ်မိနေပါသေးတယ်။ ဝတ္ထုနာမည်က "ရှား၊ ထုံး၊ ကွမ်းသီး၊ ဆေး" ဖြစ်ပါတယ်။

ဝတ္ထုတိုလေးရဲ့ အကြောင်းအရာကဒီလိုပါ။ အသက်အရွယ်ကလည်း ငယ်ငယ်ရွယ်ရွယ်၊ ရုပ်ရည်ကလည်းသနားကမား၊ သွက်လက်ချက်ချာလှတဲ့ မနှင်းမှုံဆိုတဲ့ မိန်းမချောလေးတစ်ယောက်ဟာ မန္တလေးမြို့ အောင်မြေသာစံမြို့နယ် ပုလဲငွေရောင်ရပ်ကွက်မှာကွမ်းယာရောင်းပါတယ်။ ရုပ်ကလည်းချော၊ လက်ရာကလည်း ကောင်းဆိုတော့ မနှင်းမှုံရဲ့ ကွမ်းယာဆိုင်ကရောင်းအားဟာလက်မလည်နိုင်အောင်ပါပဲ။ ကွမ်းယာကို ကြိုက်လို့ဝယ်စားကြသူတွေရှိသလို၊ ပိုးကြေးပန်းကြေးလုပ်ချင်လို့ လာပြီးဝယ်စားကြသူတွေလည်းရှိပါတယ်။

မနှင်းမှုံရဲ့ကွမ်းယာဆိုင်ဟာ ဆိုင်ဖွင့်ချိန်ကနေ ဆိုင်ပိတ်ချိန်အထိ ဖောက်သည်တွေနဲ့ပြတ်တယ်လို့ကိုမရှိပါဘူး။ "လူသတင်းလူချင်းဆောင်၊ ပန်းသတင်းလေညင်းဆောင်" ဆိုတာလိုပါပဲ။ ရပ်ကွက်ထဲကသူတွေတင် မဟုတ်ဘဲ တခြားရပ်ကွက်ကကိုကိုကာလသားတွေလည်းဆိုင်ကယ်နဲ့တစ်မျိုး၊ ကားနဲ့တစ်ဖုံလာပြီးအားပေးကြပါတယ်။ အဲဒီအထဲမှာသူဌေးသားလူကုံထံတွေ၊ ပညာတတ်တွေတောင်ပါလိုက်ပါသေးတယ်။

တချို့က ကွမ်းယာဝယ်ရင်းမနှင်းမှုံကိုတည့်တည့်တစ်မျိုး၊ သွယ်ဝိုက်၍ တစ်ဖုံရည်းစားစကားပြောကြပါသေးတယ်။ တချို့ကျတော့လည်း ကွမ်းယာမဟုတ်ဘဲ ဆေးလိပ်ဝယ်သောက်ပြီး မနှင်းမှုံအလှကိုမသိမသာတစ်မျိုး၊ သိသိသာသာတစ်မျိုးမျက်မှန်နက်ကြီးတွေတပ်ပြီး ကြည့်ကြပါသေးတယ်။ ခေတ်စကားနဲ့ ပြောရရင်တော့ လာလာပြီးတော့ ရှိုးကြတယ်ပေါ့။ ကွမ်းယာဆိုင်တွေက ဆေးလိပ်လည်းတွဲပြီး ရောင်းလေ့ရှိတတ်ကြပါတယ်။

တချို့က ကွမ်းယာကိုကြိုက်လို့ဝယ်စားသူတွေ မဟုတ်ဘဲ မနှင်းမှုံရဲ့အချစ်ကိုဆွတ်ခူးဖို့ ကြိုးစားနေကြသူတွေ ဖြစ်ပါတယ်။ မနှင်းမှုံကတော့ ဈေးသည်ပီပီပဲဈေးဝယ်သူအားလုံးနဲ့ အဆင်ပြေအောင် ဆက်ဆံပြောဆိုတတ်သူပါ။ ကားနဲ့လာဝယ်လို့၊ ဆိုင်ကယ်နဲ့လာဝယ်လို့၊ စက်ဘီးနဲ့ လာဝယ်လို့၊ ဆိုက်ကားနဲ့လာဝယ်လို့၊ ခြေကျင်လာဝယ်လို့ ဆိုပြီးခွဲခြားဆက်ဆံမှုမရှိပါဘူး။ အားလုံးကိုရောင်းသူဝယ်သူ ဆက်ဆံရေးမျိုး၊ အလုပ်သဘောဆက်ဆံရေးမျိုးကလွဲပြီး ဘယ်သူ့ဘယ်သူကိုမှ မျက်နှာသာပေးဆက်ဆံတာမျိုးမရှိပါဘူး။

မနှင်းမှုံကိုယ်တိုင်လည်း မနက်တိုင်းဆိုင်ဖွင့်ဖို့လာရင် ဆိုက်ကားနဲ့ လာပါတယ်။ ညနေဆိုင်ပိတ်လို့ ပြန်ရင်လည်းဆိုက်ကားနဲ့ ပြန်ပါတယ်။ ဆိုင်အသွားအပြန်ကို လူပျိုကြီး ကိုကျော်မြင့်ရဲ့ ဆိုက်ကားကိုပဲစီးပါတယ်။ ကိုကျော်မြင့်က မနှင်းမှုံနဲ့တစ်ရပ်ကွက်တည်း ဖြစ်တဲ့အပြင် အိမ်နားနီးချင်းတွေပါ။ ကိုကျော်မြင့်ကလည်းမနက်တိုင်း မနှင်းမှုံကို ကွမ်းယာဆိုင်လိုက်ပို့ပြီးမှသာ ဆိုက်ကားဂိတ်ကိုသွားပါတယ်။ မနှင်းမှုံကလည်း ကိုကျော်မြင့်အတွက် ကွမ်းယာတစ်ထုပ် ထည့်ပေးလိုက်ပါတယ်။ ကိုကျော်မြင့်ကလည်းမနှင်းမှုံဆီကဆိုက်ကားခရယ်လို့ မယူပါဘူး။ ကိုကျော်မြင့်ဟာ ရှား၊ ထုံး၊ ကွမ်းသီး၊ ဆေးနဲ့ပဲအမြဲစားလေ့ရှိသူဖြစ်ပါတယ်။

ကိုကျော်မြင့်တစ်ယောက်လည်း ညနေအလုပ်သိမ်းလို့ အိမ်ပြန်မယ်ဆိုရင် မနှင်းမှုံရဲ့ ကွမ်းယာဆိုင်ဘက်ကလှည့်ပြန်ပါတယ်။ မနှင်းမှုံကလည်း ကိုကျော်မြင့်ပြန်လာချိန်ကိုအမြဲပဲစောင့်ပြီးမှ ပြန်လေ့ရှိပါတယ်။ ကိုကျော်မြင့်အလုပ်သိမ်းလို့ပြန်လာချိန်အထိ မနှင်းမှုံရဲ့ကွမ်းယာဆိုင်က ဝယ်သူတွေနဲ့ စည်ကားနေတုန်းပါ။ မနှင်းမှုံဆီပိုးကြေးပန်းကြေးနဲ့ လာနေကြသူတွေကို ကိုကျော်မြင့်တစ်ယောက် အတော်မျက်မုန်းတန်းမိနေပါပြီ။ အဲလိုမြင်ရတိုင်းလည်း ဆိုက်ကားသမားကိုကျော်မြင့်ရဲ့ရင်ထဲမှာဘာမှန်းမသိတဲ့ ဝေဒနာကိုအောင့်သက်သက်နဲ့ ခံစားရပါတယ်။

ဒီလိုမျိုးခံစားနေရတဲ့ ဝေဒနာတွေ များလာတဲ့အခါ ကိုကျော်မြင့်တစ်ယောက် အလုပ်သိမ်းအိမ်အပြန်တစ်နေ့မှာမနှင်းမှုံကိုရင်ဖွင့်လိုက်ပါတော့တယ်။ ဆိုင်ကိုမကြာခဏလာပြီးမနှင်းမှုံကိုပိုးပန်းနေကြတဲ့ သူဌေးသားပညာတတ်တွေနဲ့ မနှင်းမှုံကိုစိတ်မချတော့ဘူးလို့ ပြောလိုက်ပါတယ်။ မနှင်းမှုံကိုအထင်သေးလို့ အခုလိုပြောရတာမဟုတ်ဘူးလို့လည်းစကားခံလိုက်ပါသေးတယ်။ ကိုကျော်မြင့်ရဲ့ ရင်ဖွင့်မှုကို မနှင်းမှုံကအခုလိုပဲတုံ့ပြန်လိုက်ပါတယ်။ "တချို့တွေက နှင်းမှုံကွမ်းယာဆိုင်လာတယ်။ ကွမ်းယာဝယ်စားတယ်။ လက်တစ်ဖက်ကလည်း ဆေးလိပ်ကိုင်ပြီးသောက်လိုက်သေးတယ်။ နှင်းမှုံကိုပိုးကြေးပန်းကြေးလုပ်ဖို့ လာကြတယ်။ တစ်ချိန်တည်းမှာပဲလမ်းပေါ် ဖြတ်သွားဖြတ်လာရှိနေကြတဲ့ တခြားမိန်းကလေးတစ်ယောက်ကိုလည်းငေးမိအောင်ငေးလိုက်သေးတယ်။ သူတို့ဟာကွမ်းစားရင်းဆေးလိပ်သောက်တတ်တယ်။ ဆေးလိပ်သောက်ရင်းကွမ်းစား

**သူတို့ဟာကွမ်းစားရင်းဆေးလိပ်သောက်တတ်တယ်။ ဆေးလိပ်သောက်ရင်း ကွမ်းစားတတ်တယ်။ တစ်ချိန်တည်းမှာအရသာနှစ်မျိုးကိုခံစားတတ်သူတွေ ဖြစ်တယ်။ သူတို့ကို နှင်းမှုံဘယ်လိုယုံကြည်နိုင်မှာလဲ။ အလုပ်သဘော အရသာဆက်ဆံပြောဆိုနေရတာပါ။ စိတ်ချပါ ကိုကျော်မြင့်ရယ်...**

တတ်တယ်။ တစ်ချိန်တည်းမှာ အရသာနှစ်မျိုးကိုခံစားတတ်သူတွေ ဖြစ်တယ်။ သူတို့ကို နှင်းမှုံ ဘယ်လိုယုံကြည်နိုင်မှာလဲ။ အလုပ်သဘောအရသာဆက်ဆံပြောဆိုနေရတာပါ။ စိတ်ချပါ ကိုကျော်မြင့်ရယ်လို့ ဆိုလိုက်ပါတယ်။

ဆင်ခြင်တုံတရားအပြည့်နဲ့ ရှင်းပြတာကို ကြားလိုက်ရတဲ့ ကိုကျော်မြင့်တစ်ယောက် မနှင်းမှုံကိုလေးစားမိရင်းလေးစားရင်း ဖြစ်သွားရပါတော့တယ်။ တစ်ချိန်တည်းမှာပဲ ရှားရယ်၊ ထုံးရယ်၊ ကွမ်းသီးရယ်၊ ဆေးရယ်ကိုပဲအမြဲတမ်းတစ်မျိုးတည်းစွဲစွဲမြဲမြဲစားသုံးနေတဲ့ ကိုကျော်မြင့်ကိုကျတော့ ရောလို့ သိလိုဇောနဲ့မနှင်းမှုံကို မေးခွန်းထုတ်လိုက်ပါတယ်။ သူ့ရဲ့အဓိပ္ပာယ်ကတော့ တည်ကြည်တာ၊ ရိုးသားတာကိုပြတဲ့ သင်္ကေတပေါ့လို့ မနှင်းမှုံက ပြန်ဖြေလိုက်ပါတယ်။

ကွမ်းယာပုံပြင်လေးကတော့ ဒါပါပဲ။ သွားကိုက်လို့ ရှား၊ ထုံး၊ ကွမ်းသီး၊ ဆေးပါတဲ့ ကွမ်းယာလေးတစ်ယာစားမိရင်းက ဖတ်ခဲ့ဖူးတဲ့ဝတ္ထုလေးတစ်ပုဒ်ကိုသတိရမိလို့ ပြန်ပြီးဖောက်သည်ချလိုက်တာပါ။ ဒီဝတ္ထုလေးမှာပါတဲ့ ဇာတ်ကောင်တွေနဲ့ စရိုက်တွေဟာ လွန်ခဲ့တဲ့နှစ်ပေါင်း ၂၀ ကျော်လောက်ကဖြစ်ခဲ့တဲ့ အကြောင်းအရာလေးတွေပါ။ ဆက်စပ်တွေးမိတာကတော့ မနှင်းမှုံရဲ့ စဉ်းစားရွေးချယ်ပုံဟာဒီနေ့ဒီအချိန်ထိလည်းခေတ်မီနေဆဲပဲလို့ ယူဆမိပါတယ်။ ကွမ်းယာဆိုင်ရှေ့ ဖြတ်လျှောက်မိတိုင်းလည်း မန္တလေးမြို့ အောင်မြေသာစံမြို့နယ် ပုလဲငွေရောင်ရပ်ကွက်ကဆိုက်ကားဆရာကိုကျော်မြင့်နဲ့ ကွမ်းယာသည်မလေး မနှင်းမှုံတို့ရဲ့ဇာတ်လမ်းကိုသတိတရဖြစ်နေမိပါတယ်။

## စစ်

စစ်လက်နက်ပစ္စည်းတွေ
တိုးတက်ထွန်းကား
ခေတ်မီနေတာ ကြာခဲ့ပြီ။
စစ်ဖန်တီးနေသူတွေ
အတ္တတွေ ယစ်မူးငြိကပ်
စစ်ပွဲတွေရပ်ဖို့ စိတ်မကူး
ငြိမ်းချမ်းရေးပန်းကို မဆွတ်ခူး
ဉာဏ်မမီကြသေးဘူး။ ။

ခက်ဆစ်လင်း(ပြည်)

## မီးဘေးသတိ ကိုယ်စီရှိ

မိန်ရာသီ
ပူလာပြီ ကွယ်တို့။
နေ့ညအစဉ် သတိပေးပါရဲ့
မီးဘေးကြောက်ဗျို့။ ။
မီးအန္တရာယ်
ကြီးရန်စွယ် ရတက်ပွား။
အသက်အိုးအိမ်
ပျက်စည်းစိမ် သောကရောက်ရတယ်
စောင့်ရှောက်တို့များ။ ။
မဆုံးနေ့စဉ်
သုံးနေလျှင် တွေးဆ။
သေးသွယ်သွယ်
မီးစငယ် ဂရုထားပါလို့
တားမြစ် နေ့ည ။ ။

မောင်ဥယျာဉ်(အရှေ့ပြင်)

## ငိုချင်း

တောအုပ်ကပြောင်
တောင်တွေက ကတုံး။
အယ်လ်နီညို အပူလှိုင်း
ရိုင်းပျစွာဒဏ်ခတ်ပေါ့
ကျောကော့ခံဦး။
မိုးနတ်မင်း ခါဝသန်
ထစ်ချုန်းကာ မြည်ဟည်း
ဟင်းချကာ မြူးမယ်ကြံမှ
ကမ်းတွေပြို ရေကကြီး
ရင်ဘတ်စည်တီး။ ။

ဥမ္မာစိုး - B.A(English)

ဝတ္ထုတို

## သတိထားစေချင်

မောင်ဝေ(ပဲနွယ်ကုန်း)

ဦးဘအေးသည် ဆေးလိပ်သောက်ချင်သောကြောင့် မီးခြစ်ရှာသည်။ မည်သည့်နေရာတွင်မှ ရှာ၍မတွေ့ပေ "ဖိုးသားရေ နွားတင်းကုပ်ထဲက မီးကနေ အဖေ့ဆေးလိပ်ကို မီးညှိပေးစမ်း" "ဟုတ်ကဲ့ဖေဖေ" ဖိုးသားသည် ဆေးလိပ်ကိုယူ၍နွားတင်းကုပ်ထဲသို့ သွားသည်။ ဆေးလိပ်ကိုကြည့်ရင်း ဖိုးသား၏စိတ်ထဲတွင် စပ်စုချင်လာသည်။ အဖေသည် ဆေးလိပ်ကိုနေ့တိုင်း သောက်သည်။ တစ်ခါတစ်ခါဆေးလိပ်ကုန်သွားသည့်အချိန်တွင် ရွာထဲမှဆိုင်တွေက ဆေးလိပ်ဝယ်ပေးရသည်။ အဖေ ဆေးလိပ်ကို နှစ်သက်သည်မှာ မည်သည့်အကြောင်းကြောင့်ဆိုသည်ကို ဖိုးသား သိချင်သည်။ ဆေးလိပ်ကိုကိုင်၍ အဖေသောက်သလို သောက်ကြည့်သည်။ "အဟွတ် အဟွတ် အဟွတ်. . ." မသောက်တတ်သောကြောင့်သီးသွားသည်။ "ဖိုးသားရေ ဖိုးသားရေ မပြီးသေးဘူးလားကွ" အဖေ့အသံကိုကြားသော် သူလန့်သွားသည်။ "လာပြီဖေဖေရေ လာပြီ" ဆေးလိပ်ကိုယူ၍ အပြေးသွားသည်။ "ကြာလိုက်တာကွာ ဆေးလိပ်မီးညှိတာ အဲဒီလောက်တောင် ကြာရလား" ဖိုးသားသည် မလုံမလဲဖြစ်ရင်း" ဟိုလေ ဟို မီးမစွဲလို့ ကြာသွားတာပါ" "ဟုတ်လို့လား မလိမ်နဲ့နော်ဖိုးသား ဆေးလိပ်တော်တော်တိုနေတယ်မင်းဖွာထားတာလား" "မဟုတ် မဟုတ်ပါဘူး" "အဖေ့ကို မလိမ်နဲ့နော် လာစမ်းဒီနားကို မင်းဆီက ဆေးလိပ်နံ့ရတယ်မင်းသောက်ထားတာလား" "ဟုတ် ဟုတ်ကဲ့ ဘယ်လိုအရသာရှိလဲလို့ နည်းနည်းလောက်သောက်ကြည့်တာပါ" ဦးဘအေးသည် စိတ်အတော်တို၏။ဖိုးသားကို ဒေါသတကြီး ရိုက်၏။ "ဆေးလိပ်ဆိုတာ စမ်းသောက်သင့်တဲ့အရာမဟုတ်ဘူးကွ ကဲကွာ ကဲကွာ" "အား နာတယ်

**"ဆေးလိပ်ဆိုတာ ဟောဒီလို သောက်ရတာကွ။ ငါ့အဖေသောက်တာကို ငါက မှတ်ထားတော့ သိတာပေါ့ကွာ။ အဖေကတော့သောက်ပြီး ငါ့ကျတော့မသောက်ခိုင်းဘူး။ ဘာမှမဖြစ်ပါဘူးကွာ အဖေတောင်သောက်နေတာပဲ ဘာမှမဖြစ်လို့ သောက်တာနေမှာပေါ့"**

ကြောက်ပါပြီဗျကြောက်ပါပြီ နောက်မလုပ်တော့ပါဘူးဗျ" "အေး နောက်တစ်ခါ ထပ်လုပ်ရင်တော့ ဒီထက်နာမယ်မှတ်" ပြောတာကြားလား။ ဖြေလေ ကြားလားလို့" "ဟုတ်ကဲ့ ကြားပါတယ်" ဟူ၍ အသံတိုးတိုးလေးဖြေ၏။ ဖိုးသားသည်နာ၍ တရှုံ့ရှုံ့နှင့်ငိုနေ၏။ အသံကား မထွက်ရဲ။ ဖခင်ကြားသွားမည်ကို စိုးရိမ်သောကြောင့် ဖြစ်သည်။ ဦးဘအေးသည် ကုလားထိုင်တွင် ထိုင်နေ၏။ ဦးဘအေးသည် သားကို ရိုက်ပြီးမှ နောင်တရနေ၏။ ဒေါသတကြီး ရိုက်မိသည်ကို ဝမ်းနည်းနေ၏။ သားကိုချော့ရန် ထိုင်ရာမှ ထလိုက်သည်။ သားဖြစ်သူကား မရှိတော့ချေ။ ခြံထဲမှ သားဖြစ်သူ အသံကြား၏။ ဖိုးသားသူငယ်ချင်း ရောက်နေသည် ဖြစ်မည်။ ကလေးနှစ်ယောက် ဆော့ကစားနေသည်ကိုကြားသော်ဦးဘအေး စိတ်အေးသွားသည်။ကုလားထိုင်ဆီသို့ ခြေလှမ်းပြန်လှမ်းစဉ်တွင် သူထိတ်လန့်သွားသည်။ သူ့ရင်တွေ ဗလောင်ဆူသွားသည်။ ဖိုးသားပြောလိုက်သော စကားသည် စိုးရိမ်စရာဖြစ်၏။ ဖိုးသားပြောသော စကားသည်ကား ဤသို့တည်း။ "ဆေးလိပ်ဆိုတာ ဟောဒီလို သောက်ရတာကွ ငါ့အဖေသောက်တာကို ငါကမှတ်ထားတော့ သိတာပေါ့ကွာ။ အဖေကတော့သောက်ပြီး ငါ့ကျတော့ မသောက်ခိုင်းဘူး ဘာမှမဖြစ်ပါဘူးကွာ အဖေတောင် သောက်နေတာပဲ ဘာမှမဖြစ်လို့ သောက်တာနေမှာ ပေါ့"။ ။

ဆုဆုတာ
( Lab Research)



# ယဉ်ကျေးလိမ္မာသင်တန်းဆီသို့



ကိုနိုင် ဒီကိစ္စကိုမငြင်းပါနဲ့၊ ခုနွေရာသီကျောင်းပိတ်ရက်သုံးလမှာ တစ်လခွဲလေးပဲ ကျွန်မထားစေတတ်စေချင်တဲ့သင်တန်းကိုထားချင်တယ် ကိုနိုင်ရယ်။ ကိုနိုင်ထားချင်နေတဲ့ တိုက်ကွမ်ဒိုသင်တန်းကို မထားချင်လို့ပြောနေတာမဟုတ်ဘူး။ ကိုနိုင့်သားက ခုမှနှစ်တန်းရှိသေးတယ်။ ကလေးက လူတကာကိုဗိုလ်ကျတတ်နေပြီ။ဟိုတစ်လောကလည်း အတန်းဖော်ကလေးက ဆော့ရင်းပြေးကြရင်း ဝင်တိုက်မိတာကို သူ့ကိုကျောတာပဲဆိုပြီး ခဲတံနဲ့လက်မောင်းကိုထိုးလိုက်လို့ တစ်ဖက်ကကလေးလည်း ဒဏ်ရာရ၊ ကျွန်မလည်းတစ်ဖက်ကလေးအမေကို တောင်းပန်ရ၊ ကျောင်းအုပ်ကြီးရုံးရောက်နဲ့ ဖြေရှင်းပြီးရပြီ။သူနှစ်တန်းဒီတစ်နှစ်လေးကို ကျွန်မဖြေရှင်းရတာ မနည်းတော့ဘူး။ ရှင့်သားက လူကထွားထွားနဲ့ သူ့ထက်လှီတဲ့ကလေးတွေကို ဖေးမဖို့အစား အနိုင်ကျင့်သတဲ့။ ကျွန်မစကားကို လင်တော်မောင်က “ဟာကွာ နွယ်ကလည်း မင်းပြောပုံအရဆို ငါ့သားက တခြားသူတွေ အနိုင်ကျင့်တာခံပြီးပြန်လာရမှာလား၊ လူကြောက်ဖြစ်မှာပေ့ါ။ ဘာလဲမင်းကသားကိုသူများလုပ်တာခံစေချင်တာလား။ ခုလိုကလေးကတည်းက လုပ်ရဲကိုင်ရဲမှ၊ ကြီးလာရင်လူမကြောက်တော့မှာ၊ ငါ့သားလုပ်လာသမျှ ငါရှင်းမယ်။ ကိုနိုင့်စကားကို ကျွန်မစိတ်တိုစွာဖြင့် “တစ်သက်လုံးလုပ်နိုင်မှာတဲ့လား ကိုနိုင်ရယ် ဒီလိုဆိုးနေတဲ့ကလေးကို ကျွန်မတို့သေရင် သူ့ရှေ့အနာဂတ် ဘယ်လို ဆက်မလဲ။ ကျွန်မသားကိုဆုံးမတိုင်းလည်း ကိုနိုင်ရယ် အဖေနဲ့အမေတို့က ကာဆီးကာဆီးလုပ်နေလို့ ကလေးကခုကျွန်မကိုပင် မလေးစားတော့ဘူး။ ကိုနိုင်တို့က ကလေးဆိုပြီး ချစ်လို့အလိုလိုက်ပေမယ့် အစကောင်းမှ အနှောင်းသေချာ ဆိုသလိုပဲကလေးအသိကသူတို့ စွဲသွားပြီ။ သူတို့ကို ဒီလမ်းကြောင်းပဲခင်းပေးရင် ဒီလမ်းကြောင်းကို မလွဲမသွေလုပ်ဖို့ သူ့ဦးနှောက်မှာ စွဲသွားပြီ။ ကလေးအသိထဲသိသွားရင်ပြင်ဖို့ ခက်တယ်ကိုနိုင်ရဲ့။ကျွန်မစကားကို ခင်ပွန်းဖြစ်သူက အလိုမကျစွာ “နွယ် မင်းသဘောပဲ မင်းကြိုက်ရာမှာထား။အေး ဒါပေမယ့် ငါ့သားလူကြောက်ဖြစ်ရင်တော့ မင်းနဲ့ငါအတွေ့ပဲ” ဒေါသသံဖြင့်ပြောကာ အခန်းတွင်းက ထွက်သွားလေပြီ။ လင်တော်မောင်ကသာမက ကျွန်မအဖေ အမေကပါ ငါ့သမီးရယ် မြေးလေးက ငယ်ပါသေးတယ် ဟိုမှာက ဆွမ်းကျန်တွေကို ကလေးတွေအများကြီးနဲ့ စုစားရတယ်ပြောတယ်။ ငါ့မြေးလေးကို ရောဂါတွေကူးလာမှဖြင့်” အမေဖြစ်သူ စကားကြောင့်“ဩော် အမေရယ်၊ယောက်ျားလေးပဲ ဆွမ်းကျန်ရယ်လို့မဟုတ်ပါဘူး။ ကျောင်းကချက်ပြုတ်ပြီးစုပေါင်းစားစေတာပါ။ပြီးတော့ သားတစ်ယောက်တည်းမဟုတ်ဘူး။ သင်ပေးတဲ့ ကုသိုလ်ရှင်ဆရာ ဆရာမတွေပါစားရတာ။ စုပေါင်းစိတ်ဓာတ်ဖြစ်အောင်လို့ပါ အမေရယ်။ ဘာဖြစ်ဖြစ် ပြီးတော့ ဦးလေးဘုန်းကြီး အမေ့မောင်က စည်းကမ်းစနစ်ကျပ်တော့ ဘာမှဖြစ်စရာမလိုဘူး။ ယဉ်ကျေးလိမ္မာသင်တန်းတက်ပြီး အမေ့မြေး လိမ္မာလာမှာ အမေမပျော်ဘူးလား။ ခုအမေ့မြေးက အကြောက်တရားမရှိ ဒါတောင်ခုနစ်နှစ်ရှိသေးတာနော်။ ဒီထက်များပိုကြီးပြီဆို ထိန်းသိမ်းရပိုခက်မှာ။ ဒါကြောင့်မို့ခုကတည်းကဒီသင်တန်းကိုထားပြီး သားကိုပြုပြင်ရမယ်အမေ” ကျွန်မစကားကို အမေဖြစ်သူကသက်ပြင်းသာချပြပါတော့တယ်။ ဟော သားဖြစ်သူကတော့ သင်တန်းကိုမလိုက်ချင်သည့်အလား မျက်နှာကြီးက ရှုံ့မဲ့သုမှုန်လို့နေတယ်။ ဘေးနားကအိမ်ကခွေးကို ဘာမဆိုင်ညာမဆိုင် ပိတ်ကန်လိုက်သေးသည်။ ကျွန်မကအဲလိုစိတ်ဓာတ်တွေသားကိုမကြိုက်တာ။ ဘာပဲဖြစ်ဖြစ် ပို့ကို ပို့ရမည်။

မနက်ခင်းရှစ်နာရီပို့၊ ညနေ၄နာရီကြိုရမည်။မနက်ခင်းသွားတက်ရမည်ဆိုကတည်းက ပေကပ်ကပ်လုပ်နေပေပြီ။သူအမြဲအားကိုးနေသည့် အဖေဖြစ်သူနဲ့ အဘိုးအဘွားတွေကလည်း စစ်ကူမရ၊ ကျွန်မဒေါသအကြီးအကျယ်ထွက်ရင်တော့ ကြောက်တတ်သည့်သား ကျွန်မကို မလိုက်ချင်ဘူးသနားပါဟူသော အကြည့်ဖြင့်လာကြည့်နေတော့လည်း စိတ်မကောင်း။ ဆုံးဖြတ်ချက်ကိုမပြင် ဒါသားအတွက်ပဲမို့ သားကို ကားပေါ်တင်ကာ ဘဘုန်းကြီးရဲ့ ကျောင်းကို ဦးတည်မောင်းထွက်ခဲ့လိုက်ပါတယ်။ဘဘုန်းကြီးကို အကျိုးအကြောင်းပြောထားပြီးသည်မို့ အထူးမလိုတော့ သားကို ယဉ်ကျေးလိမ္မာတက်မည့် အခန်းထဲလိုက်ပို့လိုက်တယ်။ ဘဘုန်းကြီးကတော့ သူ့တူအကြောင်းသိထားသည့်အလား ဘာမှထွေထွေထူးထူးမပြော ပြုံးနေပြန်တယ်။သားကိုအပ်ခဲ့ပြီးပြန်ခဲ့လေတော့ သူ့အား ပြန်ခေါ်ပါဟုပြောနေသည့်မျက်ဝန်းတွေကြောင့် သနားမိပြန်တယ်။ သို့ပေမယ့် ကျောင်းဝင်းမှ ကားကိုမောင်းထွက်ခဲ့လိုက်ပါတယ်။နေ့လယ် ထမင်းစားချိန်သားအကြောင်းသိချင်၍ ဖုန်းဆက်မေးတော့ ထမင်းမစားဘူး ပေကပ်ကပ်လုပ်နေ၍ ချော့ပြောမရ၊ ခြောက်မရ ဘုကလန့်လုပ်နေသည်တဲ့။ သားဖြစ်သူထမင်းမစားဘူးဆို၍ ဘိုးဘွားတွေ သိပြီး ဆွေ့ဆွေ့ခုန်ကာ ထမင်းထုပ်သွားပို့မည်တကဲကဲ လုပ်နေသဖြင့် မိမိကပါသားအတွက် စိတ်မကောင်း၍ ထမင်းနဲ့စားစရာသွားပို့ချင်ပါရဲ့။ သို့ပေမယ့် စိတ်ကိုချုပ်ထားလိုက်တယ်။ “ဒါသားအတွက်ပဲ”လေ။ ဘဘုန်းကြီးကတော့သူ့နည်းလမ်းအတိုင်း သင်ကြားနေမှာပဲ။ညနေသွားကြိုလေတော့ မိမိကိုပင် စိတ်ဆိုးသည့်အလား စကားတစ်ခွန်းမှမပြော အိမ်ရောက်သည်နှင့်ဝုန်းဒိုင်းကြဲပေါက်ကွဲလေပြီ။နွယ်က အားလုံးကိုပြောထားသည်ဖြစ်၍ ဘယ်သူမှဝင်မချော့။စိတ်တော့မကောင်းကြ။ ဩော်သားရယ် ယဉ်ကျေးလိမ္မာသင်တန်းတက်ရတာ သားအတွက်တော်တော်ခက်ခဲနေသလားသားရယ်၊ စိတ်မှပြောရင်းသက်ပြင်းချမိပါတယ်။

တစ်ရက် နှစ်ရက် သုံးရက် တိုင်အောင် အချိုးမပြောင်း ကျွန်မကိုပင် စိတ်ဆိုးနေလေပြီ။ သားဘာတွေသင်ခဲ့လဲဆိုလည်း မေးမရ၊ သားဖြစ်သူကိုကြည့်ပြီး စိတ်မကောင်းဖြစ်ရပါတယ်။ ကိုနိုင်ကလည်းသူ့ သားကိုကြည့်ရင်း ကျွန်မကို သိပ်ကြည်ပုံမပေါ်။ ဘာပဲဖြစ်ဖြစ် ဘဘုန်းကြီးနှင့် ယဉ်ကျေးလိမ္မာသင်သည့် ဆရာမလေးတွေကိုယုံကြည်မိပါတယ်။သားဖြစ်သူ တစ်ချိန်ပျော်လာမယ်ဆိုတာကို။ ဘဘုန်းကြီးဆီ အခြေအနေမေးတော့ သူငယ်ချင်းတွေကသည်းခံပေါင်းတာတောင် သူက လူကောင်ထွားထွားနဲ့ ဗိုလ်ကျတတ်လို့ ချော့မော့ပြောရင်းဆုံးမနေပါသတဲ့။ မပူပါနဲ့ နင့်သားလိမ္မာပြီး ပြောင်းလဲသွားစေရမယ်” ဘုန်းဘုန်းစကားကိုယုံကာပုံအပ်ထားမိလိုက်ပြီ။ဒီလိုနဲ့တစ်ပတ်ကျော်လာခဲ့ပြီ။ ညခုနစ်နာရီ သားဖြစ်သူကာတွန်းကားမကြည့်၍ သားအခန်းကိုသွားကြည့်မိတော့

“ငါတို့မှာ ကိုးကွယ်ဆရာသုံးဖြာရှိလေတာ”
“ဘုရား တရား သံဃာများသုံးပါးကိုးကွယ်စရာ”
“ငါတို့မှာ ဆည်းကပ်စရာသုံးဖြာရှိလေတာ”
“ဘုရား တရား သံဃာများ သုံးပါးဆည်းကပ်စရာ”
“ငါတို့မှာ အားထားစရာ သုံးဖြာရှိလေတာ”
“ဘုရားတရားသံဃာများ သုံးပါးအားထားစရာ”

ပျံ့လွင့်လာသည့် သားအသံနှင့်အတူ ကြည့်မိသည့်ကျွန်မမျက်လုံးပင်မယုံနိုင် ဟန်နှင့်ပန်နှင့်ခုတင်ပေါ်တွင် သရုပ်ဆောင်ရင်း ရွတ်နေလေရဲ့။ စိတ်ထဲကဝမ်းသာဖြစ်မှုတို့နှင့်အတိုင်းမသိ သားကိုကြည့်ရင်းဖျတ်ခနဲ သတိရကာ TV ကြည့်နေသော ကိုနိုင်နှင့်အမေ့ကိုသွားခေါ်ပြတော့ အားလုံးမယုံကြည်နိုင်စရာမြင်ကွင်းနှင့်အတူ အံ့ဩဝမ်းသာနေကြပါတယ်။ ဘာလိုလိုနဲ့ တိုးတက်မှုရှိလေပြီ။ နံနက်ခင်းရောက်ချိန် မသိသလိုပင် အားလုံးကနေလိုက်ကြတယ်။ သားရေ ယဉ်ကျေးလိမ္မာသင်တန်းသွားမယ်လေ။ခေါ်သံကိုကြားသည်ထင်၏။ “ဟုတ်ကဲ့မေမေလာပြီ” ကြားလိုက်ရသည်က စိတ်ချမ်းစရာကောင်းပါဘိ၊ ခါတိုင်းကျွန်မကသွားမယ်လို့ အသံပြုလျှင် အောင့်သက်သက်နဲ့ ထွက်လာသည့်သား ခုတော့ဖြင့်တက်ကြွနေသည့်အသံနှင့်အတူ လက်ထဲမှာလည်း ကစားစရာအရုပ်တွေ“ဟဲ့ သားအရုပ်တွေမဆော့ရဘူးလေ” ကျွန်မစကားကိုရယ်ပြရင်း “သားမဆော့ပါဘူးမေမေရ။ သင်တန်းက တက်ပုတို့၊ အောင်မြင့်တို့ကိုပေးမလို့။ သူတို့ကတစ်ခါမှမဆော့ဖူးဘူးတဲ့မေမေရ။ ပြီးတော့မေမေ သားသူတို့ကိုအင်္ကျီတွေလည်း ပေးမယ်နော်” သားဖြစ်သူစကားကြောင့် ကျွန်မ အံ့ဩဝမ်းသာဖြစ်ရတယ်။“ဒါပေ့ါငါ့သားရ ဖေဖေက ငါ့သားလုပ်ချင်တာ ဖြစ်ချင်တာ အကုန်လုပ်ပေးမယ် ငါ့သားသဘော” ပြောပြောဆိုဆို သားကိုပွေ့ချီပြီး သွားမယ် အလုပ်“အာ ဖေဖေခဏနေဦး ဆရာမကမှာထားတယ် ကျောင်းလာရင် ဖေဖေမေမေနဲ့ အိမ်ကအဘိုးအဘွားရှိရင်ကန်တော့ကြရမယ်တဲ့။ တက်ပုကိုမေးကြည့်တော့ သူ့အမေကိုအမြဲကန်တော့တယ်တဲ့“သားလည်းကန်တော့မယ်နော်”ပြောပြောဆိုဆို ကျွန်မတို့ကိုဦးချနေတာများ ထိခြင်းငါးပါးကိုညီလို့။ သားကိုဆုပေးပြီး သားကတော်လိုက်တာကွာဆိုတော့“တက်ပုတို့၊ အောင်မြင့်တို့က ပိုတော်တယ်မေမေ။ သားတို့ ကဗျာတွေလေ့ကျင့်ရရင် သူတို့ကပိုတော်တယ်။ ဦးချတတ်အောင် ဘုန်းဘုန်းက အကုန်သင်ပေးတယ်။ ဘုရားစာတွေလည်းသင်ပေးတယ် မေမေ”သားဖြစ်သူစကားကိုပီတိဖြစ်မိပါတယ်။ ဒါတောင်သူ့အဘိုးနဲ့အဘွားကရိပ်သာသွားနေ၍ မြေးဖြစ်သူလိမ္မာနေတာကိုမသိကြရသေး။ ကိုနိုင်ကတော့သူ့သားကိုကြည့်ကာ ပီတိဝေနေလေရဲ့။သူ့သားကိုလူကြောက်ဖြစ်မှာသိပ်ကြောက်နေသည့် ကိုနိုင် ခုတော့ သူ့သားက တခြားသူတွေပေါ်ကြင်နာနေတာမြင်တော့ အရင်လက်ရဲဇက်ရဲဆိုတာကိုမှကြိုက်ပါသည်ဆိုသည့်အရာနှင့် ဘယ်အရာက ပိုအေးချမ်းပီတိဖြစ်ရသလဲဆိုတာ ကိုနိုင် ခွဲခြားသိမြင်နိုင်မှာပါ။သားအဖသုံးယောက် ဘဘုန်းကြီးဆီသွားကာ လှူစရာရှိတာလှူပြီးသည်နှင့် သားဖြစ်သူယဉ်ကျေးလိမ္မာသင်တန်းတက်နေသည်ကိုစောင့်ကြည့်တော့ အပေါင်းအသင်းတွေနဲ့စုပေါင်းကာ ဘုရားဝတ်ပြုသံ၊ ကဗျာရွတ်ဆိုသံတွေကိုသံပြိုင်ရွတ်ဆိုနေတာမြင်ရရင်ဖြင့် စိတ်နှလုံးငြိမ်းအေးလှပေသည်။

ခုဆိုရင် အိမ်ပြန်လာလျှင်ကဗျာတွေကို သရုပ်မူဟန်တွေနဲ့ကပြလိုက်၊ ဘုရားကိုဦးချခြင်း၊ အရာရာသည်းခံပြီးဖေးမကူညီတတ်တဲ့ ကလေးတစ်ယောက်ဖြစ်နေပေပြီ။တစ်နေ့က ခြံထဲမှာငှက်ကလေးမပျံနိုင်ဖြစ်နေတာကို ကိုနိုင်က ဒီငှက်ကိုခါတိုင်းလိုသတ်လိုက်မယ် ငါ့သားဆိုတော့၊ မလုပ်နဲ့ဖေဖေတဲ့ ငရဲကြီးတတ်တယ်။ ဒုက္ခရောက်နေတဲ့ သတ္တဝါတွေ အားငယ်သူတွေကိုဖေးမရမယ်လို့ ယဉ်ကျေးလိမ္မာသင်တဲ့ဆရာမက ပြောပြသတဲ့။ညဆိုလျှင်ဘုရားကိုဦးချရုံတင်မက မိဘနှစ်ပါး၊ဘိုးဘွားတွေကိုပါ ဦးချကန်တော့ပြီးမှ အိပ်သူဖြစ်နေလေပြီ။ မကန်တော့ရင် သားဆရာမကရိုက်မှာမို့လို့လားမေးရင်

“မိဘရှိခိုးမအိပ်တဲ့သူ ခွေးအိပ်ခြင်းနဲ့တူ၊ ခွေးလိုလူမဖြစ်ချင်က ဘုရားရှိခိုးကြ၊ မိဘရှိခိုးကြ” ထိုကဗျာလေးကိုရွတ်ပြီးသားက “ခွေးမဟုတ်ဘူးမေမေ၊ လူလိမ္မာလေးပါ”တဲ့ မိသားစုတွေဝမ်းသာ ကြည်နူးကြရတယ်။ ဘိုးဘိုးဘွားဘွားတွေကတော့ ပျော်လို့မဆုံး သင်လာသည့်ကဗျာလေးများကို သရုပ်ပြဟန်ဖြင့် မြေးဖြစ်သူလုပ်ပြသည်ကို ကြည့်ပြီးပီတိဖြစ်လို့မဆုံး။ ခုဆိုရင် သားရဲ့အသိဉာဏ်ထဲတွင် ဘာသာတရားနဲ့ထားရှိရမည့်စိတ်ဓာတ် ဘယ်အရာကပြုအပ်သည်။ ဘယ်အရာကိုတော့ ရှောင်ကြဉ်ရမည်ဆိုတာသိသင့်သလောက်သိလာခဲ့လေပြီ။ မည်သူမဆို မိမိသားသမီးတိုင်းကိုယဉ်ကျေးလိမ္မာစေချင်ကြတာပဲ။ လိမ္မာပြီးသားဖြစ်စေ မိဘအလိုလိုက်ချစ်မှုကြောင့် ဆိုးနေသည်ဖြစ်စေ ဒီလိုအရွယ်ကလေးလေးတွေကို နွေရာသီပိတ်ရက်မှာ တခြားသင်တန်းတွေ တက်မည့်အစား ယဉ်ကျေးလိမ္မာသင်တန်းကို တက်စေခြင်းဖြင့် ဘာသာရေး၊ ကိုယ်ကျင့်တရား၊ အသိဉာဏ်၊ ကောင်းမှုမှန်သမျှတို့ တိုးပွားလာနိုင်မှာပါ။“အစကောင်းမှ အနှောင်းသေချာ” ဆိုသလို ငယ်စဉ်ကတည်းက အသိဉာဏ်ကောင်းများကိုရိုက်သွင်းပေးကြရမည်။ ဆင်းရဲသည်ဖြစ်စေ၊ ချမ်းသာသည်ဖြစ်စေ လူမျိုးမရွေးပါပဲ ဘာသာအသိ လူမျိုးအသိ စိတ်ဓာတ်အသိတွေ တိုးမြှင့်ပေးနေသည့် နေရာအနှံ့အပြားမှာ ဖွင့်လှစ်သင်ကြားပေးနေသည့် “ယဉ်ကျေးလိမ္မာသင်တန်း” ကို သားသမီးတွေ ကောင်းစားအရေးဖို့တွေးတောရင်း ပို့ဆောင်လိုက်ပါစို့ရှင်။

ဆောင်းပါး

# သူတို့နှင့်နှုတ်စည်းကမ်းများ

## အိဇင်မြတ်

ဒီနေ့လား။ ကျွန်မအဖို့အလုပ်အင်တာဗျူးသွားဖြေရမှာလေ။ ကျွန်မရဲ့ ပထမဆုံးအတွေ့အကြုံဆိုတော့ နည်းနည်းတော့ စိတ်လှုပ်ရှားမိလေရဲ့။ ဘွဲ့ရခါစ လူငယ်တစ်ဦးအဖို့ အင်တာဗျူးမှာဘယ်လိုဖြေသင့်တယ်။ အဝတ်အစားဘယ်လိုရှိသင့်တယ်။ ဘယ်လိုအခွင့်အရေးတွေကို အင်တာဗျူးမှာတစ်ခါတည်း ဆွေးနွေးသင့်သလား၊ မဆွေးနွေးသင့်ဘူးလားအစရှိသဖြင့် အင်တာဗျူးနဲ့ပတ်သက်တဲ့ ဗဟုသုတနည်းပါးချိန်မို့ အားလုံးရင်ခုန်လေ့ရှိတာ ထုံးစံလိုဖြစ်နေပါပြီ။

ဒါပေမယ့် ပထမဆုံးတွေ့တွေ့ချင်းမှာ ရုပ်ပိုင်းဆိုင်ရာ ဆင်ယင်မှုကို အရင်ဆုံးမြင်တွေ့ကြရမှာဆိုတော့ သေသပ်တဲ့အဝတ်အစားနဲ့ ကြည့်ကောင်းတဲ့ အပြင်အဆင်ရှိသင့်တာမို့ အလှတော့ပြင်သွားမိလေရဲ့။ ဒါပေမဲ့ အရမ်းခေတ်လွန်နေတဲ့ အဝတ်အစားအပြင်အဆင်တော့ မဟုတ်ခဲ့ပါဘူး။ မြန်မာအင်္ကျီနဲ့ထဘီကိုပဲ မြင်ရတဲ့သူရဲ့ မျက်လုံးထဲမှာ ယဉ်ယဉ်လေးဖြစ်အောင် ဝတ်သွားမိတာပါ။ လူ့အသိုင်းအဝိုင်းထဲ သွားရမှာဆိုတော့လည်း သူ့အဆင့်နဲ့ကိုက်ညီတဲ့ အပြင်အဆင်တော့ ရှိသင့်တယ်လေ။ အင်တာဗျူးဖြေတော့လည်း တော်တော်လေးဖြေနိုင်ခဲ့ပါတယ်။ ဖြေနိုင်တယ်ဆိုတော့ ဝမ်းသာအားရနဲ့ တစ်ယောက်တည်းပြုံးစိစိနဲ့ ကားဂိတ်ကိုလမ်းလျှောက်လာတော့ အဲဒီမှာ ဇာတ်လမ်းက စတာပဲ။

ယောက်ျားလေး လေးငါးယောက်လောက်ရှိတဲ့ အဖွဲ့ထဲက တစ်ယောက်က "အရမ်းလှတာပဲ။ ချစ်စရာလေးနော်" ဆိုပြီး လမ်းသွားနေရင်း လှမ်းအော်လေရဲ့။ နောက်တစ်ယောက်ကလည်း "လမ်းဖယ်ပေးလိုက်လေကွာ" အစရှိသဖြင့် ဘေးနားကဖြတ်သွားတော့မှ အချင်းချင်းပြောသလိုလိုနဲ့ ထပြောလေရဲ့။ ဟယ်. . . လှည့်ကြည့်လိုက်တော့လည်း ကိုယ်နဲ့သိတဲ့ မိတ်ဆွေလည်းတစ်ယောက်မှ မပါပါဘူး။ ကိုယ့်ညီမအရွယ်လောက်ရှိတဲ့ မိန်းကလေးတစ်ယောက်ကို အဲဒီလို ပါးစပ်အရသာခံပြီး လမ်းမအလယ်ကြီးမှာ လှမ်းအော်တယ်ဆိုတော့ သူပဲအရှက်မရှိတာလား။ မြန်မာမိန်းကလေးတစ်ယောက်အနေနဲ့ လုံလုံခြုံခြုံဝတ်ထားလျက်နှင့် အခုလိုလမ်းမမှာအစခံရတော့ ဘယ်လို ဖြစ်လိမ့်မလဲဆိုတဲ့ခံစားချက်ကို သူပဲမစဉ်းစားမိတာလား။ နည်းနည်းလှမ်းသွားတာနဲ့ မသိချင်ယောင်ဆောင်ပြီးတော့ပဲ ဆက်လျှောက်ခဲ့တော့တယ်။ စိတ်ထဲမှာတော့ တစ်မျိုးကြီးပေါ့လေ။

အဲဒီလိုနဲ့ ရက်အနည်းငယ်ကြာတော့ အသိအစ်မတစ်ယောက်နဲ့တွေ့တော့ စကားစပ်မိရင်းပြောပြတော့ သူလည်းယခုကဲ့သို့ တွေ့ကြုံဖူးကြောင်း ပြန်ပြောပြလေရဲ့။ သူကဘွဲ့လွန်တက်နေသူတစ်ဦးဖြစ်ပြီး ကျောင်းယူနီဖောင်းဝတ်ထားတာတောင် ယခုကဲ့သို့ စနောက်ခံခဲ့ရဖူးကြောင်း ပြောပြတော့တာပဲ။ ယခုလို cat calling လို့ခေါ်တဲ့ မိန်းကလေးတစ်ယောက်ကို လမ်းမှာတွေ့ရင် ရိသဲ့သဲ့စတာဟာ ခေတ်စားနေတာလား။ အဲဒီလိုလည်း မဟုတ်ပြန်ဘူး။ ရင့်ကျက်တည်ငြိမ်ပြီး စာနာစိတ်ရှိတဲ့ ယောက်ျားတစ်ယောက်ကတော့ ဒီလိုအလုပ်မျိုးတကူးတကလုပ်မှာ မဟုတ်ပါဘူး။ ကျွန်မတို့နိုင်ငံမှာ မိန်းကလေးတွေ့ရင် ရိသဲ့သဲ့လုပ်ရမယ်ဆိုတဲ့ ထုံးတမ်းစဉ်လာလည်း မရှိခဲ့ပါဘူး။

> ရင့်ကျက်တည်ငြိမ်ပြီး စာနာစိတ်ရှိတဲ့ ယောက်ျားတစ်ယောက်ကတော့ ဒီလိုအလုပ်မျိုးတကူးတက လုပ်မှာ မဟုတ်ပါဘူး။ ကျွန်မတို့နိုင်ငံမှာ မိန်းကလေးတွေ့ရင် ရိသဲ့သဲ့လုပ်ရမယ်ဆိုတဲ့ ထုံးတမ်းစဉ်လာလည်း မရှိခဲ့ပါဘူး။

ဒါပေမဲ့ မိန်းကလေး တော်တော်များများကို မေးကြည့်ရင်တော့ ဒီလိုပါးစပ်အရသာခံပြီး အပြောခံရတာကိုတော့ ကြုံတွေ့ဖူးကြပါတယ်။ ကျွန်မတို့ကစည်းကမ်းဆိုစာရွက်ထဲမှာထည့်ထားမှ စည်းကမ်းမဟုတ်ပါဘူး။ လမ်းသွားမှ လမ်းစည်းကမ်းလိုက်နာရတာပါ။ ကျောင်းရောက်မှ ကျောင်းစည်းကမ်းဆိုတာ လိုက်နာရတာပါ။ ကျွန်မတို့ သတိမထားမိတာက ဘယ်နေရာမှာမဆို၊ မည်သူမဆို နှုတ်စည်းကမ်းလေးတော့ သတိထားပြီးအမြဲရှိသင့်တယ်ဆိုတာပါပဲ။ ကိုယ်ပြောလိုက်တဲ့ စကားတစ်ခွန်းကဘယ်လောက်မှတော့မကြာပါဘူး။ ပြောပြီးတော့လည်း လေထဲပျောက်သွားတာပဲ။ ဒါပေမဲ့ ကိုယ်ပြောလိုက်တဲ့ စကားတစ်ခွန်းက ကိုယ်ဘာတွေတွေးနေတယ်။ ကိုယ့်ရဲ့အဆင့်အတန်း၊ ကိုယ့်ရဲ့စိတ်ထားတွေကို ဖော်ပြနေပါတယ်။ နားထောင်လိုက်ရသူအနေနဲ့လည်း ကိုယ့်အပေါ် ဘယ်လိုသဘောထားသွားလဲဆိုတာပါ တစ်ပါတည်းစကားထဲပါသွားပြီးသားပါ။

ယခုလိုမိန်းကလေးတစ်ယောက်ကို မထိတထိစတယ်လို့ တချို့သူတွေကို ပြန်ပြောပြရင် အရင်ဆုံးပြောမှာက အဲဒီမိန်းကလေးက အနေအထိုင်မတတ်လို့၊ လုံခြုံတဲ့အဝတ်အစားမဝတ်ထားလို့ အစရှိသဖြင့် အပြစ်ဖို့ကြပါသေးတယ်။ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်နိုင်အောင်ကြိုးစားရုန်းကန်နေတဲ့မိန်းကလေး၊ လုံလုံခြုံခြုံ မြန်မာဆန်ဆန်ဝတ်တတ်တဲ့မိန်းကလေး၊ ဘဝကိုရိုးရိုးသားသားကြိုးစားနေထိုင်နေတဲ့ မိန်းကလေးတွေလည်း ရှိပါသေးတယ်။

တကယ်တော့ ကိုယ့်ပတ်ဝန်းကျင်တစ်ခုလုံးပြောင်းလဲဖို့ဆိုတာထက် ကိုယ်ကိုယ်တိုင်ကစတင်ကာ အကောင်းဆုံးဖြစ်အောင် အရင်ကြိုးစားသင့်တာပါ။ နှစ်ဦးနှစ်ဖက်စလုံးအတွက် အကျိုးမရှိတဲ့အလုပ်ထက် နှစ်ဦးနှစ်ဖက်စလုံးအတွက် အကျိုးရှိတာကိုလုပ်ဆောင်ရင်း ကိုယ့်ပတ်ဝန်းကျင်အရင်ကထက် ပိုမိုသာယာအောင် ဖန်တီးသင့်သည်ဟု အကြံပြုရင်း လှပတဲ့လောကကို အတူတူလက်တွဲပြီး တည်ဆောက်ကြပါစို့။

ဆောင်းပါး

# ဖြစ်လာစေချင်ပါတယ်

## မြင့်မြတ်သိင်္ဂီ

နိုင်ငံ့အရေး နိုင်ငံရေးကို စိတ်ဝင်စားကြပါ ပါဝင်ကြပါ၊ နိုင်ငံ့အရေးက နိုင်ငံသားတိုင်းမှာ တာဝန်ရှိနေပါတယ်ဆိုတဲ့စကား ခဏတိုင်းကြားဖူးခဲ့ပါတယ်။

ဆရာမ နိုင်ငံရေးဝါသနာမပါဘူးလားလို့လဲ အမေးခံခဲ့ရဖူးပါတယ်။

ကျွန်မနားလည်ထားတဲ့ နိုင်ငံရေး၊ ကျွန်မခံယူကျင့်သုံးထားတဲ့နိုင်ငံ့အရေးက ရိုးရှင်းပါတယ်။ ကျွန်မရောက်နေတဲ့ နေရာကနေ နိုင်ငံအတွက် ကျွန်မ ဘယ်လောက်လုပ်ပေးနိုင်မလဲ၊ ဘယ်လောက်ထိ နိုင်ငံအတွက် ကိုယ်အပါအဝင် လူတော်လူကောင်းတွေ ဖော်ထုတ်ပေးလိုက်နိုင်မလဲ၊ ကိုယ့်နေရာကနေ ကိုယ်စွမ်းသမျှ ကိုယ့်နိုင်ငံအတွက် လုပ်ပေးနိုင်တာ လုပ်ပေးလိုက်တာ ကိုယ့်နိုင်ငံအရေးပါပဲ။

> ကျွန်မအစိုးရိမ်ဆုံးကတော့ ကျွန်မတပည့်လေးတွေ လူတော်လူဆိုးနဲ့ လူညံ့လူဆိုးဖြစ်သွားကြမှာကိုပါပဲ။ တပည့်တွေမှမဟုတ် မည်သူ့ကိုမျှ လူတော်လူဆိုးနဲ့ လူညံ့ လူဆိုးဘဝ မရောက်စေချင်ခဲ့ပါ။

ဒါကြောင့်လည်း နိုင်ငံတစ်ခုရဲ့ အရေးပါဆုံးပညာရေးကဏ္ဍမှာ အောက်ခြေအနိမ့်ဆုံးလေးက ပါဝင်ခွင့်နေရာလေးတစ်ခုရခဲ့တာကိုကျေနပ်ပြီး ကိုယ်နဲ့သက်ဆိုင်ရာ အတန်းထဲက ကိုယ်တာဝန်ယူထားရတဲ့ ကျောင်းသူ ကျောင်းသားကလေးငယ်တွေအတွက် အတတ်နိုင်ဆုံးကြိုးစားနေခဲ့ပါတယ်။

တချို့ကျောင်းသူ ကျောင်းသားလေးတွေ စာကြိုးစားကြပါတယ်။ ထက်မြက်ထူးချွန်တဲ့ သူတို့လေးတွေကို လူတော်လို့ သတ်မှတ်ပေးခဲ့တယ်။ တချို့သောကျောင်းသားလေးတွေ စာမတော်ကြပါဘူး။ ဉာဏ်ရည် ဉာဏ်သွေးနိမ့်ပါး၊ ပညာရေးအားနည်းကြပေမယ့် စိတ်ထားကောင်းလိမ္မာကြတဲ့အတွက် လူကောင်းလို့ သတ်မှတ်ထားခဲ့ပါတယ်။

ဆရာ ဆရာမတွေမှာလည်း ကိုယ်ပိုင်အတ္တကိုယ်စီရှိနေကြပါတယ် ။ အဲဒီအတ္တကတော့ ကိုယ့်တပည့်တွေကို လူတော်လူကောင်း ဖြစ်စေချင်ကြတာပါပဲ။

အဲဒီအတ္တရှိနေတဲ့ ကျွန်မကိုယ်တိုင်လည်း ကိုယ့်တပည့်တွေကို စာလည်းတော် လူလည်းလိမ္မာတဲ့ လူတော်လူကောင်းဖြစ်စေချင်ခဲ့ပါတယ်။ ဒါကြောင့်လည်း တတ်နိုင်သမျှ သက်ဆိုင်ရာဘာသာရပ်တွေကို သေချာနားလည်အောင်ရှင်းပြ သင်ပြရင်း အမြင်မတော် အကြားမတော် မလိမ်မိုး မလိမ္မာအပြုအမူတွေ မြင်တွေ့ကြားမိတိုင်းလည်း စကားနဲ့ ဆိုဆုံးမသလို တစ်ခါတစ်ရံမှတ်မိအောင် လက်နဲ့လည်း ဆိုဆုံးမခဲ့ရပါတယ်။

ကျွန်မအစိုးရိမ်ဆုံးကတော့ ကျွန်မတပည့်လေးတွေ လူတော်လူဆိုးနဲ့ လူညံ့လူဆိုးဖြစ်သွားကြမှာကိုပါပဲ။ တပည့်တွေမှမဟုတ် မည်သူ့ကိုမျှ လူတော်လူဆိုးနဲ့ လူညံ့လူဆိုးဘဝ မရောက်စေချင်ခဲ့ပါ။

စာတွေတော် ပညာတွေတတ်ပါရဲ့ တတ်သည့်ပညာနဲ့ မာန်မာနပွား လောကဆိုးကျိုးအတွက် အသုံးချတတ်သူ လူတော် လူဆိုးပါ။ ပညာမတတ်ပါဘူး။ သို့သော် တတ်ချင်ယောင်ဆောင်တတ်ပြီး မတတ်တာကိုသိုဝှက် မဟုတ်ကဟုတ်ကအပြုအမူတွေနဲ့ လောကကိုအန္တရာယ်ပေးလာတတ်သူ လူညံ့လူဆိုးပါ။

ဒီလို လူတော်လူဆိုးနဲ့ လူညံ့လူဆိုးလေးတွေ မဖြစ်ကြရလေအောင် သူတို့ရဲ့အပြုအမူ အပြောအဆို အနေအထိုင် ကျင့်ကြံတတ်တာတွေကို ဂရုပြုစောင့်ကြည့် ထိန်းသိမ်းပေးနေခဲ့ပါတယ်။ အထူးသဖြင့် လူတော်မဖြစ်တာကိုထား လူကောင်းလေးတော့ ဖြစ်သွားစေဖို့ ဂရုထားခဲ့တယ်။

လူတော်လူကောင်း မဖြစ်နိုင်ရင်တောင် အနည်းဆုံးအဆင့် လူညံ့လူကောင်းလေးတော့ ဖြစ်စေချင်ခဲ့တာမို့ စာရိတ္တပိုင်းဦးစားပေး သွန်သင်ခဲ့မိတယ်။

ကိုယ်တိုင်လည်း သိပ်ထက်မြက်ထူးချွန်နေသူ လူတော်ကြီးမဖြစ်ခဲ့ပေမယ့် စာရိတ္တမယိမ်းမယိုင် ခိုင်မြဲနိုင်တဲ့ လူကောင်းတစ်ယောက်ဖြစ်အောင်တော့ ကြိုးစားခဲ့ပါတယ် ။

ကျွန်မချစ်သော အမိမြေကို လူတော်လူဆိုးများနဲ့ လူညံ့လူဆိုးများ ကင်းဝေးဘေးရန်အပေါင်းရှင်းလင်းပြီး လူတော်လူကောင်းပေါင်းများစွာနဲ့ မတော်သော်လည်း ကောင်းကြတဲ့ လူကောင်းများစွာ ပေါင်းစည်းဝေဖြာနေတဲ့ သာယာလှတဲ့ နိုင်ငံတော်သစ်ကြီး ဖြစ်လာစေချင်ပါတယ်။

### နေ့စား

အကာရံမရှိတဲ့ လောကမှာ
ဝေဒနာကြမ်းခင်းတွေက ခပ်စိပ်စိပ်
ဝမ်းတစ်ထွာအတွက်
လုပ်ကိုင်ဖူလုံမှုတွေက ခပ်ကျဲကျဲ။
တဲလို့မဆိုသာသည့် တဲထဲမှာ
ပညာကလည်းနတ္ထိ
ဥစ္စာကလည်းမရှိ
အနတ္တဆိုတဲ့လောကမှာ
လောကဓံရဲ့ အထုအထောင်းအောက်
ပြားပြားဝပ်နေရတဲ့ငါတို့
သဲထဲရေသွန်တာမှ အရာကျန်ဦးမယ်။
တစ်နေ့ရှာ တစ်နေ့စား
နေ့စားဆိုတဲ့ ငါတို့ဘဝ
လက်လှုပ်မှပါးစပ်လှုပ်ဖို့
ဇာတာတွေရေးပေးခဲ့တာလား။
အပြစ်မရှိတဲ့ကမ္ဘာမှာ
အပြစ်ရှိခဲ့တာက တို့နေ့စားတွေလား။
ဒါဆိုတစ်ခုတောင်းဆိုမယ်
နေ့စားအတွက် စျေးကစားပေးပါ။

နွေ(အဖျောက်)

------------------------

### နွေကြိုတပေါင်း ခါအိုနှောင်းသော်

နွေကြိုတပေါင်း ခါအိုနှောင်းသော်
ရွက်ဟောင်းရယ်ကြွေ ဖူးသစ်ဝေ၍
နွေလေရောယှက် ပင်ယံထက်၌
ဝါလျက်ရွက်ရော် လေပြည်ခေါ်ရာ
ပျော်ပျော်နှင့်ပင် လိုက်ခဲ့စဉ်ဝယ်။
မြိုင်ယံအတွင်း ကြဲဖြန့်ခင်းသည့်
ပုံ့သင်းနံ့သာ သစ္စာပန်းမည်
သရဖီတို့ ခက်လီစိမ်းမြ
ပွင့်လန်းကြသည်
တပေါင်းလ၏ ပန်းချီကား။
ရှုချင်ဖွယ်နော သစ်ရိပ်ပေါ်သည့်
ယာတောဆီမှ လှသည့်အသံ
တောလုံးယံသို့ လွင့်ပျံ့ထွက်ပေါ်
ကြင်ဖော်ကွာဝေး ချိုးငှက်လေး၏
ရင်အေးဖွယ်ရာ တေးသံသာတည့်။
ဖူးလီညွန့်ခက် ရော်ရွက်ဝါရွှေ
လေပြည်ဖြန့်သွေး ချိုးငှက်တေးနှင့်
ပုံ့မွှေးသရဖီ ဖူးပွင့်သီကာ
ပန်းချီခြယ်သ နွေအလှပင်။
စာပန်းချီရေးလို့ မဆုံးချင်။

ဝန်းလက်

## ၁၁ရာစု ခရီးသွားလုပ်ငန်း

- ထားဝယ်-မောင်းမကန်-ပုဲဇင်ကျွန်း
  တစ်ဦး ၁၃၅၀၀၀ကျပ် (၁၀ဦး+၁အခမဲ့)၊ မတ်လ-၂၄-၂၇
- ရန်ကုန်မြို့၊ ဘုရားစုံဖူး၊ ဈေးဝယ် တစ်နေ့တာ ခရီးစဉ်
  တစ်ဦး-၉၉၀၀ကျပ် (နံနက်စာ+နေ့လယ်စာပါ)

ဖုန်း-၀၉-၅၀၈၁၁၉၂၊ ၀၉-၅၄၀၂၇၅၁၊ ၀၉-၅၀၃၉၅၈၈၊ ၀၉-၅၀၂၇၄၄၅

## အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံညစာစားပွဲ

၁၉၇၂-၇၆ခုနှစ်၊ ရန်ကုန်ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ် ဘူမိဗေဒဘွဲ့ရ ကျောင်းသား/သူများ၏ အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံညစာစားပွဲကို အောက်ပါအစီအစဉ်အတိုင်းပြုလုပ်မည်ဖြစ်ပါသဖြင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက်တက်ရောက်ပေးကြပါရန် ဖိတ်ကြားအပ်ပါသည်။

**အာစရိယပူဇော်ပွဲ အစီအစဉ်**
နေ့ရက် - ၂၆. ၃. ၂၀၁၇ (တနင်္ဂနွေနေ့)
အချိန် - နံနက် (၉း၀၀)နာရီမှ ၁၂း၀၀နာရီထိ
နေရာ - ရန်ကုန်တက္ကသိုလ်များမွေးရုံ

**ညစာစားပွဲ အစီအစဉ်**
၂၆. ၃. ၂၀၁၇ (တနင်္ဂနွေနေ့)
ညနေ(၆း၃၀)နာရီမှ(၉း၃၀)နာရီထိ
ဟိုတယ်ရွှေဂုံတိုင် (စတန်း)

**ဆက်သွယ်ရန်လိပ်စာ**
ဦးသက်လွင် (ဟိုတယ်ရွှေဂုံတိုင်)ဖုန်း - ၀၉-၅၁၃၁၁၈၉ မကျင်နွဲ ဖုန်း - ၀၉-၄၂၀၁၇၇၄
ဦးစိုးမြင့် ဖုန်း - ၀၉-၅၀၇၉၄၈၆ မခင်မြင့်မြင့် ဖုန်း - ၀၉-၅၁၇၂၀၀၂
ဦးတင်ဝင်း (ဆလုံ) ဖုန်း - ၀၉-၄၅၀၀၄၀၇၄၁

နှစ်သစ်ကူးသင်္ကြန်ပိတ်ရက်လေးမှာ A.A Ou နဲ့သွားစို့
ဧပြီလ ၁၁ရက် ညထွက် ၁၆ရက် မနက်ပိုင်းရန်ကုန်ပြန်ရောက်ပြီး
ရန်ကုန်သင်္ကြန်အတက်နေ့လည်းလည်လို့ရတယ်နော်
**ရန်ကုန်-ပလေီ-မြောက်ဦး-ကျောက်တော်-ရန်ကုန်**
(၄ညအိပ် ၅ရက်ခရီး) တစ်ဦးလျှင် (၂၂၀၀၀၀/-)
Hot Line - 09454717272, 09964717272, 095000354

**ဖခင်တစ်ဦးတည်းဖြစ်ကြောင်း**
ကျွန်မ မခင်သန္တာချို [၁၂/ဒဂတ(နိုင်)၀၂၆၃၅၈]၏ ဖခင်ဦးမြင့်ကြိုင်နှင့် ဦးခင်မောင်သည် [၁၂/မရက(နိုင်)၀၂၇၇၇၄] ကိုင်ဆောင်သူသည် တစ်ဦးတည်းဖြစ်ပါသည်။

## Innlay Lover Travels & Tours
အဆင့်မြင့်ဘုရားဖူး ခရီးသွားလုပ်ငန်း

| | | |
|---|---|---|
| ပြင်ဦးလွင်၊ မန္တလေး၊ မုံရွာ၊ အလောင်းတော်ကဿပ | Mar--31 | 135,000 Ks |
| တောင်ကြီး၊ အင်းလေး၊ ကလော၊ ပင်းတယ၊ ထမ်စမ်း၊ ရွာင် | Mar-24, Apr-17 | 135,000 Ks |
| မြဝတီ၊ မဲဆောက် | Apr-1 | 120,000 Ks |
| ရွှေစက်တော်၊ မုံရွာ၊ အလောင်းတော်ကဿပ | Apr-12 | 190,000 Ks |
| မြစ်ကြီးနား၊ မြစ်ဆုံ၊ အင်းတော်ကြီးအိုင်၊ ဖလုံတောင် | Mar-31, Apr-17 | 195,000 Ks |
| ရွှေစက်တော်၊ မကွေး၊ ပြည် | Mar-24,31 | 75,000 Ks |
| မြဝတီ၊ ဘားအံ၊ ကျိုက္ကမီ-စက်စဲ | Apr-12 | 190,000 Ks |
| ပုဂံ၊ တောင်ကြီး | Apr-12 | 190,000 Ks |

အဆင့်မြင့်ဟိုတယ်၊ သန့်ရှင်းလတ်ဆတ်သောစားသောက်ဆိုင်၊ ခရီးသွားအာမခံ၊ Guide Service ပါပြီး။
ကျွန်ုပ်ခရီးစဉ်အားလုံး ၃ည/ ၄ရက်ခရီး
Call us: 09-97 925 2121, 09-5010851, 09-4210 30 814, 09-97 925 2020, 09-2636 95 301,

ARRANGED BY iHome Group Of Companies
## မြန်မာ-အပြည်ပြည်ဆိုင်ရာ အီလက်ထရောနစ် စီးပွားရေး ကုန်စည်ပြပွဲကြီး
SUPPORTED BY MYANTRADE, MCFA, ECTPA
MIEE
MYANMAR INTERNATIONAL E-COMMERCE EXPO-2017
24-26 March 2017, MYANMAR CONVENTION CENTER (MCC HALL), (9 AM- 5PM)
INCLUDE SPECIAL CHALLENGE OF MR.& MISS E-COMMERCE MYANMAR 2017 COMPETITION
DIAMOND SPONSOR BY CB BANK
GOLD SPONSOR BY Myanmar Mobile Money, GO TAXI, SHOPMYAR, aroma, MC, MEKONG
HOT LINE - 09768616322, 09421005888, 09775468870, 0943051717

MIHARA Travels & Tours
3 to 45 CAR RENTAL SERVICES
မြဝတီ-မဲဆောက် ပေလီကမ်းခြေ အပတ်စဉ်
Ph: 095009552, 095025400
09450051557, 09420773444

ရွှေကမ္ဘာ
အိမ်ပြောင်း/ အိမ်ရွှေ့လုပ်ငန်း
14' ကားများဖြင့် လုပ်သားအပါတာဝန်ယူဆောင်ရွက်ပေးသည်။ (မြို့တွင်း/နယ်ခေး)
Ph : 09-5097001
09-49259491
09-421177464

တက်လူ
အိမ်ပြောင်း/ အိမ်ရွှေ့
ဈေးနှုန်းချိုသာစွာဖြင့် မြို့တွင်း/ နယ်ဝေး အကောင်းဆုံး ဝန်ဆောင်မှုပေးသည်
09 261111549
09 257962225

GW 0973226006 0973133528 0973077569
အိမ်ပြောင်း၊ အိမ်ရွှေ့ ဝန်ဆောင်မှုလုပ်ငန်း
ကားများနှင့် လုပ်သားအပါ ဝန်ဆောင်မှုပေးသည်။ နယ် အိမ်ပြောင်း ကားငှားနိုင်သည်။
09401505559

## Summer Cooling Electric Fair
Sein Gay Har

- နွေရာသီသုံး ပန်ကာ
- Air Cooler
- Water Cooler


များကိုအထူးလျှော့ဈေးဖြင့် ရောင်းချပေးမည့်ပွဲ




32"LED TVကို 50% Off ဖြင့်ဝယ်ယူနိုင်မည့်အခွင့်အရေး
(ကျပ်ငါးသိန်းဖိုးဝယ်ယူသည့်ပထမဆုံးသုံးဦးသာ)

Date March 24 to 31
စိန်ဂေဟာ(ပြည်လမ်း) အမှတ် ၄၄၊ ပြည်လမ်း၊ ဒဂုံမြို့နယ်။

Terms and Conditions Applied ! ကျပ် 30000 ဖိုးဝယ်ယူပြီး ကား 4 စီးကံစမ်းနိုင်မည့်Lucky Draw အစီအစဉ်လည်းရှိသေးတယ်နော် 01 - 395140,395260




Mega Ace
ပွဲချိန် - 10 : 00 AM
12 : 30 PM
3 : 30 PM
6 : 30 PM
9 : 30 PM

17.3.2017 ရက်နေ့မှစ၍ Mega Ace Cineplex ရုပ်ရှင်ရုံများတွင် ရုံတင်ပြသတော့မည့်ဇာတ်ကားများ

SAN STAR
Engineering Group (Sale & Service Centre)
Air-Con ၊ ရေခဲသေတ္တာ၊ အဝတ်လျှော်စက်များကို အာမခံဖြင့် တပ်ဆင်ခြင်း၊ ပြုပြင်ခြင်း၊ ဆေးကြောသန့်စင်ခြင်းတို့ကို အိမ်အရောက် ဝန်ဆောင်မှု ပေးနေပါသည်။ Air-Con Split Type Brand New (၃)နှစ် အာမခံတပ်ဆင်ပြီး ဈေးနှုန်း 1HP-260000 Ks, 1.5 Hp-320000 Ks Air-Con Brand အမျိုးမျိုးကိုလည်း ကုမ္ပဏီရောင်းဈေးအတိုင်း ရောင်းချပေးနေပါသည်။ အသုံးမလိုသော အဟောင်းအပျက်များကိုလည်း ဈေးကောင်းပေးဝယ်သည်။
09-421155438, 09-420253150, 09-31552030

နေပြည်တော်
ကားမောင်း(အတတ်သင်)သင်တန်း
ပ-(154) ၊ မြို့မဈေး ၊ ပွဲရုံတန်း ၊ နေပြည်တော်
Ph:067-421755 ,09-73011078 ,09-73041277
ခေတ်မီကားမျိုးစုံဖြင့်Manual & Auto နှစ်မျိုးစလုံးသင်ကြားပေးပါသည်။

**Designer Maw**
နှစ်သစ်ကူးပညာဒါန အမှတ်စဉ်(၈)၊ စင်တီမီတာနည်းဖြင့် သင်ကြားပေးမည်။
သင်တန်းကြေး-၅၀၀၀၀ကျပ်၊ လူဦးရေကန့်သတ်ထားပါသည်။
အေးရိပ်မွန် ၉လမ်း၊ လှိုင်မြို့နယ်။
ဖုန်း-၀၉-၄၂၀၂၂၉၄၅၊ ၀၉-၇၇၃၇၅၉၀၁၊ ၀၉-၃၂၀၂၆၂၉၀

အိမ်အမြန်ရောင်းမည်။ (ဈေးညှိနိုင်းပေးမည်)
ဖုန်း- 09795627570-71
မြောက်ဒဂုံ(၃၄)ရပ်ကွက်၊ RC ၂ထပ်၊ MB ၄ခန်း၊ Aircon ပါ၊ ရေမှုရေအား၊ ပါကေဝင်း၊ ပြင်ဆင်ပြီး၊ မြေအပိုပါ။

အရည်သွေး မြဝတီ အရည်သွေး
ဒဂုံမြို့သစ်
အရှေ့ပိုင်း/ မြောက်ပိုင်း
တောင်ပိုင်း၊ ဆိပ်ကမ်း
မြေကွက်များကို
ဈေးကောင်း ပေးဝယ်သည်။
Ph : 09 451126703
09 780985495

STANDARD
Engineering Group
Air-Con၊ ရေခဲသေတ္တာ၊ အဝတ်လျှော်စက်
တပ်ဆင်ခြင်း၊ ပြုပြင်ခြင်း၊ ဆေးကြောသန့်စင်ခြင်းတို့ကို အာမခံဖြင့် အိမ်အရောက် ဝန်ဆောင်မှုပေးနေပါသည်။
Air-Con Split Type Brand New (၃)နှစ် အာမခံတပ်ဆင်ပြီး ဈေးနှုန်း 1HP~260000 Ks, 1.5 Hp~320000 Ks Air-Con Brand မျိုးစုံကိုလည်းကုမ္ပဏီရောင်းဈေးအတိုင်းရောင်းချပေးနေပါသည်။ အဟောင်း-အပျက်များကိုလည်း ဈေးကောင်းပေးဝယ်သည်။
09-5416569,09-5188804,09-73242376

## အေးငြိမ်းသုခရိပ်သာ

### ဝိပဿနာ (၇)ရက်တရားစခန်းပွဲ ဖိတ်ကြားလွှာ

လယ်တီမူ အနာဂါမ်ဆရာသက်ကြီးနည်းဖြင့် အေးငြိမ်းသုခရိပ်သာ၌ ဆရာမဒေါ်အေးမင်းချို ဦးဆောင်၍ ဝိပဿနာ(၇)ရက်တရားစခန်းပွဲကို ၁၁-၄-၂၀၁၇ရက်မှ ၁၉-၄-၂၀၁၇ရက် နံနက်အထိ ကျင်းပပြုလုပ်ပါမည်။

တရားစခန်းဝင်လိုသော ယောဂီများ ၁၁-၄-၂၀၁၇ရက်၊ ညနေ၃နာရီတွင် အေးငြိမ်းသုခရိပ်သာ၊ အမှတ်(၃)လမ်းမကြီးအနီး၊ အမှတ်(၁၁၃)၊ ကျွန်းရွှေဝါလမ်း၊ ရွှေနံ့သာ၊ ဘားလမ်း၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့ တရားစခန်းသို့ အရောက်လာရပါမည်။

ဆက်သွယ်ရန် ဖုန်း-၀၉-၄၃၁၃၄၁၅၈၊ ၀၉-၃၁၇၁၁၇၂၃၊ ၀၉-၅၀၅၅၆၅၅၊ ၀၉-၄၅၀၀၀၀၁၅၉၊ ၀၉-၂၅၁၁၆၇၆၉၆၊ ၀၉-၇၉၁၇၀၀၇၈၄

**အကျိုးတော်ဆောင်အဖွဲ့**

## ဓမ္မာစရိယစာသင်သား သီလရှင်များကို ဖိတ်ခေါ်ခြင်း

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ မြကန်သာကျောင်းလမ်း၊ လင်းမနောဟရ သီလရှင်စာသင်တိုက်တွင် (၁၃၇၉ခုနှစ်၊ ကဆုန်လဆန်း ၉ ရက်) ၄-၅-၂၀၁၇ ရက်မှစ၍ စာပေကျွမ်းကျင်ဆရာတော်များက ဓမ္မာစရိယကျမ်းရင်းသုံးကျမ်းကို ပို့ချပါမည်။

သို့ဖြစ်ပါ၍ စာသင်ကြားလိုသော သီလရှင် (ဆရာလေးသိက္ခာရှင်) များကို (၁၃၇၉ခုနှစ်၊ ကဆုန်လဆန်း ၁ရက်)၂၆-၄-၂၀၁၇ ရက်မှစ၍ လက်ခံပါမည်။

စာပေသင်ကြားစဉ် ဆွမ်းဆန်မရပ်ရဘဲ စားစရာ၊ နေစရာပြည့်စုံစွာ စီစဉ်ပေးပါမည်။

ဦးရေကန့်သတ်ချက်ကြောင့် ဆောလျင်စွာ လျှောက်ထားနိုင်ပါပြီ။

ဆရာကြီး ဒေါ်အညေသီ ဖုန်း-၀၉-၅၁၉၃၈၈၆
ဆရာကြီး ဒေါ်ပညာစာရီ ဖုန်း-၀၉-၄၂၁၁၈၆၉၈

## နိုင်ငံပိုင်မြေနှင့်အဆောက်အဦများအား ရောင်းချရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင် လက်ဝယ်ရှိ မြေနှင့်အဆောက်အဦနှင့် မြေကွက်(၁၇)ခုကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချမည်ဖြစ်ပါသည်။

၂။ ဝယ်ယူလိုသောLot Noတစ်ခုချင်းအလိုက် သီးခြားအဆိုပြုလွှာ တစ်စောင်စီ တင်သွင်းရမည်၊ သတ်မှတ်စပေါ်ငွေ P.O Cheque(Payment Order Cheque)အား တင်ဒါတင်သွင်းလွှာနှင့်အတူ ပူးတွဲတင်ပြရမည်။

၃။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၀-၃-၂၀၁၇ရက်မှ ၁၁-၄-၂၀၁၇ရက်အထိ

**နေရာ** - ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်ရုံး(စီမံကိန်းစိစစ်ရေးနှင့်တိုးတက်မှုအစီရင်ခံရေးဦးစီးဌာန၊ ရုံးအမှတ်(၃၂)၊ နေပြည်တော်) စပေါ်ငွေတင်သွင်းရမည့်တန်ဖိုးကို အဆိုပြုလွှာဝယ်ယူသည့်နေရာတွင် ကြော်ငြာထားပါမည်။

၄။ **တင်ဒါတင်သွင်းရမည့်အစီအစဉ်**

P.O Chequeတင်ပြရမည့်ရက် - ၂၄-၄-၂၀၁၇၊ ၂၅-၄-၂၀၁၇၊ ၂၆-၄-၂၀၁၇

တင်ဒါတင်သွင်းရမည့်ရက် - ၂၇-၄-၂၀၁၇၊ ၂၈-၄-၂၀၁၇
- Lot No(၁)မှ (၉)အထိကို ၂၇-၄-၂၀၁၇ရက်နေ့တွင် နံနက် (၁၀)နာရီမှစ၍ အစဉ်လိုက် လက်ခံပါမည်။
- Lot No(၁၀)မှ (၁၇)အထိကို ၂၈-၄-၂၀၁၇ရက်နေ့တွင် နံနက် (၁၀)နာရီမှစ၍ အစဉ်လိုက် လက်ခံပါမည်။

နေရာ - ရုံးအမှတ်(၃၂)၊ နေပြည်တော်

၅။ ဝယ်ယူလိုသည့် မြေနှင့်အဆောက်အဦနှင့် မြေကွက်တို့အား ကြော်ငြာသည့်နေ့မှစ၍ သွားရောက်ကြည့်ရှုနိုင်ပါသည်။ ဝယ်ယူရန်အဆိုပြုလွှာ တင်သွင်းသည့်အချိန်တွင် ဝယ်ယူမည့် မြေနှင့်အဆောက်အဦအား ကြည့်ရှုစစ်ဆေးပြီးဖြစ်ကြောင်း ဝန်ခံချက်ဖြင့် ပူးတွဲတင်ပြရပါမည်။

၆။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်၊ တယ်လီဖုန်းအမှတ်၊ ၀၆၇-၄၀၆၃၃၉သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။ ဝန်ကြီးဌာန website http://www.mopf.gov.mmတွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

| စဉ် | | လုပ်ငန်းအမည် | မြေဧရိယာ (ဧက) |
|---|---|---|---|
| ၁ | | ၂ | ၃ |
| ၁ | | **လုပ်ငန်း(၃)ခု**<br>**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန(၃)ခု** | |
| | ၁ | ရှမ်းပြည်နယ်၊ ရွှေညောင်မြို့၊ ဘူတာရုံအနီး၊ သုခချမ်းသာ(၂)ရပ်ကွက်၊ ဘူတာရုံလမ်း၊ စက်သုံးဆီအရောင်းဆိုင်အမှတ်(၀၇၀၁)ဆိုင်ဟောင်း၏ မြေနေရာနှင့်ဆိုင်အဆောက်အဦ(၁)လုံး | ၀. ၀၉၀ |
| | ၂ | စစ်ကိုင်းတိုင်းဒေသကြီး၊ ဝန်းသိုမြို့နယ် စစ်ကဲကြီးရပ်ကွက်၊ စက်သုံးဆီအရောင်းဆိုင် အမှတ်(၀၆၆၇)ဆိုင်ဟောင်း၏ မြေနေရာနှင့် ဂိုဒေါင်(၁)လုံး | ၀. ၀၄၇ |
| | ၃ | စစ်ကိုင်းတိုင်းဒေသကြီး၊ ဝန်းသိုမြို့နယ်၊ စော်ဘွားကြီးရပ်ကွက်၊ စက်သုံးဆီအရောင်းဆိုင် အမှတ်(၀၆၆၇)ဆိုင်ဟောင်း၏မြေနေရာနှင့် ဆိုင်အဆောက်အဦ(၁)လုံး | ၀. ၁၉၅ |
| ၁ | | **မြေနှင့်အဆောက်အဦ၊ မြေကွက်(၁၄)ခု**<br>**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန(၆)ခု** | |
| | ၁ | ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ်၊ ကင်းမော်ကျေးရွာရှိမြေ (၂. ၇၀)ဧကနှင့် သိုလှောင်ရုံ(၆)လုံး(မြေ-၃၁၊ ၃၂၊ ၃၃) (မြေပ-၁၃၊ ၁၄)(စည့်-၃၂)(မြေနှင့်အဆောက်အဦ) | ၂. ၇၀ |
| | ၂ | ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ်၊ ကင်းမော်ကျေးရွာရှိမြေ (၀. ၇၃)ဧကနှင့် သိုလှောင်ရုံ(၂)လုံး(မြေသစ်-၁၊ ၂)(မြေနှင့်အဆောက်အဦ) | ၂. ၇၀ |
| | ၃ | စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့၊ ညောင်ပင်သာရပ်၊ မြို့မဈေးအရှေ့ဘက်ရှိမြေ(၀. ၆၇၆)ဧကနှင့်မြေ(က-၂)၊ မြေ(က-၅) သိုလှောင်ရုံ(၂)လုံး(မြေနှင့်အဆောက်အဦ) | ၀. ၆၇၆ |
| | ၄ | စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးခရိုင်၊ ကလေးဝမြို့၊ အမှတ်(၁)ရပ်ကွက်ရှိမြေ(၁. ၂၁၃)ဧကနှင့် သိုလှောင်ရုံ(၂)လုံး(မြေ က-၁ နှင့်စည့်-၇)(မြေနှင့်အဆောက်အဦ) | ၁. ၂၁၃ |
| | ၅ | မန္တလေးတိုင်းဒေသကြီး၊ မိုးကုတ်မြို့နယ်၊ ရှောလီဝိုင်းရပ်ကွက်၊ မြေကွက်အမှတ်(၆)၊ ကွင်းအမှတ်(၁၃) ဆပ်အုံကုံးအနောက်အရပ်မြေ(၀. ၅၁၄)ဧကနှင့် သိုလှောင်ရုံ(၁)လုံး (မြေ-၁)၊ ဒေသတာဝန်ခံရုံး(၁)ရုံး(မြေနှင့်အဆောက်အဦ) | ၀. ၅၁၄ |
| | ၆ | ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ဖောင်ကြီးကျေးရွာရှိမြေ(၀. ၉၁)ဧကနှင့် ဒိုင်ရုံးခန်း အဆောက်အဦ(၁)လုံး (မြေနှင့်အဆောက်အဦ) | ၀. ၉၁ |
| ၂ | | **ပြည်ထဲရေးဝန်ကြီးဌာန(၇)ခု** | |
| | ၇ | ရှမ်းပြည်နယ်၊ တာချီလိတ်မြို့၊ ဆန်ဆိုင်း(က)ရပ်ကွက်၊ ခွာညိုလမ်း အမှတ် ၅/၂၃(က)၊ မြေ(၀. ၀၆၀)ဧကရှိ မြေကွက်(၁)ကွက်နှင့် ယင်းမြေပေါ်ရှိအဆောက်အဦ(၂)လုံး | ၀. ၀၆၀ |
| | ၈ | ရှမ်းပြည်နယ်၊ တာချီလိတ်မြို့၊ ဆန်ဆိုင်း(က)ရပ်ကွက်၊ ခတ္တာလမ်း အမှတ် ၄/၈၇၊မြေ(၀. ၀၈၈)ဧကရှိမြေကွက်(၁)ကွက်နှင့် ယင်းမြေပေါ်ရှိအဆောက်အဦ(၃)လုံး | ၀. ၀၈၈ |
| | ၉ | ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၂)ရပ်ကွက်၊ ကမ္ဘာအေးဘုရားလမ်း၊ အမှတ်(၁၁)ရှိမြေနှင့်အဆောက်အဦ-(၅၀'×၅၀')ကားဂိုဒေါင်တွဲလျက် RC(၂)ထပ်တိုက်(၁)လုံး | ၀. ၂၅၇ |
| | ၁၀ | ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ အနောက်ရွှေဂုံတိုင်ရပ်ကွက်၊ ရွှေဂုံတိုင်(၂)လမ်း၊ အမှတ်(၉)ရှိ မြေနှင့်အဆောက်အဦ RC(၁)ထပ်တိုက်နှင့် အလုပ်သမားတန်လျားနံကပ်(၂)ထပ်တိုက်(၁)လုံး | ၀. ၂၅၈ |
| | ၁၁ | မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(ဘဘ-၄/၁၁)၊မြေကွက် | ၀. ၀၅၅၁ (၄၀'×၆၀') |
| | ၁၂ | မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ်(ဇဇ-၂၉/၃၄)၊ မြေကွက် | ၀. ၀၅၅၁ (၄၀'×၆၀') |
| | ၁၃ | မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ်(ဇဇ-၂၀/၈၅)၊ မြေကွက် | ၀. ၀၅၅၁ (၄၀'×၆၀') |
| | | **သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန(၁)ခု** | |
| | ၁၄ | ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြားလမ်း၊ အမှတ်(၆၂-က)ရှိမြေနှင့်အဆောက်အဦ | ၀. ၆၀၂ |

## စက်မှုသိပ္ပံ(အင်းစိန်)

## ပထမအကြိမ် အာစရိယပူဇော်ပွဲ

စက်မှုသိပ္ပံ(အင်းစိန်)တွင် ပညာသင်ကြားခဲ့သော ကျောင်းသား၊ ကျောင်းသူဟောင်းများက ဆရာကြီး၊ ဆရာမကြီးများအား ပူဇော်ကန်တော့မည်ဖြစ်ပါ၍ စက်မှုသိပ္ပံ(အင်းစိန်) ကျောင်းသားဟောင်းများအသင်းမှ ကြီးမှူးကျင်းပသော စက်မှုသိပ္ပံ(အင်းစိန်) ပထမအကြိမ်အာစရိယပူဇော်ပွဲကို ၉-၄-၂၀၁၇ရက် နံနက်၉နာရီ၊ စက်မှုသိပ္ပံ(အင်းစိန်)ကျောင်းဝင်းတွင် ကျင်းပပါမည်။

ဆရာကြီး/ဆရာမကြီးများနှင့် ကျောင်းသား၊ ကျောင်းသူများအားလုံး ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ပေးပါရန်။

**ဖြစ်မြောက်ရေးကော်မတီ**
**စက်မှုသိပ္ပံ(အင်းစိန်)ကျောင်းသားဟောင်းများအသင်း**
**Ph:09-451141410,09-977009937**

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
### စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ငွေတိုက်ဦးစီးဌာန
### ရုံးအမှတ်(၃၄)၊ နေပြည်တော်

**စိစစ်ရေးမှူး-၂ ရာထူးလူတွေ့စစ်ဆေးခြင်းဖြေဆိုရန် အကြောင်းကြားခြင်း**

၁။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ငွေတိုက်ဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော စိစစ်ရေးမှူး-၂ (လစာနှုန်းကျပ် ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) ရာထူးနေရာများအတွက် ရေးဖြေစာမေးပွဲကို ၂၂-၁၀-၂၀၁၆ ရက် (စနေနေ့)တွင် ကျင်းပခဲ့ပြီးဖြစ်ပါသည်။

၂။ အဆိုပါ ရေးဖြေစာမေးပွဲ ဝင်ရောက်ဖြေဆိုသူများအနက် လူတွေ့စစ်ဆေးခြင်း ဝင်ရောက်ဖြေဆိုရန် ရွေးချယ်ခံရသူများအား လူတွေ့စစ်ဆေးခြင်းကို ၄-၄-၂၀၁၇ရက် (အင်္ဂါနေ့) နံနက် ၁၀:၀၀ နာရီတွင် စတင်ကျင်းပမည်ဖြစ်ပါသဖြင့် ဤဦးစီးဌာနတည်ရှိရာ ရုံးအမှတ်(၃၄)၊ နေပြည်တော်သို့ မပျက်မကွက် လာရောက်ဖြေဆိုရန် အကြောင်းကြားအပ်ပါသည်။

၃။ လူတွေ့စစ်ဆေးခြင်း လာရောက်ဖြေဆိုရန် ရွေးချယ်ခြင်းခံရသည့် ခုံအမှတ်များမှာ အောက်ပါအတိုင်းဖြစ်ပြီး စုံစမ်းမေးမြန်းနိုင်သည့် တယ်လီဖုန်းအမှတ်မှာ ၀၆၇-၄၁၀၀၁၆၁၊ ၀၆၇-၄၁၀၀၁၆၂ တို့ ဖြစ်ပါသည်။

| **စိစစ်ရေးမှူး-၂ရာထူး လူတွေ့စစ်ဆေးခြင်း လာရောက်ဖြေဆိုရန် ရွေးချယ်ခံရသည့် ခုံအမှတ်များ** | | | | |
|---|---|---|---|---|
| ငွေတိုက်-၂၃ | ငွေတိုက်-၂၅ | ငွေတိုက်-၅၃ | ငွေတိုက်-၅၇ | ငွေတိုက်-၁၄၅ |
| ငွေတိုက်-၁၇၁ | ငွေတိုက်-၁၇၂ | ငွေတိုက်-၂၉၇ | ငွေတိုက်-၃၃၃ | ငွေတိုက်-၃၄၁ |
| ငွေတိုက်-၃၄၉ | ငွေတိုက်-၃၅၄ | ငွေတိုက်-၃၇၁ | ငွေတိုက်-၃၇၂ | ငွေတိုက်-၃၇၆ |
| ငွေတိုက်-၄၀၂ | ငွေတိုက်-၄၂၀ | ငွေတိုက်-၄၂၁ | ငွေတိုက်-၄၃၈ | ငွေတိုက်-၄၄၁ |
| ငွေတိုက်-၄၄၂ | ငွေတိုက်-၄၄၃ | ငွေတိုက်-၄၅၈ | ငွေတိုက်-၄၆၅ | ငွေတိုက်-၄၇၄ |
| ငွေတိုက်-၄၈၇ | ငွေတိုက်-၄၈၉ | ငွေတိုက်-၄၉၆ | ငွေတိုက်-၅၁၅ | ငွေတိုက်-၅၆၃ |
| ငွေတိုက်-၅၇၄ | | | | |

**ငွေတိုက်ဦးစီးဌာန**
**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန**
**နေပြည်တော်**

## စက်မှုဝန်ကြီးဌာန

### အိတ်ဖွင့်လေလံခေါ်ယူခြင်း

၁။ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း၊ အမှတ်(၁)သံမဏိစက်ရုံ(မြင်းခြံ)တွင် ယာဉ်အို/ယာဉ်ဟောင်းများ အပ်နှံရာမှ ထွက်ရှိလာသည့် အင်ဂျင် အပျက်များ Assorted Type (Used Engine) (Mixed Material)များကို **နိုင်ငံခြားငွေ (USD)/မြန်မာကျပ်ငွေဖြင့်** ရောင်းချဆောင်ရွက်လိုပါသည်။

၂။ လေလံပုံစံစတင်ထုတ်ယူနိုင်မည့်ရက် - ၂၀-၃-၂၀၁၇ရက်(တနင်္လာနေ့)
လေလံပိတ်မည့်ရက်နှင့်အချိန် - ၆-၄-၂၀၁၇ရက်၊ ၁၆:၀၀နာရီ

၃။ အိတ်ဖွင့်လေလံပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်ထုတ်ယူနိုင်ပါသည်-

**နည်းပညာဖွံ့ဖြိုးရေးဌာန**
**အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း**
**ရုံးအမှတ်(၃၀)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၀၅၀၆၀၊ ၀၆၇-၄၀၅၁၃၉**

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန

### လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန

### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ ဓာတ်အားစနစ်ဌာနမှ ပင်မဓာတ်အားခွဲရုံကြီးများတွင် အသုံးပြုရန်အတွက် လိုအပ်သော 245kV, 145kV, 72.5kV& 36kV Switch gear & Accessories များကို (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်-

တင်ဒါပုံစံရောင်းချမည့်ရက် - ၂၃-၃-၂၀၁၇ရက်
တင်ဒါပိတ်မည့်ရက် - ၂၅-၄-၂၀၁၇ ရက်
တင်ဒါပိတ်မည့်အချိန် - ၁၄:၀၀ နာရီ

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**
**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန**
**ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ်(၂၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၀၆၇-၄၁၀၂၈၂**

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာချက်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၉၊ မြေကွက်အမှတ်(၄၆၁)၊ ဧရိယာပေ(၄၁×၆၀)မြေကွက်နှင့် မြေပေါ်ရှိ နှစ်ထပ်တိုက်အဆောက်အအုံ၏ အကျိုးခံစားခွင့်အရပ်ရပ်ကို မြေကွက်အမည်ပေါက် ပိုင်ရှင်ဦးတင်အောင်(AB-040759) (ဒေါ်ခင်ရွှေ AB-040893ကွယ်လွန်)၏ အထွေထွေကိုယ်စားလှယ်လွှဲစာရရှိထားသူ ဦးဇွဲထွန်း[၁၂/ဗဟန(နိုင်)၀၄၁၀၃၀]ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ ဤအရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ထိုရက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-ဒေါ်မိုးမိုးခိုင်(စဉ်-၄၈၂၆)**
**တရားလွှတ်တော်ရှေ့နေ**
**LL.B,DBL,DML.MA(Business Law)**
**Ph:09-43065009, 09-967799677**

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန

### လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန

### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ ဓာတ်အားစနစ်ဌာနမှ အောက်ဖော်ပြပါ Power Transformer များကို (နိုင်ငံခြားငွေ)ဖြင့် ဝယ်ယူလိုပါသည်-

(က) လှိုင်သာယာဓာတ်အားခွဲရုံအတွက် 230/33/11kV,(155) MVA Three Phase Power Transformer (2)Nos

(ခ) ဘဲလင်း/အောင်ပင်လယ် ဓာတ်အားခွဲရုံအတွက် 230/132/11kV,(100)MVA Three Phase Power Transformer (1)No

(ဂ) အောင်ချမ်းသာနှင့် ငှက်ပျောဒိုင်း ဓာတ်အားခွဲရုံအတွက် 132/33/11kV,(50)MVA Three Phase Power Transformer (4)Nos

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်-

တင်ဒါပုံစံရောင်းချမည့်ရက် -၂၃-၃-၂၀၁၇ရက်
တင်ဒါပိတ်မည့်ရက် -၂၅-၄-၂၀၁၇ရက်
တင်ဒါပိတ်မည့်အချိန် - ၁၄:၀၀နာရီ

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**
**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန**
**ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ်(၂၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၀၆၇-၄၁၀၂၈၂**

